

မိုးကျော်သူ
ဒုတိယအကြိမ်
လွမ်းငွေ့ဝေဖြာ သိုင်းကမ္ဘာ
စာစဉ် ၁၄
ဇာတ်သိမ်း

## ဆံရှည်မယ်တော်

တန့်ကျင်းမင်သည် ပါထင်းစုနှင့်ကျူတန်းစင်တို့အား တန့်ဥ ထံသို့စေလွှတ်လိုက်ပြီးနောက် ဘုရင်ဖြစ်သူ 'တန့်ကျင်းဟု'ထံမှအမိန့် တော်ကိုလက်ခံရရှိခဲ့လေသည်။

ဘုရင်မင်းမြတ်၏အမိန့်တော်တွင်-

ဘုရင်မင်းမြတ်က သာသနာ့ဘောင်သို့ဝင်ရောက်၍ တရားအားထုတ်လိုပါသဖြင့် သူ့အားအမြန်ဆုံးနန်းတက်ရန် တာလီ မြည်သို့ ချက်ချင်းပြန်လာရန်ပါရှိလေသည်။

တန့်ကျင်းမင်သည် ဘုရင်မဖြစ်လိုပါ-

သို့သော် ငြင်းပယ်၍မရမှန်းသိထားသဖြင့် ကျင်းဟုန်မြိုင် နှင့်ဝမ်စိမ်းကျိုအားခေါ်ဆောင်ပြီး တာလီပြည်သို့ပြန်ခဲ့ကြလေသည်။

လမ်းခရီးတွင်-

ထင်းစန်းတောင်မှ အမျိုးသမီးတစ်ဖွဲ့၏သတိပေးချက်အရ သူတို့သည် လမ်းခရီးပြောင်းလဲလိုက်သည်။

သို့သော် သူတို့သည် 'ဒေါင်းဖိုဒေါင်းမ' မြို့ကလေးသို့ ရောက်ရှိလာသောအခါ-

မမျှော်လင့်ဘဲ-

သီဟမင်းသားနှင့်တွေ့ဆုံပြီး တိုက်ခိုက်ကြလေသည်။

တန့်ကျင်းမင်နှင့်ပါလာသောကိုယ်ရံတော်များသည် အထက်ဖော်ပြပါသုံးယောက်မှလွဲ၍ အားလုံးကျဆုံးကြကုန်လေသည်။

သီဟမင်းသားသည် သူတို့အားဖမ်းဆီး၍အပြန်-

ယခုကဲ့သို့-

သခင်မကြီးဝမ်း(ဝါ) အာလုနှင့်လာရောက်တွေ့ဆုံရခြင်း ဖြစ်လေသည်။

မုယုံဟုသည်-

တန့်ကျင်းမင်တို့လူစုအား အမိအရဖမ်းဆီးထားနိုင်သည့် အပြင်-

မိမိ၏ရန်သူဖြစ်သော တန့်ဉကိုပါ ဖမ်းဆီးထားနိုင်သည့်အတွက် ဝမ်းသာအူမြူးလျက်ရှိနေ၏။

သူသည် တင်းပိချွန်းနှင့်ကုန်းတိကန်းတို့ ၄-ယောက်အား မြဲဝင်း၏အပြင်ဘက်၌ စောင့်ကြပ်ရန် တာဝန်ပေးထားလိုက်လေသည်။

အခန်းထဲတွင် သခင်မကြီးဝမ်းသည် မျက်တောင်မခတ်ဘဲ တန့်ကျင်းမင်နှင့်ပါလာသော-

အမျိုးသမီး ၄-ယောက်တို့အား စိုက်ကြည့်နေ၏။



ယင်းအမျိုးသမီး ၄-ယောက်တို့သည် တစ်ယောက်တစ်မျိုး စီလှနေသည်ကိုတွေ့လိုက်ရလေသည်။

တစ်ဘက်ခန်း၌ တန့်ဉသည် မိမိ၏ဖခင်နှင့်မိခင်တို့ ရောက်ရှိလာသည်ကို ကြားသိလိုက်ရသောအခါ ဝမ်းသာဝမ်းနည်း ဖြစ်နေ၏။

သူသည် ဖြစ်ပေါ်လာမည့်အခြေအနေများကို သတိကြီးစွာ ဖြင့်**အကဲခတ်နားစွင့်**နေလေသည်။

**ထိုစဉ် သီဟမင်းသား**၏စကားကိုကြားလိုက်ရလေသည်။

“**သခင်မကြီး**- ကျုပ်ကိစ္စပြီးရင် တန့်ကျင်းမင်ကို ခင်ဗျား **လက်ထဲအပ်ဖို့ ကျုပ်**ကတိပေးပါတယ်၊ အခု ကျုပ် တန့်ဉကို တွေ့ချင် တယ်၊ တန့်ဉဘယ်မှာလဲ”

သခင်မကြီးဝမ်းက လက်ခုပ်တစ်ချက်တီးလိုက်ရာ အိမ် ဖော်အမျိုးသမီးနှစ်ယောက် အခန်းထဲသို့ဝင်ရောက်လာသည်။

သခင်မကြီးဝမ်းက-

“မင်းတို့ ဟိုအကောင်ကိုသွားခေါ်ခဲ့”

အိမ်ဖော်အမျိုးသမီးနှစ်ယောက်သည် ဦးညွှတ်၍အခန်း ထဲမှ ပြန်လည်ထွက်သွားလေသည်။

မကြာပါချေ-

**အိမ်ဖော်**အမျိုးသမီး ၄-ယောက်တို့သည် တန့်ဉအား မ,ချီ **၍ အခန်း**ထဲသို့ဝင်ရောက်လာလေသည်။

မြို့စားကတော်သည် တန့်ဉအားတွေ့မြင်လိုက်ရသည်နှင့်-

“ဟင်- သား”

သူမသည် ယင်းသို့ထိတ်လန့်စွာခေါ်လိုက်ပြီး တန်ဥထဲသို့ ပြေးသွားမည်ပြုရာ သခင်မကြီးဝမ်းက သူမအားဟန့်တားထားလိုက်သည်။

"ငြိမ်ငြိမ်နေကြစမ်း"

မြို့စားကြီးကတော်သည် သွေးကြောပိတ်ခံထားရသဖြင့် ခွန်အားကုန်ခန်းသကဲ့သို့ဖြစ်နေ၍ သူမသည် ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်ရလေသည်။

"ရှင်- ရှင်က ကျွန်မသားကို ဘယ်လိုလုပ်ထားလိုက်တာလဲ"

မြို့စားကြီးကတော်က သူမအား လှည့်ပင်မကြည့်ပါ၊ သီဟမင်းသားဘက်သို့လှည့်လိုက်ပြီး ပြုံးပြလိုက်သည်။

"သူက မသေပါဘူး၊ ဒါပေမယ့် ဇမ့်ဆေးတွေမိနေလို့ အခုထိ သတိမရသေးလို့ပါ"

သီဟမင်းသား ခေါင်းညိတ်လိုက်သည်။

'အင်း- ကောင်းတယ်- ကောင်းတယ်'

တန့်ကျင်းမင်သည် မချိပြုံးပြုံးလိုက်သည်။

"အာလု- မင်းက ဘာဖြစ်လို့ ငါ့သားကို ဖမ်းဆီးထားရတာလဲကွယ်"

သခင်မကြီးဝမ်းက နှုတ်ခမ်းမဲ့လိုက်သည်။

မုယုံဟုက ကြားဖြတ်လိုက်သည်။

"ခင်ဗျားသားကို ဘာဖြစ်လို့ ဖမ်းထားတယ်ဆိုတာ ခင်ဗျား သိချင်လို့လား"

တန့်ကျင်းမင်က ခေါင်းညိတ်လိုက်သည်။



"ကဲ- ကျုပ်ပြောပြမယ်၊ သေသေချာချာနားထောင်"

သူသည် သခင်မကြီးဝမ်းအား တစ်ချက်ကြည့်လိုက်ပြီး-

"တန့်ဥဟာ ကျုပ်ညီမဝမ်းကွဲဝမ်းယို့ယန်ကိုခိုးယူပေါင်းသင်းနေပါတယ်ခင်ဗျာ"

ထိုစကားကြားလိုက်ရသောအခါ တန့်ကျင်းမင်နှင့် သခင်မကြီးဝမ်းတို့သည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဘာ- ဘယ်လို"

ဟု ပြိုင်တူမေးလိုက်လေသည်။

တန့်ကျင်းမင်၏မျက်နှာတစ်ခုလုံးသည် သွေးရောင်ပင်မရှိတော့ပါ။

သူသည် သခင်မကြီးဝမ်းကိုအသံတိုးတိုးဖြင့်-

"အာလု- ဝမ်းယို့ယန်ဆိုတာ. . ."

သခင်မကြီးဝမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်- သူကရှင့်သမီးပါ"

သူမသည် ပြောရင်းဝမ်းနည်းလာလေသည်။

"ရှင့်- ရှင့်ကြောင့် ကျွန်မဒုက္ခရောက်ရတယ်၊ အခု. . . ရှင့်သမီးလဲဒုက္ခရောက်ပြီရှင့်"

သူမသည် ပြောရင်းပြောရင်း . . .

မခံမရပ်နိုင်ကာ တန့်ဥထံသို့လျှောက်သွားပြီး ခြေထောက်ဖြင့် အဆက်မပြတ်ကန်ကြောက်လိုက်လေသည်။

"မင်း. . . မင်း တော်တော်မိုက်ရိုင်းတဲ့ အကောင်ပါလား၊ ကိုယ့်ညီမကိုတောင် ချမ်းသာမပေးပါလား၊ မင်းကို ငါသတ်ပစ်ရမှ

ကျေနပ်မယ်"

သူမသည် ယင်းသို့ကန့်ကြောက်ရင်း ဟစ်အော်ကြိမ်းမောင်းလေသည်။

မြို့စားကြီးကတော်နှင့် ကျင်းဟုန်မြိုင်တို့သည် သခင်မကြီးဝမ်း၏ပြောဆိုပုံများကိုကြားလိုက်ရသောအခါ. . .

တန့်ကျင်းမင်သည်. . .

သခင်မကြီးဝမ်းနှင့် တစ်ချိန်တုန်းက မေတ္တာမျှခဲ့ကြသည်ကို ရိပ်စားမိလိုက်လေသည်။

သို့သော်. . .

တောင်ပင်လယ်မိကျောင်းမှာမူ နားမလည်လိုက်ပါချေ။

မြေပေါ်၌လဲလျောင်းနေသောသူမှာ မိမိ၏ဆရာဖြစ်သူတန့်ဥဖြစ်နေသည်ကိုတွေ့ရှိရသဖြင့်. . .

သူသည်. . .

သခင်မကြီးဝမ်းအား ဟန့်တားလိုက်လေသည်။

"ဟေ့. . . သူကကျုပ်ဆရာဗျ၊ ခင်ဗျား ဘာဖြစ်လို့သူ့ကိုကန်နေရတာလဲ"

သီဟမင်းသားက မှဲ့ပြုံးပြုံးလိုက်သည်။

"အမှတ်စဉ်သုံး မဆိုင်တာဝင်မရှုပ်နဲ့၊ သူဟာ မင်းရဲ့ဆရာမဟုတ်ဘူး"

တောင်ပင်လယ်မိကျောင်းက ခေါင်းခါယမ်းလိုက်သည်။

"သူဟာ ကျုပ်ဆရာပဲဗျ၊ ဘာဖြစ်လို့မဟုတ်ရမှာလဲ"

သူသည် ပြောရင်း တန့်ဥအားချည်နှောင်ထားသောကြိုး



များကိုဖြေပေးရန် ဒူးထောက်လိုက်လေသည်။

သီဟမင်းသားက-

"အမှတ်စဉ်သုံး ငါပြောနေတာမကြားဘူးလား၊ ဒီကောင့်ကိုသတ်ပစ်လိုက်စမ်း"

တောင်ပင်လယ်မိကျောင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ ကျုပ်ခင်ဗျားရဲ့စကားကို မနာခံနိုင်တော့ဘူး၊ ကျုပ်ဆရာကို ကျုပ်ကယ်မှဖြစ်မယ်"

သူသည် ပြောရင်း တန့်ဥကိုယ်ပေါ်မှကြိုးများကို ဖြေပေးလိုက်လေ၏။

သီဟမင်းသား ထိတ်လန့်သွားသည်။

အကယ်၍. . .

တန့်ဥသာ လွတ်မြောက်သွားခဲ့လျှင်. . .

မိမိအနေဖြင့် အကြီးအကျယ်ဒုက္ခရောက်သွားနိုင်သည်ဟု တွေးမိလေသည်။

သူသည် လျှပ်တစ်ပြက်. . .

ဝါးလုံးဖြင့် တောင်ပင်လယ်မိကျောင်း၏ကျောပေါ်သို့ ထိုးသွင်းလိုက်လေသည်။

သူသည် အတွင်းအားဖြင့် ထိုးသွင်းလိုက်ခြင်းဖြစ်သောကြောင့် . . .

ဝါးလုံးသည် တောင်ပင်လယ်မိကျောင်း၏ကျောထဲသို့ စိုက်ဝင်သွားလေသည်။

တောင်ပင်လယ်မိကျောင်းမှာ ယခုကဲ့သို့ သီဟမင်းသားက ရက်စက်လိမ့်မည်ဟု မထင်မိသဖြင့် . . .

သူသည် မျက်လုံးပြူးကျယ်စွာဖြင့် သီဟမင်းသားအား လှည့်ကြည့်လိုက်လေသည်။

သီဟမင်းသားသည် မိမိလက်လွန်သွားသည်ကို တွေ့လိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

ထိုစဉ်မှာပင် . . .

တောင်ပင်လယ်မိကျောင်း၏ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲ ကျကာ သေဆုံးသွားလေသည်။

အားလုံးသောလူများသည် သီဟမင်းသားက မိမိ၏ဘက်တော်သားကိုပင် မညှာမတာ ရက်ရက်စက်စက်သတ်ပစ်လိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ အံ့ဩထိတ်လန့်ကုန်ကြလေသည်။

သီဟမင်းသားသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေသော ဗျိုင်းဖြူဘက်သို့လှည့်လိုက်သည်။

"ဟေ့. . . အမှတ်စဉ်လေး သူ့ကိုဆွဲထုတ်သွားစမ်း၊ ကျုပ်အမိန့်ကိုနားမထောင်ရင် အဲဒီအတိုင်းဖြစ်ရမယ်လို့မှတ်ထားကြ"

ဗျိုင်းဖြူသည် စကားတစ်ခွန်းမှမပြောဘဲ တောင်ပင်လယ်မိကျောင်း၏အလောင်းကို ဆွဲထုတ်သွားလေသည်။



အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေ၏။

အားလုံးသောလူများသည် ကြောင်အမ်းအမ်းဖြင့် မင်တက်မိနေကြလေသည်။

သီဟမင်းသားသည် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကိုဖီဆန်တဲ့လူအားလုံး သတ်ပစ်မယ်ဆိုတာ သိထားကြပါ"

သူသည် ယင်းသို့ပြောပြီးနောက် တန်ဦရှေ့သို့ တစ်လှမ်းချင်းလျှောက်သွား၏။

တန်ဦ၏တစ်ကိုယ်လုံး . . .

နွားသားရေကြိုးဖြင့် တုတ်နှောင်ခြင်းခံထားရသဖြင့် လုံးဝမလှုပ်ရှားနိုင်ပါ။

သူ၏ပါးစပ်မှာလည်း အဝတ်များဆို့ထားသဖြင့် အသံမထွက်နိုင်ပါ။

သို့သော်. . .

ပတ်ဝန်းကျင်မှပြောဆိုနေကြသော အသံများကိုမူ ကောင်းစွာကြားနိုင်လေသည်။

သူသည် တောင်ပင်လယ်မိကျောင်းက မိမိအားကယ်တင်ရန် ကြိုးစားမိသည့်အတွက် အသက်ဆုံးရှုံးသွားသည်ကို တွေ့မြင်သိရှိလိုက်ရ၏။

မိမိတစ်သက်တာတွင် ချစ်ခင်စုံမက်ခဲ့သောဝမ်းယို့ယန်မှာလည်း မိမိ၏အဖေတူမအေကွဲဖြစ်သည်ကို သိရှိလိုက်ရသဖြင့် သူသည် ဝမ်းနည်းကြေကွဲလာလေ၏။

စိတ်ပျက်လက်ပျက်လည်း ဖြစ်လာမိ၏။

သူ၏ဦးနှောက်တစ်ခုလုံးမှာလည်း ဟာလာဟင်းလင်း ဖြစ်လာလေ၏။

သူသည် ဝမ်းနည်းလွန်း၍. . .

သေရမည်ကိုမကြောက်သည့်အပြင်. . . .

မိမိအား အမြန်ဆုံးသတ်ပစ်ပါစေဟုပင် ကြိတ်ပြီး ဆုတောင်းနေမိတော့၏။

သီဟမင်းသားက သူ့ထံသို့လှမ်းလာနေသောခြေသံကိုကြားလိုက်ရသည်။

သူသည်. . .

အနည်းငယ်မျှ ကြောက်လန့်တုန်လှုပ်ခြင်းမရှိပါ။

အသက်သေဆုံးခြင်းမှာ သူ့အတွက်မထူးတော့ပါချေ။

သီဟမင်းသားသည် တန့်ဥအနီးသို့ရောက်ရှိလာသောအခါ ခြေလှမ်းတုံ့ခနဲရပ်သွား၏။

လက်ထဲမှဝါးလုံးဖြင့် တန့်ဥ၏ရင်ဝသို့ထိုးသွင်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်. . .

မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"ကောင်းကင်နဂါးကျောင်းတော်ရှေ့၊ ညောင်ပင်အောက်-ကယ်ပါတစ်ယောက်- ဆံရှည်မယ်တော်"

သီဟမင်းသားသည်. . .

ထိုစကားကိုကြားလိုက်ရသောအခါ ဝါးလုံးကိုင်ထားသော



လက်ချောင်းများ တုန်တုန်ယင်ယင်ဖြစ်လာ၏။

တန့်ဥ၏ရင်ဝသို့ထိုးသွင်းရန်ဟန်ပြင်နေသော ဝါးလုံးကိုလည်း တဖြည်းဖြည်းနှင့်ပြန်လည်ရုပ်သိမ်းလိုက်လေ၏။

အသံလာရာသို့ ဖြည်းညှင်းစွာလှမ်းကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် မြို့စားကြီးကတော်၏မျက်လုံးနှင့် အကြည့်ချင်းဆုံသွားသည်။

သီဟမင်းသား အကြီးအကျယ်တုန်လှုပ်သွား၏။

သူ၏အသံမှာလည်း တုန်တုန်ယင်ယင်ဖြစ်နေ၏။

"ဆံ- ဆံရှည်မယ်တော်"

မြို့စားကြီးကတော်က အသာအယာ ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် အသံတိုးတိုးဖြင့်-

"ရှင်. . . ရှင် ဒီကလေးဟာ ဘယ်သူလဲဆိုတာသိသလား"

သီဟမင်းသား၏ဦးနှောက်တစ်ခုလုံး 'အုံးခနဲ'ဖြစ်သွားလေတော့၏။ သူ၏မြင်ကွင်းမှာလည်း မပီမပြင်ဝိုးတဝါးဖြစ်လာလေ၏။

သူ၏စိတ်များသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ခန့်က လပြည့်ဝန်းညတစ်ညဆီသို့ လွင့်ပျံ့သွားလေတော့သည်။

လရောင်သည် ထိန်ထိန်သာနေ၏။

သီဟမင်းသား 'တန့်ယန်းခင်'သည် တောင်ပင်လယ်အရပ်မှ တာလိပြည်သို့ပြန်လာ၏။

ကောင်းကင်နဂါးကျောင်းအနီးသို့ ရောက်ရှိလာသော အခါ ရန်သူများနှင့်ရင်ဆိုင်တွေ့ဆုံမိသည်။

သူသည် ရှပ်ရှပ်ချွံချွံပြန်လည်တိုက်ခိုက်ခုခံသော်လည်း- အများနှင့်တစ်ယောက်ဖြစ်နေ၍-

ရန်သူများကနောက်ဆုတ်ထွက်ခွာသွားအခါ-

သူသည် ဒဏ်ရာပြင်းထန်စွာဖြင့် ထိုနေရာ၌လဲကျကျန်ရစ်ခဲ့လေသည်။ သူ၏ခြေနှစ်ဖက်ကျိုးသွားသည်။

မျက်နှာမှာလည်း ဓားခုတ်ခံခဲ့ရသောဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရသည်။

သူ၏လည်ပင်းတွင် ဓားဒဏ်ရာထိသွားသဖြင့် အသံထွက်၍မရတော့ချေ။

သူ ဒဏ်ရာဖြင့်လဲကျသောနေရာသည် ကောင်းကင်နဂါးကျောင်း၏အနီးပတ်ဝန်းကျင်တွင် ဖြစ်သည်။

ယင်းနေရာကား-- လူသူအရောက်အပေါက်နည်းလှလေသည်။ ထို့ကြောင့် သူသည် ကယ်တင်မည့်သူကိုမတွေ့ရဘဲ. . .

ထိုနေရာ၌သာလဲလျောင်းရင်းဖြင့် သေမင်းကိုသာစောင့်ကြိုနေရလေတော့သည်။

## အပြုံးရောင်မိန်းကလေး

အမှန်မှာ တန့်ယန်းခင်သည် တာလိပြည်မင်း၏သားတော်တစ်ပါးဖြစ်သည်။

သူ၏ခမည်းတော်ကွယ်လွန်သွားပြီးနောက် သူကသာ နန်းတက်ရမည်ဖြစ်၏။

သို့သော် သူ အချိန်မီရောက်မလာနိုင်သဖြင့် မင်းတိုင်ပင်မှူးမတ်များ၏အကြံပေးချက်အရ တန့်ကျင်းယုအား နန်းတက်၍မင်းလုပ်စေလေသည်။

တန့်ကျင်းယုသည် နန်းတက်နေသော်လည်း. . .

သီဟမင်းသား 'တန့်ယန်းခင်'အား. . .

လိုက်လံရှာဖွေသေးသည်။

သို့သော် သီဟမင်းသား၏သတင်းကို လုံးဝမရရှိခဲ့သဖြင့် တာလိပြည်ဘုရင်နေရာကို ဆက်လက်ထိန်းသိမ်းထားခဲ့ရလေသည်။

သီဟမင်းသားတန့်ယန်းခင်သည် ဖခင်ကွယ်လွန်သည့်သတင်းကိုကြားလိုက်ရသဖြင့်. . .

တာလီပြည်သို့အပြန်လမ်းခရီးတွင်. . .

ရန်သူနှင့်ရင်ဆိုင်တွေ့ဆုံခဲ့ပြီး ဒဏ်ရာပြင်းထန်စွာရကာ အသက်ဆုံးရှုံးလုဆဲဆဲတွင်. . .

မမျှော်လင့်ဘဲ. . .

ဆံပင်များ ပခုံးပေါ်ဝဲကျပြီး တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံခဲ့ရလေသည်။

ယင်းမိန်းကလေးသည်. . .

သီဟမင်းသားလဲကျနေသောနေရာသို့ ရောက်ရှိလာသော အခါ ဒဏ်ရာပြင်းထန်စွာရရှိနေသော သီဟမင်းသားအားတွေ့လိုက် ရသဖြင့် အံ့အားသင့်သွား၏။

သူမသည် မြေပေါ်လဲလျောင်းနေသောသီဟမင်းသားအား စိုက်ကြည့်နေ၏။

သီဟမင်းသားသည် မျက်လုံးဖွင့်ကြည့်လိုက်ရာ. . .

လရောင်အောက်တွင် မိန်းကလေးသည် အလွန်လှပပြီး နတ်မိမယ်တမျှသန့်ရှင်းစင်ကြယ်သည်ကို တွေ့မြင်လိုက်ရသဖြင့်-

ဤမိန်းကလေးသည် လူသားမဟုတ်ဘဲ နတ်သမီးများဖြစ် နေမည်လောဟုထင်မှားမိလေသည်။

သူသည် အသံတုန်တုန်ယင်ယင်ဖြင့်-

"အသင်နတ်သမီးရယ်- ကျွပ်ကို ဖေးမစောင့်ရှောက်ပါ၊



ကျွပ် တစ်နေ့ကြီးပွားလာတဲ့အခါမှာ သင့်အား ကျေးဇူးဆပ်ပြီး ကိုးကွယ်ပါ့မယ်"

ဟုဆုတောင်းလိုက်လေသည်။

မိန်းကလေးသည် သူ့အား မလှုပ်မယှက်နှင့် အတန်ကြာ အောင်ရပ်၍ကြည့်နေသည်။

ထို့နောက် သူမသည် သူ့အားပွေ့ထူပြုစုပြီး ခေါ်ဆောင် သွားလေ၏။

ဤနေရာသည်. . .

ထူထပ်သောတောအုပ်တစ်ခုဖြစ်သည်။

တောအုပ်၏အလယ်တွင် အိမ်ကလေးတစ်လုံးရှိသည်။

ယင်းအိမ်ကလေးသည် စောင့်ရှောက်နေသော အစောင့်၏ အိမ်ကလေးဖြစ်ဟန်တူသည်။

သီဟမင်းသားသည်. . .

ဤအိမ်ကလေးသို့ရောက်ရှိနေသည်မှာ ဆယ်ရက်ခန့်ရှိပြီ ဟုထင်မှတ်မိလေသည်။

သူ၏ဒဏ်ရာများသည် တဖြည်းဖြည်းနှင့်သက်သာလာပြီ ဖြစ်သည်။ နတ်မိမယ်သည် မကြာခဏလာရောက်သည်။

သူ၏ဒဏ်ရာများအတွက် ဆေးဝါးနှင့်အစာအာဟာရများ လာရောက်ပို့သွားသည်။

တစ်ခါတစ်ရံ အတူအိပ်ပြီး နံနက်မိုးလင်းမှ ပြန်သွားတတ်ပေသည်။

သူသည် ယင်းမိန်းကလေးမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရပါချေ။

ထိုမိန်းကလေးသည် ညဘက်မှလာတတ်၏။

သူမ၏ရှည်လျားသောဆံပင်များသည် မဖီးမလိမ်းဘဲ ပခုံးပေါ်သို့ပြန့်ကျဲနေသည်ကိုကြည့်ပြီး သူမအား ဆံရှည်မယ်တော်ဟု ခေါ်လိုက်လေသည်။

မိန်းကလေးသည် သူမ၏အမည်ကို ထုတ်ဖော်ပြောဆိုခြင်း မရှိပါ။

သူမအား. . .

မိမိအပေါ် အဘယ်ကြောင့် ဤမျှပြုစုစောင့်ရှောက်ရသည်ကိုမေးမြန်းသောအခါ . . .

သူမ၏အဖြေသည် ထူးခြားလှပေသည်။

"ကျွန်မယောကျ်ားက ကျွန်မအပေါ် ဖောက်လွဲဖောက်ပြန်လုပ်လို့ အခုလိုကလဲ့စားချေတာပါ"

သီဟမင်းသားကသူမ၏ ခင်ပွန်းမည်သူမည်ဝါဖြစ်ကြောင်း မေးသောအခါ. . .

သူမက ခေါင်းခါယမ်းပြ၏။

ပြန်ဖြေရန် ငြင်းပယ်လိုက်လေသည်။

သူမသည် ဟန်တရုတ်လူမျိုး မဟုတ်ပါ။

နယ်ခြားလူနည်းစု တိုင်းရင်းသားတစ်ယောက်ဖြစ်သည်။



သူမ၏ခင်ပွန်းသည် အဆင့်အတန်းမြင့်မားသော တရုတ်လူမျိုးဖြစ်သည်ဟုသာပြောပြလေ၏။

ဤသို့ဖြင့်. . .

သူတို့သည် ဆယ်ရက်ခန့်နေထိုင်လာပြီးနောက် မိန်းကလေးသည် လုံးဝပေါ်မလာတော့ချေ။

သူသည် ဆက်၍စောင့်နေသေး၏။

နောက်ဆုံး . . .

ထိုမိန်းကလေး ထပ်မံလာရောက်ခြင်းမရှိသည်ကိုတွေ့ရတော့မှ သူသည် ထိုနေရာမှထွက်ခွာလာခဲ့လေသည်။

သူ တာလီပြည်သို့ပြန်လည်ရောက်ရှိသောအခါ သူ၏ရုပ်သွင်သည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားသောကြောင့်-

မည်သူကမှ သူ့ကိုမမှတ်မိတော့ပါ။

သူသည် တန့်ကျင်းဟုနှင့်တွေ့ဆုံရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်ပါ။

နောက်ဆုံး. . .

သူသည် တာလီပြည်မှထွက်ခွါခဲ့လေတော့၏။

အလွန်ခေါင်းပါးသော နေရာတစ်ခုသို့ရောက်ရှိသွားပြီး သိုင်းပညာရပ်များကို ကြိုးစားလေ့ကျင့်ခဲ့လေသည်။

သူ၏လည်ပင်းမှဒဏ်ရာများကြောင့် အသံမထွက်တော့သဖြင့်. . .

တိဗက်ဘုန်းတော်ကြီးတစ်ပါးထံမှ တိဗက်စကားပြောပညာရပ်များကိုသင်ကြားလေ့လာခဲ့သည်။

ဤသို့ဖြင့် . . .

နှစ်ပေါင်းကြာမြင့်စွာ လေ့ကျင့်လာသောအခါ သိုင်းပညာရပ်များသည် ထူးချွန်စွာအောင်မြင်လာလေသည်။

ထို့နောက် သူသည် တရုတ်ပြည်မဘက်သို့ထွက်လာသည်။ ရောက်ရှိနေသောနေရာတိုင်းမှာ သိုင်းသမားများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီး ရက်စက်စွာအနိုင်ယူတတ်သဖြင့် လူမိုက်ကြီးဟူသောအမည်ကို ရရှိကျော်ကြားလာခဲ့လေသည်။

သူသည် တစ်နေ့တစ်ခြားအောင်မြင်လာသည်ကို တွေ့ရှိရသောအခါ တာလိပြည်သို့ပြန်ပြီး နန်းလုရန်ကြံစည်ခြင်း ဖြစ်ပေသည်။

ယခု သူသည် တန့်ကျွင်းမင်အားဖမ်းဆီးမိပြီးဖြစ်သည်။

တန့်ဥအားသတ်လိုက်လျှင် တာလိပြည်၏ဘုရင်အဖြစ်သည် မိမိ၏လက်ထဲသို့ရောက်ရှိလာမည်မှာ အသေအချာဖြစ်ပေတော့သည်။

ငါ့ကလေးများလား

သီဟမင်းသားသည် . . .

ကောင်းကင်နဂါးကျောင်းတော်ရှေ့ . . .

ညောင်ပင်အောက် ဆံရှည်မယ်တော် . . .

ဟူသောစကားများကိုကြားလိုက်ရသောအခါ သူသည် တန့်ဥအားထိုးသတ်ရန် မထိုးဝံ့ဘဲ နောက်သို့ဆုတ်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် မြို့စားကြီးကတော်အား စိုက်ကြည့်နေမိ၏။

သူ၏စိတ်ထဲ၌

"သူ. . . သူက ဆံရှည်မယ်တော်များဖြစ်နေမလား"

ဟု ကိုယ့်ကိုကိုယ်မေးမိလေသည်။

မြို့စားကြီးကတော်သည် လက်ကိုအသာအယာမြှောက်လိုက်ပြီး ဖုံးထားသောဆံပင်များအားဖြေချလိုက်သည်။

သီဟမင်းသား၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏

သူ၏ရင်ထဲ၌ တထိတ်ထိတ်ခုန်နေ၏။

ဟုတ်ပါ၏။ သူ၏တစ်သက်တာတွင် မေ့မရသော ဆံရှည်မယ်တော်သည် မြို့စားကြီးကတော်ပင်ဖြစ်နေသည် မဟုတ်ပါလော။

အတန်ကြာမှ. . .

သူသည် မြို့စားကြီးကတော်အား-

"မင်းသားကိုမသတ်ဖို့ တောင်းပန်ချင်လို့လား'

မြို့စားကြီးကတော်က ခေါင်းခါယမ်းလိုက်သည်။

'သူ့လည်ပင်းမှာ ရွှေပြားကလေးတစ်ခုဆွဲထားပါတယ်၊ သူ့ရဲ့မွေးနေ့ကိုလည်း ရေးထားပါတယ်'

သီဟမင်းသားက နားမလည်နိုင်ပါ။

သူသည် သူမ၏သွေးကြောအား ဖြေပေးလိုက်ပြီးနောက် တန်ဖိုးဥ၏လည်ပင်းသို့ ငုံ့ကြည့်လိုက်သည်။

တန်ဖိုးဥ၏လည်ပင်းတွင် သေးငယ်သောဆွဲကြိုးတစ်ကုံး ရှိသည်ကိုတွေ့ရသည်။

ဆွဲကြိုးအား ဆွဲယူကြည့်လိုက်ရာ ဆွဲကြိုးတွင်ရွှေပြားတစ်ခု ရှိနေသည်ကိုတွေ့ရသည်။

ယင်းရွှေပြား၏တစ်ဘက်တွင်. . .

'အသက်ရာကျော်ရှည်ပါစေ'

ဟု ရေးသားထားသည်ကိုတွေ့ရသည်။

ရွှေပြား၏အခြားတစ်ဘက်သို့လှန်ကြည့်လိုက်သောအခါ

'တာလိပြည်ပိုးတင်ဘုရင် ၂-နှစ်၊ ၁၀-လ၊ ၁၃ -ရက်နေ့တွင်မွေးသည်'



ဟုရေးသားထားသည်ကိုတွေ့လိုက်ရလေသည်။

သီဟမင်းသားသည် တာလိပြည် ပိုးတင်ဘုရင် ၂-နှစ်ဟူသောစာလုံးကိုတွေ့လိုက်ရသောအခါ ရင်ထိတ်သွားသည်။

"ဟင်- ပိုးတင်ဘုရင် ၂-နှစ်ဆိုတာ ကျုပ်ဒဏ်ရာရခဲ့တဲ့နှစ်ပဲ၊ ဆံရှည်မယ်တော်နှင့်တွေ့ခဲ့တာ နှစ်လပိုင်းဖြစ်တယ်၊ ဒီလိုဆိုရင် ဒီကလေးဟာ ငါ့ကလေးများဖြစ်နေမလား"

သူသည် ယင်းသို့တွေးလိုက်မိသည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူ၏ရင်ထဲမှာလည်း ပြင်းထန်စွာလှုပ်ရှားသွားသည်။

သူသည် မြို့စားကတော်အားလှမ်းကြည့်လိုက်ရာ မြို့စားကတော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ ရှင့်. . ."

သီဟမင်းသားသည် ယင်းစကားကြားလိုက်ရသောအခါ ချက်ချင်းပင် နားလည်လိုက်သည်။

သူ၏ဘဝတစ်လျှောက်တွင် တစ်ကောင်ကြွက်ဘဝနှင့် လောကမှာကျင်လည်ကျက်စားခဲ့ရသည်။

သူ့အဖို့ အိမ်ထောင်၏အရသာကို မခံစားခဲ့ဘူးချေ။

သားသမီးများ၏မေတ္တာများကိုလည်း နားမလည်ခဲ့ချေ။

ယခု. . .

သူသည် သူ့မှာ သားအရင်းရှိနေသည်ကို သိလိုက်ရသောအခါ သူ၏ရင်ထဲတွင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်သွားလေသည်။

သူ၏စိတ်ထဲတွင် လောကပေါ်မှာ ရှိရှိသမျှသောပစ္စည်းဥစ္စာများ၊ လောကပေါ်မှာ အထွက်အထိပ်ဖြစ်သောဘုရင်နေရာသည် မိမိသားတစ်ယောက်ရရှိသည်ထက် ဝမ်းမသာနိုင်သည်ကို ခံစားလိုက်ရလေသည်။

'ခြွမ်း'

သူသည် တွေးရင်းလက်ထဲမှ ဝါးလုံးသည် မြေပေါ်သို့လွတ်ကျသွားလေသည်။

"ငါ့မှာ သားတစ်ယောက်ရှိပြီကွ"

သူ၏ရင်ထဲမှ ကျယ်လောင်စွာ ထွက်ပေါ်လာသောစကားသံဖြစ်ပေသည်။

သူသည် လောကကြီးတစ်ခုလုံးအား ဂုဏ်ယူဝင့်ကြွားစွာ ဟစ်အော်ကြွေးကြော်လိုသောစိတ်များ တဖွားဖွားပေါ်ပေါက်လာလေတော့သည်။

## သားတစ်ယောက်ရပြီ

တန့်ကျင်းမင်သည် သီဟမင်းသား၏ပုံဟန်ကို နားမလည်နိုင်ဘဲငေးကြည့်နေစဉ်. . .

သီဟမင်းသားသည် သူ့အားကြည့်လိုက်ပြီး သူ၏ရင်ထဲ၌ ဖော်မပြနိုင်လောက်အောင် ဝင့်ကြွားဂုဏ်ယူလိုက်သည်။

"ဟင်း . . . ငါက ဘုရင်မဖြစ်တော့ကော ဘာဖြစ်သလဲ၊ ငါ့မှာသားရှိပြီကွ၊ မင့်မှာရှိသလားပြောစမ်း တန့်ကျင်းမင်"

သူ၏နှုတ်မှ ထုတ်ဖော်ပြောဆိုခြင်းမဟုတ်ပါ။

ရင်ထဲ၌ဖြစ်ပေါ်လာသော စကားလုံးများသာဖြစ်နေ၏။

ထိုစဉ်မှာပင်. . .

"ဝုန်း. . ."

လူတစ်ယောက်လဲကျသွားသောအသံ ကြားလိုက်ရသည်။

လှည့်ကြည့်လိုက်သောအခါ ဗျိုင်းဖြူဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သီဟမင်းသား ထိတ်လန့်သွားသည်။

"ဟိုက်. . . ဒုက္ခပဲ"

သူသည် လွတ်ကျနေသော ဝါးလုံးအားကောက်ယူလိုက်သည်။ ရုတ်တရက် သူ၏ခွန်အားများသည် လုံးဝပျောက်ကွယ်သွားသည်ကိုခံစားလိုက်ရလေသည်။

တစ်စုံတစ်ယောက်က မိမိအား အဆိပ်ဖြင့်ခတ်လိုက်သည်ကို ချက်ချင်းသိလိုက်ရလေသည်။

ထိုစဉ်မှာပင်...

မုယုံဟုက သူ့အားပြုံးပြလိုက်ပြီး...

"မင်းသား ဟိုဘက်မှာ မင်းသားတွေ့ချင်တဲ့လူတစ်ယောက်ရှိနေသေးတယ်၊ ဟိုဘက်ကိုကြွပါခင်ဗျာ"

သီဟမင်းသားက ဣန္ဒြေမပျက်ရပ်လျက်-

"ဘယ်သူများပါလိမ့်၊ သူ့ကိုခေါ်ခဲ့ပါလားဗျာ"

မုယုံဟုက ခေါင်းခါယမ်းလိုက်သည်။

"သူ လမ်းမလျှောက်နိုင်လို့ ကျေးဇူးပြုပြီး ဟိုဘက်ကိုကြွပါခင်ဗျာ"

ထိုစကားကြားလိုက်ရသောအခါ...

ယခုကဲ့သို့ အဆိပ်ခတ်လိုက်သူမှာ မုယုံဟုပင်ဖြစ်သည်ကို သီဟမင်းသားက နားလည်လိုက်လေသည်။

မုယုံဟုသည် သီဟမင်းသား၏အခြေအနေကို အကဲခတ်ကြည့်လိုသဖြင့် ယင်းကဲ့သို့ တစ်ဘက်ခန်းသို့ ဖိတ်ခေါ်နေခြင်းဖြစ်သည်။

မိမိကလမ်းမလျှောက်နိုင်ခဲ့လျှင်...

သူသည် မုယုံဟုအားတစ်ချက်ကြည့်လိုက်ပြီး...



"ဘယ်လိုလဲမုယုံဟု၊ မင်းက ငါတို့ကိုအဆိပ်ခတ်လိုက်တယ်မဟုတ်လား"

မုယုံဟုက ပြုံးလိုက်သည်။

"ဟဲ- ဟဲ- ဟဲ၊ ကျုပ်ရထားတဲ့ဆေး အစွမ်းထက် မထက်ဆိုတာ စမ်းကြည့်လိုက်တာပါ"

သီဟမင်းသား ရင်ထိတ်သွားသည်။

မုယုံဟုကပြုံးလိုက်သည်။

"ကြိုးစားမနေပါနဲ့မင်းသား၊ ကျုပ်ရဲ့ဆေးဟာ အတွင်းအားနဲ့ ဖယ်ရှားလို့မရပါဘူးခင်ဗျာ"

ထိုစဉ် သခင်မကြီးဝမ်း၏အသံ ထွက်ပေါ်လာသည်။

"ဟင်... ဘယ့်နှယ် မင်းက ငါ့ကိုပါ အဆိပ်ခတ်နေပါလား၊ ဖြေဆေးမြန်မြန်ပေးစမ်း"

မုယုံဟုက ပြုံးလိုက်သည်။

"စိတ်အေးအေးထားပါဒေါ်ဒေါ်၊ တော်ကြာ ကျွန်တော်ဖြေဆေးပေးပါ့မယ်"

သခင်မကြီးဝမ်း ဒေါသချောင်းချောင်းထွက်သွားသည်။

"ဘာပြောတယ်၊ မင်းက စော်စော်ကားကား ကိုယ့် အဒေါ်တစ်ယောက်လုံးကိုတောင် အဆိပ်ခတ်ရတယ်လို့"

မုယုံဟုက ပြုံးလိုက်သည်။

"ခဏလေးသည်းခံပါဒေါ်ဒေါ်၊ ဒေါ်ဒေါ့်ကို ကျွန်တော် ဘာမှ မလုပ်ပါဘူး"

တန်ဥမှာမူ မလှုပ်မယှက်ဘဲရှိနေသည်။

သူ၏စိတ်ထဲတွင်. . .

ဝမ်းယို့ယန်နှင့်ပတ်သက်ပြီး စိတ်မကောင်းဖြစ်နေ၏။

မုယုံဟုသည် သီဟမင်းသားအားတစ်ချက်ကြည့်လိုက်ပြီး-

"မင်းသား. . . ခင်ဗျားကို ကျွပ်အဆိပ်ခတ်လိုက်ပေမယ့် ခင်ဗျားကို လုံးဝအန္တရာယ်မပြုပါဘူး၊ မင်းသားက ကျွပ်ကိုကတိတစ်ခုပေးမယ်ဆိုရင် အခုချက်ချင်းဖြေဆေးပေးမယ့်အပြင် ဦးချတောင်းပန်ပါဦးမယ်"

သီဟမင်းသားသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ မင်းကငါ့ကိုခြိမ်းခြောက်တာလား"

မုယုံဟုက ခေါင်းခါယမ်းလိုက်သည်။

"ကျွပ် ခြိမ်းခြောက်နေတာမဟုတ်ရပါဘူးဗျာ၊ မယုံရင် လူအများရှေ့မှာ ကျွပ်ဦးချတောင်းပန်ပါ့မယ်"

သူသည် ယင်းသို့ပြောပြီးနောက် ဒူးထောက်ပြီး ဦးချလိုက်လေသည်။

အားလုံးသောလူများသည်. . .

မုယုံဟု၏ပြုမူပုံများကို. . .

နားမလည်နိုင်ဘဲ အံ့အားသင့်ကုန်ကြလေသည်။

သီဟမင်းသားကလည်း နားမလည်နိုင်ဘဲ သူ့အားအကဲခတ်ကြည့်လိုက်သည်။

"တဲ. . . ဆိုစမ်းပါဦး၊ မင်း ငါ့ဆီကဘာလိုချင်လို့လဲ"

မုယုံဟုကခေါင်းညိတ်လိုက်သည်။

"ကျွပ်ရဲ့ရည်ရွယ်ချက်ကို မင်းသား သိရှိပြီးပါပြီ၊ ဒါပေမယ့် ယန့်နိုင်ငံတည်ထောင်ဖို့ရာ မြန်မြန်နဲ့အကောင်အထည်ဖော်နိုင်မှာမဟုတ်သေးဘူး၊ ဒါကြောင့် ကျွပ်က မင်းသားကို တာလီပြည်ဘုရင်ဖြစ်အောင် အရင်ကြိုးစားပေးပါ့မယ်"



သူသည် စကားခေတ္တရပ်တန့်လိုက်ပြီးနောက်-

"မင်းသားမှာ သားသမီးမရှိပါဘူး၊ ဒါကြောင့် ကျွပ်က မင်းသားကို ဖခင်လိုသဘောထားပြီးကြိုးစားလိုက်ရင် မင်းသားနဲ့ ကျွပ် အကျိုးရှိမယ်လို့ယုံကြည်ပါတယ်"

သီဟမင်းသားသည် မုယုံဟုက မိမိမှာ သားသမီးမရှိဟု ပြောလာသည်ကိုကြားလိုက်ရသောအခါ မြို့စားကြီးကတော်ဘက်သို့ အမှတ်မထင်လှမ်းကြည့်လိုက်မိသည်။

မြို့စားကြီးကတော်ကလည်း သူ့အားကြည့်နေသဖြင့် မျက်လုံးချင်းဆုံသွားကြလေသည်။

အတန်ကြာမှ. . .

သီဟမင်းသားသည်. . .

မုယုံဟုအား စေ့စေ့ကြည့်လိုက်ပြီး. . .

"ငါက မင်းကို သားအဖြစ်မွေးစားရမယ်ဆိုပါတော့"

"ဟုတ်ပါတယ်ခင်ဗျာ"

သီဟမင်းသားက တွေးတောလိုက်သည်။

မုယုံဟု၏တောင်းဆိုချက်ကိုလက်မခံလျှင်၊ မိမိယခုအဆိပ်မိထားသဖြင့် ဒုက္ခရောက်သွားနိုင်သည်ကိုဆင်ခြင်မိလေသည်။

ထို့ကြောင့် သူကခေါင်းညိတ်လိုက်သည်။

"ဒီလိုဆို မင်းကတန့်အမျိုးအနွယ်ကိုပြောင်းရတော့မှာပေါ့

နော်၊ နောက်ပြီး တာလီပြည်ဘုရင်ဖြစ်သွားရင် ယန့်နိုင်ငံတည်ထောင်ဖို့တော့ စိတ်မကူးရဘူး။ မုယုံအမျိုးအနွယ်ဆိုတာလဲ မရှိရတော့ဘူး၊ မင်းလက်ခံနိုင်ပါ့မလား"

မုယုံဟုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်လက်ခံပါ့မယ်ခင်ဗျာ"

သီဟမင်းသားက ရယ်မောလိုက်သည်။

"ဒါဖြင့် မင်းက မုယုံအမျိုးအနွယ်ကိုပစ်ပယ်ပြီး တန့်အမျိုးအနွယ်ကိုသစ္စာခံရမှာပေါ့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ကတိပေးပါတယ်"

"ဟား... ဟား... ဟား"

သီဟမင်းသားက ရယ်မောလိုက်သည်။

"ကောင်းတယ်ဟေ့ ကျုပ်ကအိမ်ထောင်မရှိ ဘာမရှိနဲ့ အခုအသက်ကြီးမှ သားတစ်ယောက်ရလိုက်တာ ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ"

သီဟမင်းသား၏စကားသည် သူ၏သားအရင်းဖြစ်သူ တန့်ဥ အားရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်သည်။

မြို့စားကတော်မှအပ...

မည်သူကမှ နားမလည်လိုက်ပါ။

သီဟမင်းသားက...

မုယုံဟု၏တောင်းဆိုချက်ကိုလက်ခံလိုက်သည်ဟု...

အားလုံးက ထင်မှတ်မိလိုက်ကြလေသည်။

မုယုံဟု ဝမ်းသာသွားလေသည်။



"ဝမ်းသာလိုက်တာဗျာ၊ အခုအချိန်ကစပြီး မင်းသားကို ကျွန်တော့်ရဲ့ဖခင်လို့ ကျွန်တော်အသိအမှတ်ပြုပါတော့မယ်"

ယင်းသို့ပြောပြီးသည်နှင့် ...

သူသည်...

ဒူးထောက်၍ ဦးချကန်တော့ရန် ဟန်ပြင်လိုက်ရာ...

ထိုစဉ်မှာပင် အပြင်ဘက်မှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"မဟုတ်ဘူး- မဟုတ်ဘူး၊ ဒီလိုမလုပ်ပါနဲ့ဗျာ"

လူတစ်ယောက်သည် ယင်းသို့ပြောပြီး အခန်းထဲသို့လှမ်းဝင်လာလေသည်။

ပါပုတုန်းဖြစ်သည်။

မုယုံဟု မျက်နှာကွက်ခနဲပျက်သွားသည်။

"ပါပုတုန်း မင်းကဘာတွေပြောနေတာလဲ"

ပါပုတုန်းက ဦးညွတ်လိုက်သည်။

"ဒီမှာသခင်လေး ခင်ဗျားက 'ယန့်' နိုင်ငံရဲ့အမျိုးအနွယ်ပါ၊ ဘာဖြစ်လို့ တန့်အမျိုးအနွယ်ကို သွားပြီးသစ္စာခံရမှာလဲ"

မုယုံဟုက မကျေမနပ်ဖြစ်သွားသည်။

"မင်းစကားက ဒါပဲလား"

ပါပုတုန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် ပြောစရာကျန်ပါသေးတယ်"

"ဒါဖြင့် ဆက်ပြော"

"ဒီလိုပါသခင်လေး၊ ယန္တန်ိုင်ငံတည်ထောင်တဲ့နေရာမှာ အခက်အခဲတွေအများကြီးတွေ့မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်၊ သို့သော် ကျွန်တော်တို့က သတ္တိရှိရှိကြိုးစားပြီးလုပ်ရမှာပေါ့၊ အောင်မြင်ရင်တော့ ကောင်းတာပေါ့၊ မအောင်မြင်လဲ ဘာဖြစ်သလဲ၊ အခုတော့ သခင်လေးက ဒီဒုက္ခတကြီးကိုမှ အဖေသွားတော်တယ်ဆိုတော့ ဘုရင်ဖြစ်လာရင်တောင် သိက္ခာကျပါတယ်ဗျာ"

မုယုံဟုသည် ဒေါသချောင်းချောင်းထွက်လာသော်လည်း ထိန်းချုပ်ထားလိုက်ရသည်။

"ဒီမှာပေါက်စန်း၊ တချို့ကိစ္စမှာ မင်းနားမလည်သေးပါဘူးကွာ၊ နောက်မှငါရှင်းပြမယ်"

ပါပုတုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး- မဟုတ်ဘူး၊ ကျွန်တော်က 'အ'ပေမယ့် သခင်လေးရဲ့အကြံကို ကျွန်တော်နားလည်ပါတယ်ဗျာ"

မုယုံဟု မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘာကိုနားလည်တာလဲ"

"နားလည်တာပေါ့ဗျာ၊ သခင်လေးက အခု တန့်အမျိုးအနွယ်ကိုသစ္စာခံပေမယ့် တစ်နေ့အောင်မြင်သွားရင် မုယုံအမျိုးအနွယ်ကိုပြန်သုံးမယ်၊ တာလိပြည်ကိုလည်း ယန့်နိုင်ငံအဖြစ်ပြောင်းလဲပစ်မယ်မဟုတ်လား"

မုယုံဟုက သူ့အားခံပြင်းစွာဖြင့်ကြည့်နေ၏။



ပါပုတုန်းက စကားဆက်လိုက်သည်။

"သခင်လေး ဒီလိုလုပ်ရင် သစ္စာမရှိတဲ့လူတစ်ယောက်လိုဖြစ်မှာပေါ့ဗျာ"

မုယုံဟုသည် ဒေါသကိုမနည်းထိန်းထားရသည်။

"ကျုပ်ကို ဘာဖြစ်လို့ သစ္စာမရှိဘူးပြောနိုင်ရမှာလဲ"

သခင်လေးက မုယုံအမျိုးအနွယ်ကိုပစ်ပယ်ပြီး တန့်အမျိုးအနွယ်ထဲကိုဝင်တယ်ဆိုရင် သစ္စာမရှိဘူးလို့ပြောရမှာပဲ"

သူ၏စကားမဆုံးမီ. . .

"ဝုန်း"

မုယုံဟု၏လက်ဝါးတစ်ချက်သည် ပါပုဟုန်း၏အရှိုက် နေရာသို့ရိုက်ချလိုက်လေသည်။

ပါပုတုန်းသည် မိမိငယ်စဉ်ကတည်းက ကြီးပြင်းလာအောင် စောင့်ရှောက်ထိန်းသိမ်းလာရသော မုယုံဟုက. . .

မိမိအား. . .

ယခုကဲ့သို့ ရက်ရက်စက်စက်သတ်လိမ့်မည်ဟုမထင်မိပေ။

သူသည် မုယုံဟုအား အံ့ဩစွာတစ်ချက်ကြည့်ပြီး မြေပေါ်သို့လဲကျကာ သေဆုံးသွားလေသည်။

တင်းပိချွမ်း၊ ကုန်းတိကန်းနှင့် ဖုန်းစုရဲတို့သည် မုယုံဟုက ပါပုတုန်းအား သတ်လိုက်သည်ကို တွေ့ရသောအခါ သူတို့သုံးယောက်သည် အိမ်ခန်းထဲသို့ပြေးဝင်လာကြလေသည်။

ဖုန်းစုရဲသည် ပါပုတုန်းအားပွေ့ချီလိုက်သည်။

"အစ်ကို. . . အစ်ကို. . . မင်းဘာဖြစ်သွားသေးသလဲ"

ပါပုတုန်း၏မျက်ဝန်းအစုံတွင်. . .

မျက်ရည်များစီးကျလာလေသည်။

နှာခေါင်းသို့ လက်ဖြင့်စမ်းကြည့်သောအခါ အသက်မရှိတော့သည်ကိုတွေ့လိုက်ရလေသည်။

ပါပုတုန်းသေခါနည်းမှာ. . .

ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရသည်ကို နားလည်လိုက်မိလေသည်။

သူသည် အသံကျယ်လောင်စွာဖြင့်-

"အစ်ကို- မင်းက အသက်မရှိတော့ပေမယ့် ဘာဖြစ်လို့မင်းကို ရက်ရက်စက်စက်သတ်ရသလဲဆိုတာ သခင်လေးကိုမေးချင်လို့ မဟုတ်လား"

သူသည်ပြောပြီး. . .

မုယုံဟုဘက်သို့ လှည့်ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံတွင် မုယုံဟုအားရန်မူလိုသည့် အရိပ်အရောင်များပေါ်လွင်နေ၏။

တင်းပိချွမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သခင်လေး- ပေါက်စန်းဟာ ဒီလိုပဲပြောတတ်တယ်ဆိုတာ သခင်လေးသိပါတယ်၊ သူပြောမှား ဆိုမှားဖြစ်ရင် ဆုံးမလိုက်ရင်ပြီးတာပဲ၊ အခုတော့ သူ့ကို ဘာဖြစ်လို့ရက်ရက်စက်စက်သတ်လိုက်ရတာလဲ"

မုယုံဟု မျက်မှောင်ကုပ်သွားသည်။

"သူက မစဉ်းစားဘဲ၊ ကျုပ်နဲ့မင်းသားတို့ကို အထင်လွဲ



အောင်ပြောလိုက်တဲ့အတွက် ကျုပ်သည်းမခံနိုင်ဘူးဗျ"

ဖုန်းစုရဲက အသံကျယ်လောင်စွာဖြင့် . . .

"ဒီမှာ သခင်လေး၊ ငယ်ငယ်လေးကတည်းက ခင်ဗျားနဲ့ သေအတူရှင်အတူ လက်တွဲခဲ့တဲ့ပါပုတုန်းကို သီဟမင်းသားလောက် မှတန်ဖိုးမထားတော့ဘူး၊ ဟုတ်လား"

မုယုံဟု မျက်မှောင်ကုပ်သွားသည်။

"မင်းတို့ပါးစပ်ပိတ်ထားကြပါ၊ ကျုပ်က မှန်တယ်ထင်လို့ လုပ်တာ၊ မင်းတို့ ဘာမှလာမပြောနဲ့"

ကုန်းတိကန်း၏အသံသည် အေးတိအေးစက်ထွက်ပေါ်လာလေသည်။

"ဒါဖြင့် သခင်လေးက သဘောထား မပြောင်းလွှဲနိုင်တော့ဘူးပေါ့"

မုယုံဟုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

တင်းပိချွမ်း၊ ကုန်းတိကန်းနှင့် ဖုန်းစုရဲတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးနောက် တင်းပိချွမ်းက အသံကျယ်လောင်စွာဖြင့် . . .

"သခင်လေး ကျုပ်တို့လေးယောက်စလုံးဟာ သေအတူရှင်မကွာ သွေးသောက်များ ဖြစ်ကြတယ်ဆိုတာ သခင်လေးသိတယ်မဟုတ်လား"

မုယုံဟုက မတ်တတ်ရပ်လိုက်သည်။

"ဘာလဲ- မင်းတို့က ပေါက်စန်းအတွက် ကလဲ့စားချေမလို့

ဟုတ်လား၊ လာစမ်းပါ၊ ကျုပ်ကမကြောက်သေးဘူး"

တင်းပိချွမ်းက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"သခင်လေးရဲ့လုပ်ရပ်ကို ကျုပ်တို့မကျေနပ်ပေမယ့် ပြန်ပြီး မယှဉ်ဝံ့ပါဘူးခင်ဗျာ၊ ဒါပေမယ့် အခုအချိန်ကစပြီး ကျုပ်တို့က သခင်လေးနဲ့ လမ်းခွဲကြရပါတော့မယ်"

မုယုံဟုသည် သူ၏အားထားရသောလူများ လမ်းခွဲသွားသည်ကိုတွေ့လိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားသည်။

"ဒီမှာတင်းပိချွမ်း ခင်ဗျားတို့ကကျုပ်အဖေရဲ့မျက်နှာကိုတောင်မထောက်ဘဲ ကျုပ်နဲ့လမ်းခွဲသွားတော့မလို့လား"

တင်းပိချွမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"သခင်လေး ခင်ဗျားတို့အဖေနဲ့ အဘိုးရဲ့အကြောင်းကို မပြောရင်ကောင်းမယ်၊ သခင်လေးရဲ့ဘိုးဘွားတွေဟာ သခင်လေးအခုလို မုယုံအမျိုးအနွယ်စွန့်ခွာသွားတာကို သိနိုင်မယ်ဆိုရင် ဘယ်လောက် ရင်နာကြလိမ့်မယ်ဆိုတာ . . ."

မုယုံဟုသည် မျက်နှာကွက်ခနဲပျက်သွားလေသည်။ တင်းပိချွမ်းတို့သည် မုယုံဟုအား ဦးညွတ်အလေးပြုလိုက်၏။

"သခင်လေး အခုအချိန်ကစပြီး သခင်လေးနဲ့ကျုပ်တို့ဘယ်လိုမှ မသက်ဆိုင်တော့ပါဘူးခင်ဗျာ"

ဖုန်းစုရဲသည် ပါပုတုန်း၏အလောင်းကို ပခုံးပေါ်သို့ထမ်းလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေတော့သည်။



မုယုံဟုသည် . . .

ထွက်ခွာသွားနေသောဖုန်းစုရဲတို့အား ကြည့်လိုက်ပြီး မဲ့ပြုံးပြုံးလိုက်လေသည်။

"သွားပေါ့ကွာ၊ မင်းတို့သွားတော့ကော ကျုပ်က ဘာဖြစ်မှာမို့လို့လဲ"

သူသည် သီဟမင်းသားဘက်သို့လှည့်လိုက်သည်။

"ဒီမှာအဖမင်းသား၊ ဒီလူလေးယောက်က သားရဲ့အရင်းနှီးဆုံးသွေးသောက်တွေပါ၊ ကျုပ်တို့သားအဖကြားမှာ အထင်လွဲစရာဖြစ်လာမှာစိုးလို့ သူတို့ကို အခုလိုစွန့်ပစ်လိုက်တာကို အဖေတွေ့ပြီမဟုတ်လား"

သီဟမင်းသားက ခေါင်းညိတ်လိုက်သည်။

"အေး- ကောင်းတယ်- ကောင်းတယ်"

မုယုံဟုသည် ဓားကိုဆွဲထုတ်လိုက်သည်။

"ကဲ- အဖမင်းသားက တန့်ဥကိုပထမဆုံးသတ်ပစ်ရပါမယ်၊ ဒါမှလဲ တန့်ကျင်းမင်က အဖမင်းသားကိုနန်းလွှဲပေးမှာ"

တန့်ဥသည် ဘာမျှမြင်ရသော်လည်း မုယုံဟု၏စကားကို ကြားနိုင်လေသည်။

သူသည် စိတ်ဓာတ်အလွန်ကျနေပြီဖြစ်ရာ-

"ငါ သေချင်နေပါတယ်၊ မင်း သတ်မယ်ဆိုရင်လဲ မြန်မြန်သာသတ်လိုက်စမ်းပါ"

ဟု စိတ်ထဲမှကြိတ်၍ ဆုတောင်းနေ၏။

မြို့စားကတော်သည် . . .

မုယ့်ဟုက တန့်ဥအားသတ်ရန်ဟန်ပြင်နေသည်ကို တွေ့ရသောအခါ ငိုချလိုက်လေသည်။

သီဟမင်းသားက ဟန့်တားလိုက်သည်။

"နေဦး - တန့်ဥကို ကျုပ်ကိုယ်တိုင်သတ်ရမှကျေနပ်မယ်"

မုယ့်ဟုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

သူသည် ဓားကို သီဟမင်းသားလက်သို့လှမ်းပေးလိုက်လေသည်။

ရုတ်တရက် သူသည် တစ်စုံတစ်ခုအားသတိရလာပြီး. . .

"ကြည့်စမ်း- သားမေ့နေလိုက်တာ၊ အဖေ့ကို အဆိပ်မှမဖြေရသေးဘဲ"

သူသည် ပြောရင်း အိတ်ထဲမှဖြေဆေးကြွေဘူးအား နှိုက်ယူလိုက်လေသည်။

သူသည် အမှတ်မထင် သီဟမင်းသား၏မျက်လုံးအစုံတွင် မြို့စားကတော်အား မျက်ရိပ်ပြနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ထို့ပြင် . . .

မြို့စားကတော်က အသာအယာခေါင်းညိတ်ပြနေသည်ကိုလည်း မြင်တွေ့လိုက်ရသည်။

သူသည် သံသယဖြစ်လာလေသည်။

"အင်း တန့်ကျင်းမင်နဲ့သီဟမင်းသားတို့မှာ ဘယ်လိုများအကြံအစည်ရှိနေကြသလဲမသိဘူး၊ ငါသူ့ကို ဖြေဆေးပေးဖို့မသင့်သေးဘူး"



ဟုစိတ်ထဲ၌ ကြိတ်တွေးမိနေ၏။

သူသည်-

"ဒီမှာမြို့စားကြီးခင်ဗျာ၊တာလိပြည်ကိုပြန်သွားတာနဲ့ နန်းတက်ရမှာပဲ၊ ကျုပ်အဖေကို ဘယ်တော့မှနန်းလွှဲပေးမှာလဲဗျ"

ဟုမေးလိုက်၏။

တန့်ကျင်းမင်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အနည်းဆုံး အနှစ်သုံးဆယ်လောက်လုပ်မှာပေါ့ဗျ"

မုယ့်ဟုက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာမြို့စားကြီး- ကျုပ်တို့ဒီလောက်ကြာကြာမစောင့်နိုင်ဘူးဗျ၊ ခင်ဗျားနန်းတက်ပြီး တစ်လအကြာမှာ သီဟမင်းသားကိုလွှဲပေးရမယ်"

တန့်ကျင်းမင်က မဲ့လိုက်သည်။

"ကျုပ်နေရာက ကျုပ်သားတန့်ဥကိုပဲ လွှဲပေးလို့ရမှာပေါ့၊ တခြားလူကို ဘာဖြစ်လို့ပေးရမှာလဲ"

မုယ့်ဟု ဒေါသထွက်သွားသည်။

"ဒီမှာမြို့စားကြီး၊ ခင်ဗျားကတိပေးတာကို ကျုပ်ကိုယ်တိုင်ကြားခဲ့တယ်၊ ဘာဖြစ်လို့ ကတိဖျက်ချင်ရတာလဲ"

တန့်ကျင်းမင်က သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ဘာ- မင်းကိုယ်တိုင်ကြားခဲ့တယ်ဟုတ်လား၊ ဒါဖြင့် မင်းက သီဟမင်းသားနောက်က လိုက်ချောင်းနေတယ်ပေါ့လေ"

မုယ့်ဟုက မျက်မှောင်ကုပ်သွားသည်။

"ဒါ ခင်ဗျားနဲ့မဆိုင်ဘူး၊ ခင်ဗျား တန့်ဥကိုလွှဲမပေးနိုင်အောင် ကျုပ် အခုတန့်ဥကိုသတ်ပစ်လိုက်မယ်"

တန့်ကျင်းမင်က ရယ်မောလိုက်သည်။

"မင်း ငါ့သားကိုသတ်ရင် ငါ့ကိုပါသတ်လိုက်ပေါ့၊ ငါသား သေသွားတဲ့နောက် မင်းတို့ခိုင်းတာကို ငါဘာဖြစ်လို့လုပ်ပေးရမှာလဲ"

မုယုံဟုသည် ထိုစကားကိုကြားလိုက်ရသောအခါ ဝေခွဲ၍မရဖြစ်သွားလေသည်။

သူသည် မည်သို့ပြုလုပ်ရမည်ကို မသိဘဲဖြစ်နေစဉ် . . .

သခင်မကြီး'ဝမ်း'၏အသံ . . .

ထွက်ပေါ်လာလေသည်။

"ဟေ့- မုယုံဟု၊ မင်းက အခုထိ ငါ့ကိုဖြေဆေးမပေးသေးပါလား"

မုယုံဟုက ပြုံးလိုက်ပြီး-

"ဟုတ်သားပဲ၊ ကျွန်တော်မေ့နေလိုက်တာ"

သူသည် သခင်မကြီးဝမ်းထံသို့လျှောက်သွားပြီး ဖြေဆေးဗူးကလေးကို လှမ်းပေးလိုက်လေသည်။

စူးရှသောအနံ့အသက်များသည် သခင်မကြီးဝမ်း၏ နှာခေါင်းထဲသို့ ဝင်မိလိုက်သည်နှင့် သူမ၏ခြေလက်များသည် တဖြည်းဖြည်းလှုပ်ရှားလာနိုင်လေသည်။

နောက်တစ်ခဏကြာသောအခါ. . .

သူမသည် ပကတိကောင်းမွန်သွားလေသည်။

သူမသည် မုယုံဟုဘက်သို့လှည့်လိုက်ပြီး . . .



"ငါ့တူကလိမ်မာသားပဲ"

သူမသည် မြို့စားကတော်နှင့်ဝမ်စိမ်းကျိုတို့အား တစ်ချက်ကြည့်လိုက်ပြီး . . .

"ဒီအမျိုးသမီးတွေကိုကြည့်ရတာ မျက်စိနောက်ပါတယ်၊ သူတို့အားလုံးကိုသတ်လိုက်ပါ"

မုယုံဟုသည် . . .

ထိုစကားကြားလိုက်ရသောအခါ . . .

မြို့စားကြီးအား မိမိအလိုဆန္ဒပြည့်လာစေရန် ခြိမ်းခြောက်နိုင်သောအကွက်တစ်ကွက်ရနိုင်သည်ကို တွေးမိလိုက်လေသည်။

သူသည် . . .

ဓားကိုဆွဲကာ ဝမ်စိမ်းကျိုထံသို့လျှောက်သွားလေသည်။

သူသည် တန့်ကျင်းမင်အား မဲ့ပြုံးပြုံးပြသည်။

"မြို့စားကြီး ကျုပ်အခေါ်က သူ့ကိုသတ်လိုက်ပါလို့ ကျုပ်ကိုခိုင်းလိုက်တယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

တန့်ကျင်းမင်သည် စိုးရိမ်ထိတ်လန့်သွားသည်။

သူသည် သခင်မကြီးဝမ်းအား တောင်းပန်လိုက်ရသည်။

"အာလု၊ မင်း သူတို့ကို မသတ်ပါနဲ့ကွာ၊ နောက် မင်းငါ့ကိုခိုင်းချင်တာခိုင်းပါ၊ ငါလိုက်လျောပါ့မယ်"

သခင်မကြီးဝမ်းသည် အနည်းငယ်စဉ်းစားလိုက်သည်။

သူမသည် တန့်ကျင်းမင်နှင့်ပြန်လည်ပေါင်းသင်းရန် မျှော်လင့်ချက်ရှိလာသဖြင့် မုယုံဟုအားဟန့်တားလိုက်သည်။

"ငါ့တူ ခဏနေပါဦးကွယ်၊ ဒေါ်ဒေါ်စဉ်းစားပါရစေဦး"

မုယုံဟုက မြို့စားကြီးအားပြုံးပြလိုက်သည်။

"မြို့စားကြီး ခင်ဗျားကသာ သီဟမင်းသားကို နန်းလွှဲပေးမယ်လို့ကတိပေးရင် ခင်ဗျားရဲ့မိန်းမအလှလေးကို မှဲ့တစ်ပေါက် မစွန်းစေရဘူးလို့ ကျုပ်တာဝန်ယူပါတယ်"

တန့်ကျင်းမင်က မည်သို့မျှပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

မုယုံဟု မျက်မှောင်ကုပ်သွားသည်။

သူ၏စိတ်ထဲ၌ အမျိုးမျိုးတွေးတောနေ၏။

တန့်ကျင်းမင်သည် နှလုံးသားကိုအလေးအနက်ထားသောလူတစ်ယောက်ဖြစ်သည်။

ရာထူးဂုဏ်ထက် မေတ္တာကိုအလေးပေးတတ်ကြောင်းသိထားလေသည်။

ထို့ကြောင့် . . .

မိမိ၏ဆန္ဒပြည့်ဝရန် ထိုအမျိုးသမီးများ၏အသက်နှင့်ခြိမ်းခြောက်မှုဖြစ်မည်ဟုယုံကြည်လေသည်။

ယင်းသို့တွေးမိလိုက်သည်နှင့် . . .

သူသည် ဓားကို ဝမ်စိမ်းကျိ၏ရင်ဝသို့ ချိန်ရွယ်လိုက်သည်၊

"မြို့စားကြီး ကျုပ်တို့ယောကျ်ားတွေပဲ၊ စကားကို တိုတိုတုတ်တုတ်ပြောတာပဲကောင်းတယ်၊ ကျုပ်ပြောတာကို ခင်ဗျား လက်ခံမယ်ဆိုရင် ကျုပ်က အားလုံးကိုဖြေဆေးပေးပြီး အခုလိုပြုမူခဲ့သမျှကို ဝန်ချတောင်းပန်ပါ့မယ်"

သူသည် မျက်နှာတစ်ချက်မဲ့လိုက်သည်။



"ခင်ဗျား လက်မခံဘူးဆိုရင်တော့ သူ့ကိုကျုပ်သတ်လိုက်ရမှာပါပဲ"

တန့်ကျင်းမင်သည် ဝမ်စိမ်းကျိအား တစ်ချက်ကြည့်လိုက်သည်။

ဝမ်စိမ်းကျိ၏မျက်နှာတစ်ခုလုံးသည် ကြောက်ရွံ့နေ၏။

သူသည် အခက်ကြုံသွားလေသည်။

အကယ်၍သာ သူကလက်မခံလျှင် မုယုံဟုက ဝမ်စိမ်းကျိကိုသတ်ပစ်လိမ့်မည်ဟု သူယုံကြည်သည်။

သို့သော် သူကလက်ခံလိုက်လျှင် မုယုံဟုက သားဖြစ်သူတန့်ဥကိုသတ်ပစ်မည်မှာမလွဲပေ။

ထို့ကြောင့် . . .

သူသည် . . .

မည်သို့ဆုံးဖြတ်ရမှန်းမသိဘဲ အခက်ကြုံနေတော့၏။

မုယုံဟုက အသံကျယ်လောင်စွာဖြင့် . . .

"ဒီမှာမြို့စားကြီး ကျုပ်သုံးအထိရေတွက်လိုက်မယ်၊ ခင်ဗျားက အချိန်မီကတိမပေးရင် ကျုပ်ကိုအဆိုးမဆိုနဲ့"

တန့်ကျင်းမင်သည် ဝမ်စိမ်းကျိအားမကြည့်ရက်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်သည်။

"တစ်- နှစ်"

တန့်ကျင်းမင်သည် ဝမ်စိမ်းကျိဘက်သို့လှည့်လိုက်သည်။

"သုံး . . ."

မုယုံဟုသည် ယင်းသို့ရေတွက်ပြီးနောက် တန့်ကျင်းမင်

ဘက်သို့လှည့်ပြီး စေ့စေ့ကြည့်လိုက်သည်။

"မြို့စားကြီး၊ ခင်ဗျားလက်မခံဘူးဟုတ်လား"

တန့်ကျင်းမင်သည် ဝမ်စိမ်းကျိုနှင့်စတင်တွေ့ဆုံခဲ့ရသည့် အဖြစ်အပျက်များကို ရုတ်တရက်သတိရလာလေသည်။

ထိုစဉ်မှာပင်-

"အား . . ."

ဝမ်းစိမ်းကျိုး၏ စူးရှသောအသံများကို ကြားလိုက်ရလေသည်။

မုယုံဟု၏ဓားသည် . .

ဝမ်စိမ်းကျိုး၏ခန္ဓာကိုယ်ထဲသို့ . . .

ထိုးသွင်းလိုက်ပြီးဖြစ်လေသည်။

သခင်မကြီးဝမ်းသည် တန့်ကျင်းမင်၏တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင်ဖြစ်လာပြီး . . .

မျက်နှာပေါ်မှာလည်း ပြင်းထန်သောဝေဒနာများ ခံစားလိုက်ရသကဲ့သို့ရှုံ့တွနေသည်ကိုတွေ့လိုက်ရသဖြင့် သူမသည် စိတ်မကောင်း ဖြစ်လာလေသည်။

"မုယုံဟု- မင်းက ဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ၊ သူ့ကို မြန်မြန်အသက်ရှင်အောင်ကယ်စမ်းပါ"

မုယုံဟုက ခေါင်းခါယမ်းလိုက်သည်။

"မထူးတော့ပါဘူးဒေါ်ဒေါ်၊ သူကခေါင်းမာနေတော့ ကျုပ်ကဆက်ပြီးလူသတ်ရဦးမှာပဲ"

သူသည်ပြောပြီးသည်နှင့် . . .



ကျင်းဟုန်မြိုင်၏ရင်ဝသို့ ဓားဖြင့်ချိန်ရွယ်လိုက်ပြန်သည်။

"ကဲ- မြို့စားကြီး သူ့အသက်ဟာ ခင်ဗျားရဲ့လက်ထဲမှာပဲ ရှိပါတယ်၊ ခင်ဗျား ကတိပေးမလား၊ မပေးဘူးလား"

မြို့စားကြီး၏မျက်နှာတစ်ခုလုံးသည် ဖမှာင်မည်းနေ၏။

"တစ် . . . နှစ် . . . "

မုယုံဟုက စတင်ရေတွက်လိုက်ပြန်သည်။

မြို့စားကြီးတစ်ကိုယ်လုံး အကြီးအကျယ်တုန်ခါသွားသည်။

"သုံး"

မုယုံဟုသည် ယင်းသို့အော်လိုက်ပြီးသည်နှင့် သူ၏ဓားသည် ကျင်းဟုန်မြိုင်၏ရင်ဝသို့ ထိုးသွင်းလိုက်ပြန်သည်။

သခင်မကြီးသည် ထိတ်လန့်တုန်လှုပ်နေ၏။

သို့သော် သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး-

"ရှင် သတ်ချင်သတ်လိုက်ပါ၊ မြို့စားကြီးကို အကျပ်မကိုင်ပါနဲ့"

မုယုံဟုက မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချ- မြို့စားကြီးက ကျုပ်တောင်းဆိုထားတာကို လက်မခံရင် ခင်ဗျားကိုလည်းသတ်ပစ်မှာပဲ"

သူသည် ယင်းသို့ပြောပြီး ရေတွက်လိုက်ပြန်လေသည်။

တန့်ကျင်းမင်က လက်ခံရန်လက္ခဏာလုံးဝမတွေ့ရသဖြင့် သူသည် အံကိုတင်းတင်းကြိတ်ပြီး သခင်မကြီးအား သတ်ပစ်လိုက်ပြန်လေသည်။

သခင်မကြီးဝမ်းသည် တုန်လှုပ်ချောက်ချားလာသည်။

သူမသည် တန့်ကျင်းမင်အား မကြည့်ဝံ့တော့ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

ထိုစဉ်မှာပင်. . .

တန့်ကျင်းမင်၏ ချိုလွင်သောစကားသံကို ကြားလိုက်ရလေတော့သည်။

"အာလု- မင်းအခုထိ ငါ့ရဲ့သဘောထားကိုနားမလည်ပါလားကွယ်၊ သူက ငါ့ချစ်သူသုံးယောက်ကိုသတ်ပစ်လိုက်ပေမယ့် ငါမမှုပါဘူးကွာ၊ ဘာဖြစ်လို့လဲဆိုရင် လောကပေါ်မှာ မင်းတစ်ယောက်ထဲကိုသာ ငါအချစ်ဆုံးမို့ပါကွာ"

သခင်မကြီးဝမ်းသည် တန့်ကျင်းမင်၏စကားကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

တန့်ကျင်းမင်က ယခုကဲ့သို့ပြောလိုက်ခြင်းမှာ. . .

မိမိအပေါ် ခွဲမုန်း၍ မိမိကိုပါသတ်ပစ်ရန် မုယုံဟုအား နိုးဆွပေးခြင်းဖြစ်သည်ဟု နားလည်လိုက်လေသည်။

မုယုံဟုသည် တန့်ကျင်းမင်၏စကားကိုကြားလိုက်ရသောအခါ သခင်မကြီးဝမ်းအပေါ်၌ သံသယဖြစ်လာလေသည်။

သူ၏လက်ထဲမှဓားသည် သခင်မကြီးဝမ်း၏ရင်ဝသို့ လှည့်၍ ချိန်ရွယ်ထားလိုက်ပြန်လေသည်။

ဓားပေါ်မှသွေးများသည် တစ်စက်ပြီးတစ်စက်ကျနေ၏။

သူမသည် တန့်ကျင်းမင်ဘက်သို့လှည့်လိုက်သည်။

. "ရှင်- ကျွန်မကို ဒီလောက်တောင်မုန်းနေသလားဟင်"

တန့်ကျင်းမင်သည် သခင်မကြီးဝမ်း၏ မျက်နှာပေါ်မှ



ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်အရောင်များပေါ်လွင်လာနေသည်ကိုတွေ့လိုက်ရသဖြင့် သနားလာမိလေသည်။

ထို့ကြောင့် လေသံချက်ချင်းပြောင်းလိုက်သည်။

"ဟုတ်တယ်၊ မင်းကိုငါမုန်းတယ်၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူးပော့၊ မုယုံဟု မင်းဘာငိုင်နေတာလဲ၊ သူ့ကိုတစ်ခါတည်းသတ်လိုက်လေ"

သခင်မကြီးဝမ်းသည် တန့်ကျင်းမင် ယခုကဲ့သို့ကြိမ်းမောင်းပြောဆိုနေခြင်းသည် . . .

မိမိ၏အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်သည်ကို နားမလည်လိုက်ပါ။

သူမသည် တန့်ကျင်းမင်က မိမိအပေါ် အကြီးအကျယ်ရွံမုန်းနေသည်ဟု အထင်မှားသွားလေသည်။

မျက်ရည်များသည် ထိန်းမနိုင်သိမ်းမရဘဲ ပါးပြင်ပေါ်သို့စီးဆင်းကျလာလေသည်။

သူမ၏မျက်လုံးအစုံသည် သနားစဖွယ်ဖြင့် တန့်ကျင်းမင်အားကြည့်နေ၏။

"ရှင် . . . ရှင်က ကျွန်မကို ဒီလောက်တောင်မှပဲ မုန်းနေရသလားဟင်"

"ရှင့်သမီးဝမ်းယို့ယန်ကို ရှင်မချစ်ဘူးလား၊ သူ့ကိုကောတွေ့ဖူးသလား၊ သူ့ကိုတွေ့ဖူးရင်တော့ အခုလိုကျွန်မကို ရက်ရက်စက်စက်ပြောမှာမဟုတ်ဘူးလို့ ကျွန်မယုံကြည်တယ်"

တန့်ကျင်းမင် ရင်ထိတ်သွားသည်။

မိမိ၏သဘောထားကို သူမက နားမလည်နိုင်သည်ကိုပင် စိတ်မကောင်းဖြစ်လာမိလေ၏။

"ဒုက္ခပဲ၊ မုယုံဟု မင်းကိုမသတ်အောင်ပြောတာကို မင်းက နားမလည်ပါလားကွယ်"

သူသည် ယင်းသို့စိတ်ထဲ၌တွေးရင်း-

"ဒီမှာအာလု မင်းဘာတွေပြောနေတာလဲ၊ ရှင်းရှင်းပြောလိုက်မယ်၊ မင်းမျက်နှာကိုငါမကြည့်ချင်ဘူး၊ မင်းကိုမုန်းတယ်၊ ကဲ-နားလည်ပြီလား"

သခင်မကြီးသည် ဝမ်းနည်းကြေကွဲလာလေသည်။

သူမ၏တစ်ကိုယ်လုံးမှာလည်း ခံပြင်းလွန်း၍တုန်ခါသွားသည်။

"ရှင်- ရှင်"

ရုတ်တရက် သူမသည် မိမိ၏ရင်ဝသို့ချိန်ရွယ်ထားသော ဓား ဖျားဆီသို့တိုးဝင်သွားလေသည်။

မုယုံဟုသည် ရှောင်တိမ်းရန်သင့်မသင့်ဟု ဝေခွဲမရဖြစ်နေစဉ်မှာပင် ဓားသည် သခင်မကြီးဝမ်း၏ရင်ဝသို့ ထိုးသွင်းသွားလေတော့သတည်း။

## လူသတ်သမား မုယုံဟု

မုယုံဟုသည် . . .

ဓားကို ကပျာကယာဆွဲထုတ်လိုက်သည်။

သခင်မကြီးဝမ်း၏ရင်ဝတစ်ခုလုံးမှာ သွေးများဖြင့် ချင်းချင်းနီရဲသွားလေသည်။

သူမသည် ရင်ဝအား လက်ဝါးဖြင့်ဖိထားလိုက်ပြီ-

"ရှင်- ရှင်- ကျွန်မကို ဒီလောက်ပဲမုန်းနေရသလားဟင်"

တန့်ကျင်းမင်၏မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နှက်လျက်ရှိနေတော့၏။

"အာလု- မင်းကို ငါဘာဖြစ်လို့မုန်းရမှာလဲ၊ မင်းအသက်မသေရအောင် ငါကသက်သက်မဲ့ မင်းကိုဒီလိုပြောလိုက်တာပါ၊ မင်းကိုငါချစ်ပါတယ်ကွာ၊ မင်း ငါ့ကိုပေးခဲ့တဲ့ လက်ဖက်ပန်းများကိုလဲ ငါဘယ်တော့မှမမေ့ပါဘူးကွာ"

သခင်မကြီးဝမ်း၏မျက်နှာသည် ပြုံးရောင်သန်းလာလေ၏။

"ကျွန်မဝမ်းသာလိုက်တာရှင်၊ ရှင် ကျွန်မကို မမေ့ဘူးဆိုတာကို ကျွန်မသိပါတယ်"

သူမသည် ပြောရင်းမှအသံတိုး၍လာသည်။

"ဝုန်း . . . "

သူမ၏ခန္ဓာကိုယ်သည် မြေပေါ်သို့ အရုပ်ကြိုးပြတ် ခွေလဲကျသွားလေတော့သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

သီဟမင်းသားသည် လူပေါင်းများစွာသတ်ခဲ့သော်လည်း မုယုံဟုက ယခုကဲ့သို့ သွေးအေးအေးဖြင့် လုံးဝခုခံနိုင်စွမ်းမရှိသောသူများအား . . .

တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်သွားသည်ကို တွေ့လိုက်ရသောအခါ . . .

မုယုံဟုအပေါ် ပို၍ယုံကြည်မှုကင်းမဲ့လာလေသည်။

မုယုံဟုက အေးတိအေးစက်ဖြင့် တန့်ကျင်းမင်အား စိုက်ကြည့်လိုက်သည်။

"မြို့စားကြီး ခင်ဗျားအတွက်နဲ့ ခင်ဗျားရဲ့ချစ်သူအားလုံးသေကုန်ကြပြီမဟုတ်လား၊ အခု ခင်ဗျားရဲ့မိန်းမသေသွားတာကိုလဲ ခင်ဗျားကြည့်ချင်သလားဗျာ"

သူသည် ပြောရင်း မြို့စားကတော်ဘက်သို့ဓားဖြင့် ချိန်



ရွယ်ထားလိုက်ပြန်လေသည်။

တန့်ဥသည် မြေပေါ်၌လဲလျောင်းနေသည်။

မုယုံဟုက အမျိုးသမီးလေးယောက်စလုံးအား သတ်ပစ်သည်ကို ကြားသိလိုက်ရ၏။

သူသည် မည်သို့မျှ မလှုပ်မယှက်နိုင်သဖြင့် ဝင်ရောက်ကယ်တင်ချင်သော်လည်း အားမတန်၍မာန်လျှော့နေရလေသည်။

ယခု မုယုံဟုက သူ၏မိခင်အားသတ်ရန် ခြိမ်းခြောက်နေသည်ကိုကြားသိရသဖြင့် သူသည် ရင်ထဲ၌စိုးရိမ်ခံပြင်းလာလေ၏။

"ငါ့အမေကိုမထိနဲ့- ငါ့အမေကိုမထိနဲ့"

သူသည် တအားကုန်း၍ အော်လိုက်သော်လည်း သူ၏ပါးစပ်တွင် အဝတ်များဆို့ထားသဖြင့် အသံကားထွက်မလာပါချေ။

သူသည် အစွမ်းကုန်ရုန်းကန်သည်။

ထိုစဉ် မုယုံဟု၏အသံကို ထပ်မံပြီးကြားလိုက်ရပြန်သည်။

"မြို့စားကြီး- ကျုပ်က သုံးအထိရေတွက်မယ်၊ ခင်ဗျားက ကတိမပေးဘူးဆိုရင် ခင်ဗျားမိန်းမဟာ အသက်မရှိတော့ဘူးလို့သာမှတ်ပေတော့"

တန့်ဥသည် ရင်ထိတ်သွားပြီး သူ၏တစ်ကိုယ်လုံးမှာလည်း ပူထူလာသည်။

သူ့ကို ချည်နှောင်ထားသောကြိုးများကိုလည်း လွတ်နိုင်ရန်ရုန်းကန်နေလေသည်။

သို့သော် သူသည် ကြိုးစားသော်လည်း အရာမရောက်ပါ။

ထိုစဉ် သီဟမင်းသား၏အသံကို ကြားလိုက်ရပြန်သည်။

"မုယုံဟု- မသက်နိုင်ဦး၊ ခေါင်းအေးအေးထားပြီး ထပ်မံဆွေးနွေးရင်ကောင်းမယ်"

မုယုံဟုက ခေါင်းခါယမ်းလိုက်သည်။

"အဖ- ဒီကိစ္စမှာ ပေါ့ပေါ့တန်တန်ထားလို့မရဘူး၊ သူသာ ကတိမပေးရင် ကျွန်တော်တို့အကြံအစည်တွေ အားလုံးအလဟဿ ဖြစ်သွားတော့မှာပဲ"

တန့်ကျင်းမင် မျက်မှောင်ကုပ်လိုက်သည်။

"ကျုပ်ကို ကတိခံစေချင်ရင် ကျုပ်အတွက် တစ်ခုတော့ လိုက်လျောရလိမ့်မယ်ဗျ"

"ဘာအတွက် လိုက်လျောရမှာလဲ မြန်မြန်ပြောပါ၊ ကျုပ်အချိန်ကုန်မခံနိုင်ဘူး"

တန့်ကျင်းမင်သည် ဦးခေါင်းကိုတစ်ဘက်သို့လွှဲလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မုယုံဟုက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ- ခင်ဗျားက ကတိမပေးဘူးဟုတ်လား"

တန့်ကျင်းမင်သည် သက်ပြင်းရှည်တစ်ချက်ကိုချလိုက်လေသည်။

"မထူးပါဘူးဗျာ- အားလုံးသေသွားတာပဲကောင်းပါတယ်"

မုယုံဟု၏မျက်နှာသည် ကွက်ခနဲပျက်သွား၏။

"တစ်. . . နှစ်. . ."

မုယုံဟုသည် ရေတွက်လိုက်သည်။

တန့်ကျင်းမင်သည် တစ်ဘက်သို့မျက်နှာလွှဲထားလိုက်၏။



"သုံး. . ."

မုယုံဟုသည် ယင်းသို့ရေတွက်လိုက်ပြီးသည်နှင့် ဓားဖြင့် မြို့စားကတော်၏ရင်ဝသို့ ထိုးသွင်းမည်ပြုရာ-

ရုတ်တရက် အရာဝတ္ထုတစ်ခုသည် သူ၏ပန်းသို့ဝင်ရောက် တိုက်ချလိုက်သည်ကို ခံလိုက်ရလေသည်။

သူသည် နောက်သို့ ကပျာကယာရှောင်တိမ်းလိုက်သည်။

တန့်ဥက မြေပေါ်မှခုန်ထလာပြီး မိမိအား ဦးခေါင်းဖြင့် ဝင်ဆောင့်လိုက်ခြင်းဖြစ်သည်ကို တွေ့လိုက်ရလေသည်။

မုယုံဟု အံ့ဩသွားသည်။

တန့်ဥသည် ဖျားကောင်၏အဆိပ်နှင့် မိမိ၏အဆိပ် နှစ်မျိုးစလုံးကိုမိထားသည်။

ယခု အဘယ်ကြောင့် ထခုန်လာနိုင်သနည်း။

တန့်ဥသည် မိမိ၏မိခင်အသတ်ခံရတော့မည်ကို တွေ့ရှိလိုက်ရသောအခါ မနေနိုင်တော့ဘဲ ရုန်းကန်ပြီး ဦးခေါင်းဖြင့် မုယုံဟုအား ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူ၏တစ်ကိုယ်လုံးမှာလည်း ခွန်အားအပြည့်ဖြစ်လာပြီးလျှင် လက်နှစ်ဖက်ကို ရုန်းကန်လိုက်ရာ သူ၏လက်များတွင် ချည်နှောင်ထားသောနွားသားရေကြိုးများ ပြတ်ထွက်သွားလေတော့သည်။

မုယုံဟုက မဲ့ပြုံးပြုံးလိုက်သည်။

"လက်စသတ်တော့ မင်းကိုး"

တန့်ဥသည် လက်နှစ်ဖက်တွင်ချည်ထားသော နွားသားရေ

ကြိုး ပြတ်ထွက်သွားပြီးနောက် မုယုံဟုရှိရာသို့မှန်းပြီး လက်ညှိုးညွှန် လိုက်ရာ-

"ခြစ်. . . "

သူ့လက်ညှိုးမှလျှပ်စစ်စီးကြောင်းများသည် မုယုံဟုထံသို့ ပစ်လွှင့်သွားလေသည်။

မုယုံဟုသည် ကဗျာကယာရှောင်တိမ်းလိုက်သည်။

တန့်ဥသည် မုယုံဟု မည်သည့်နေရာတွင်ရှိနေသည်ကို မတွေ့မြင်လိုက်ရသဖြင့် သူ၏လက်နှစ်ဖက်ကို ဝှေ့ယမ်းလျက် ကိုယ့် ကိုယ်ကို ကာကွယ်ထားလိုက်သည်။

မုယုံဟုက ဓားဖြင့် တန့်ဥ၏ရင်ဝသို့ထိုးသွင်းလိုက်သည်။

ဓားသည် သူ့ပခုံးပေါ်သို့ထိုးမိသွားလေသည်။

တန့်ဥ ထိတ်လန့်သွားသည်။

အပေါ်သို့ခုန်တက်ကာ ရှောင်တိမ်းလိုက်လေသည်။

သူသည် မျက်မှောင်ကုပ်လိုက်ပြီး. . .

"ငါ့မျက်လုံးက ဘာမှမမြင်ရဘူး၊ အဲဒီတော့ သူနဲ့ယှဉ်ရင် ငါပဲရှုံးမှာပဲ၊ ငါသေသွားတာကကိစ္စမရှိဘူး။ ငါ့အဖေနဲ့အမေကို ဘယ်လိုလုပ်ကယ်ရမလဲ"

သူသည် ယင်းသို့တွေးရင်း ခြေနှစ်ချောင်းကို တအားဆန့် လိုက်ရာ သူ့ခြေထောက်ပေါ်မှ ချည်နှောင်ထားသောနွားသားရေ ကြိုးများသည် အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်သွားလေတော့သည်။

မုယုံဟုသည် ဓားဖြင့် သူ့အားတရကြမ်းတိုက်ခိုက်လိုက်ရာ တန့်ဥသည် ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်သိုင်းကွက်ဖြင့်ဖြင့် ရှောင်



တိမ်းလိုက်ရလေသည်။

မုယုံဟု၏ဓားသည် လျှင်မြန်ထက်မြက်စွာဖြင့် တန့်ဥအား တိုက်ခိုက်လိုက်ရာ တန့်ဥသည် မျက်လုံးပေါ်မှစည်းထားသော အ ဝတ်များအား ဖြုတ်ချရန်ပင် သတိမရတော့ပါ။

မုယုံဟုသည် တန့်ဥက မိမိအားအထင်သေးစွာဖြင့် မျက် လုံးပေါ်မှ စည်းထားသောအဝတ်များမဖြုတ်ဘဲ ရင်ဆိုင်နေသည်ဟု ထင်မှတ်ကာ ဒေါသပို၍ထွက်လာလေသည်။

သူသည် ပို၍ပြင်းထန်စွာတိုက်ခိုက်လိုက်လေသည်။

သီဟမင်းသားသည် တန့်ဥမှာ အန္တရာယ်နှင့်ရင်ဆိုင်နေ ရသည်ကိုတွေ့ရသောအခါ ရင်ထိတ်သွား၏။

သူသည် တန့်ဥအား မျက်လုံးပေါ်မှအဝတ်များ ဖြုတ်ဖို့ သတိပေးရန်အကြံရလေသည်။

"ဟေ့- မုယုံဟု သူ့ကိုအမြန်ဆုံးသတ်လိုက်၊ တော်ကြာ သူ့ မျက်လုံးပေါ်က အဝတ်ဖြုတ်လိုက်ရင် တို့ဒုက္ခရောက်နိုင်တယ်ကွ"

ထိုစကားကြားလိုက်ရသောအခါ မုယုံဟုက သီဟမင်းသား အား စိတ်ထဲ၌ ကြိတ်၍အပြစ်တင်လိုက်လေသည်။

"တော်တော်ညံ့တဲ့ မင်းသားပဲ၊ ဒီလိုပြောလိုက်တာဟာ သူ့ကိုသတိပေးတာနဲ့အတူတူပဲဆိုတာ နားမလည်ဘူးလား"

တန့်ဥသည် သီဟမင်းသား၏ စကားကြားလိုက်ရသော အခါ သတိရလာလေသည်။

သူသည် မျက်လုံးပေါ်မှစည်းထားသော အဝတ်အားဖြုတ် ပစ်လိုက်လေသည်။

အဝတ်များရုတ်တရက်ဖြုတ်ချလိုက်သဖြင့် အလင်းရောင်များသည် မျက်လုံးများသို့စူးရှစွာ တိုးဝင်လာ၏။

ထိုစဉ်မှာပင်. . .

မုယံ့ဟု၏ဓားသည် သူ၏မျက်နှာရှိရာသို့ထိုးသွင်းလာလေသည်။

တန့်ဥ ရင်ထိတ်သွားသည်။

သူ၏ခြေလှမ်းသိုင်းကွက်မှာလည်း ပျက်သွားလေသည်။

ထိုစဉ်မှာပင်. . .

မုယံ့ဟု၏ဓားသည် သူ၏ဝဲဘက်ခြေထောက်ကို ထိုးမိလိုက်လေသည်။

"ဝုန်း"

သူ၏ခန္ဓာကိုယ်သည် မြေပေါ်သို့လဲကျသွားသည်။

မုယံ့ဟု ဝမ်းသာသွား၏။

တန့်ဥရင်ဝသို့ ဓားဖြင့်ထိုးသွင်းလိုက်ပြန်လေသည်။

တန့်ဥသည် လဲလျောင်းရာမှလက်ညှိုးဖြင့် ညွှန်လိုက်ရာ လျှပ်စစ်စီးကြောင်းတစ်ခုသည် မုယံ့ဟုထံသို့ပစ်လွှင့်သွားလေသည်။

မုယံ့ဟုက ကပျာကယာရှောင်တိမ်းလိုက်သည်။

တန့်ဥသည် မိမိ၏အရိပ်မဲ့ဓားက အစွမ်းပြလာသည်ကို တွေ့မြင်ရသဖြင့် စိတ်အားထက်သန်လာလေသည်။

ထို့ကြောင့် သူသည် လက်ခလယ်၊ လက်သူကြွယ်၊ လက်ညှိုးစသည့် လက်ချောင်းများကို တစ်ခုပြီးတစ်ခုအသုံးပြုလိုက်လေ၏။

မုယံ့ဟုသည် တန့်ဥတိုက်ခိုက်လာသောလျှပ်စစ်စီးကြောင်းများကို ကြိုးစား၍ရှောင်တိမ်းနေရသည်။

"ခြစ်. . ."

လျှပ်စစ်စီးကြောင်းတခုသည် သူ့လက်ထဲမှ ဓားအားထိမှန်သွားသည်။

"ခြွမ်း. . ."

ဓားသည် မြေပေါ်သို့လွင့်ကျသွားလေသည်။

နောက်ထပ် လျှပ်စစ်စီးကြောင်းတစ်ခုသည် မုယံ့ဟု၏ အင်္ကျီများအားထိမှန်သွားရာ မုယံ့ဟု၏အင်္ကျီလက်များသည် အပိုင်းပိုင်းအစစဖြစ်ကာ လွင့်ဖျံသွားလေသည်။

မုယံ့ဟုသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့်-

"ယား. . ."

ဟု အသံကျယ်လောင်စွာ တစ်ချက်အော်လိုက်ပြီး ပြတင်းပေါက်မှ ခုန်ထွက်ပြေးလွှားသွားလေတော့သည်။

တန့်ဥသည် အတန်ကြာမှ ကုလားထိုင်ကိုလက်ဖြင့် အားယူ၍မတ်တတ်ရပ်လိုက်သည်။

သူ၏ခြေထောက်တစ်ဖက်မှာ သွေးချင်းချင်းနီရဲနေ၏။

"ဖေဖေ- မေမေ ဘာမှမဖြစ်ဘူးနော်"

သူသည် တန့်ကျင်းမင်နှင့်မိခင်အား စိုးရိမ်ကြီးစွာဖြင့် မေးလိုက်သည်။

မြို့စားကြီးကတော်က ခေါင်းယမ်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွယ်၊ ငါ့သားဒဏ်ရာကို အဝတ်နဲ့ မြန်မြန်စည်းလိုက်စမ်းပါ"

"ဟုတ်ကဲ့ မေမေ"

တန့်ဥသည် သခင်မကြီးဝမ်း၏အလောင်းမှ အဆိပ်ဖြေကြွေဗူးကလေးအား ယူလိုက်ပြီး မြို့စားကြီးကတော်သို့ လှမ်းပေးလိုက်သည်။

မြို့စားကြီးကတော်သည် အဖုံးဖွင့်၍ရှူလိုက်ရာ တစ်ခဏအကြာတွင် အဆိပ်များပြေသွားလေသည်။

သူမသည် ပြန်လည်ကောင်းမွန်လာသည်နှင့် တန့်ဥ၏ဒဏ်ရာများကို စည်းပေးနေ၏။

ထို့နောက် တန့်ကျင်းမင်အားဖြေဆေးဖြင့် အဆိပ်ဖြေပေးလိုက်ရာ တစ်ခဏအကြာတွင် တန့်ကျင်းမင် ပြန်လည်ကောင်းမွန်သွားလေသည်။

ယခု သေဆုံးသွားသောလူမှအပ အားလုံးသောလူများသည် အဆိပ်များပြေသွားကြပြီဖြစ်သည်။

သီဟမင်းသားတစ်ယောက်တည်းသာ လှုပ်ရှား၍မရဘဲ ကုလားထိုင်ပေါ်၌ထိုင်နေရ၏။

တန့်ကျင်းမင်သည် မြေပေါ်မှဓားကိုကောက်ယူလိုက်ပြီး သေဆုံးနေကြသော ဝမ်စိမ်းကျိုတို့အား ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်နေ၏။

သူ၏ချစ်သူများသည် သူ့ကြောင့်သေဆုံးသွားရသည့်



အတွက် လောကပေါ်၌ သူတစ်ယောက်တည်း အသက်မရှင်လိုတော့ပါ။

ယခု သူ့သားတန့်ဥသည်ကြီးပြင်းလာပြီး ထီးနန်းကို အမွေဆက်ခံနိုင်တော့မည်မဟုတ်ပါလော-

သူ့အဖို့ လောကပေါ်၌ တွယ်တာစရာများတစ်ခုမှ မရှိတော့ပါချေ။

ထို့ကြောင့် သူသည် ချစ်သူနှင့်အတူသေပွဲဝင်ရန် ဆုံးဖြတ်လိုက်လေသည်။

တန့်ဥ၏ဒဏ်ရာများသည် အဝတ်များဖြင့်စည်းထားလိုက်ပြီဖြစ်သောကြောင့် အနည်းငယ်သက်သာလာလေသည်။

တန့်ကျင်းမင်က သူ့အားတစ်ချက်ကြည့်လိုက်ပြီး-

"ငါ့သား- မင်းက အချိန်တန်အရွယ်ရောက်လာပြီ၊ မင်းရဲ့တာဝန်ဟာ တာလီပြည်ရဲ့ထီးနန်းကို ဆက်ခံဖို့ပါပဲ၊ မင်းရဲ့အရည်အချင်းကို ဖေဖေကယုံကြည်ပါပြီ၊ ဒါကြောင့် ဖေဖေက သားကို စိတ်လဲချတယ်၊ အားလဲကိုးပါတယ်ကွယ်၊ တစ်ခုတော့ရှိတယ်၊ မင်းက မင်းဖြစ်လာတဲ့အခါမှာ တိုင်းသူပြည်သားအပေါ် ကျောသားရင်သားမခွဲဘဲ တရားမျှတစွာအုပ်ချုပ်ပါလို့ ပြောခဲ့ချင်ပါတယ်"

တန့်ဥသည် တန့်ကျင်းမင်အား ကြောင်၍ကြည့်နေ၏။

ဤကဲ့သို့အချိန်မျိုးမှာ ဖခင်က အဘယ်ကြောင့် ယခုကဲ့သို့ပြောဆိုဆုံးမနေသည်ကို နားမလည်နိုင်ဘဲဖြစ်နေ၏။

တန့်ကျင်းမင်သည် မြို့စားကတော်ဘက်သို့ လှည့်လိုက်ပြီး

"မြို့စားကတော် မင်းသားကိုမင်းစောင့်ရှောက်ခဲ့ပါကွယ်၊ ငါက မင်းကိုချစ်သလို အခုသေဆုံးသွားတဲ့ အမျိုးသမီးတွေကိုလဲ အမှန်တကယ်ချစ်ပါတယ်၊ သူတို့က ငါ့အတွက်သေသွားရရှာပါတယ်၊ ဒါကြောင့် ငါအသက်ရှင်နေရင် တရားမှာမဟုတ်ဘူး"

မြို့စားကတော်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ရှင်. . . ရှင်"

သူမ၏စကားမဆုံးမီ တန့်ကျင်းမင်သည် သူ့လက်ထဲမှဓားဖြင့် ကိုယ့်ကိုယ်ကိုအဆုံးစီရင်လိုက်လေသည်။

"အစ်ကိုမလုပ်နဲ့"

မြို့စားကတော်သည် ကပျာကယာဟန့်တားလိုက် သော်လည်း မမီလိုက်တော့ပါချေ။

သူမသည် အလောင်းကိုဖက်၍ငိုချလိုက်လေသည်။

"ရှင့်ကို ကျွန်မခွင့်လွှတ်ပါတယ်၊ ဘာဖြစ်လို့ အခုလို ကိုယ့်ကိုယ်ကို သတ်ပစ်ရတာလဲရှင်၊ ကျွပ်- ကျွပ်သေရင်ကောင်းမယ်"

သူမသည် တန့်ကျင်းမင်လက်ထဲမှဓားကိုလှမ်းယူပြီး မိမိ၏ရင်ဝသို့ထိုးသွင်းရန်ဟန်ပြင်လိုက်ပြန်သည်။

"မလုပ်ပါနဲ့ မေမေ"

တန့်ဥသည် ငိုကြွေးကာဟန့်တားလိုက်ရလေသည်။

သို့သော် မြို့စားကတော်၏ဓားသည် ဝမ်းဗိုက်သို့ထိုးသွင်းလိုက်ပြီးဖြစ်သည်။

တန့်ဥသည် ခြေလက်များအင်အားကုန်ခမ်းနေသဖြင့် မတ်တတ်ရပ်၍ပင်မရဘဲ မိခင်ထံသို့ ဝပ်တွား၍ချဉ်းကပ်သွား၏။



မြို့စားကြီးကတော်က ငိုလျက်-

"သား ဖေဖေမင်းကိုစွန့်ခွာသွားပြီ၊ မေမေလဲ လောကပေါ်မှာမနေလိုတော့ဘူး၊ မင်းဖေဖေနောက်လိုက်သွားမှာပဲ၊ မင်းကိုယ်မင်းသာ အစစအရာရာသတိထားပါကွယ်"

တန့်ဥသည် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မေမေ မသေရဘူး၊ ဖေဖေကော ဘာဖြစ်သွားသလဲဟင်"

သူသည်ပြောရင်း မိခင်လည်ပင်းအား သိုင်းဖက်ထားလိုက်လေသည်။

မြို့စားကြီးကတော်က မချိပြုံးပြုံးလိုက်သည်။

"သား- မင်းဟာ မင်းဘဘကိုစံထားပြီး တိုင်းသူပြည်သားလူအများကလေးစားကြည်ညိုတဲ့ မင်းတစ်ပါးဖြစ်လာအောင်ကြိုးစားပါကွယ်"

ထိုစဉ် သီဟမင်းသား၏အသံ ထွက်ပေါ်လာလေသည်။

"ငါ့ကိုဖြေဆေးပေးပါ၊ မင်းအမေကို ငါကုပေးမယ်"

တန့်ဥက ဒေါသထွက်လာသည်။

"ခင်ဗျားကြောင့် ကျွပ်အဖေသေရတာ၊ ခင်ဗျားကို ကျွပ်ကလဲ့စားချေရမယ်'

သူသည် ဆတ်ခနဲထလိုက်ပြီးနောက် ဓားတစ်လက်ကိုကောက်ယူလိုက်သည်။

"ကဲ- ကျွပ်အဖေကိုသတ်တဲ့လူ သေပေတော့"

သူသည် ဓားဖြင့် သီဟမင်းသားအား ခုတ်ချရန် မြှောက်လိုက်ရာ. . .

"မလုပ်နဲ့သား. . ."

မြို့စားကတော်၏အသံသည် ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

တန့်ဥက အံ့အားသင့်သွားသည်။

သူသည် မိခင်အားလှည့်ကြည့်လိုက်ပြီး-

"မေမေ- သူ့ကြောင့် ဖေဖေသေသွားတာ၊ သူ့ကို သားက သတ်ပြီး ကလဲ့စားချေမလို့ပါ"

မြို့စားကတော်၏အသံသည် တုန်ယင်နေ၏။

"မလုပ်နဲ့သား- သား သူ့ကိုသတ်ရင် ကြီးလေးတဲ့အပြစ်တစ်ခု ကျူးလွန်မိသလိုဖြစ်သွားလိမ့်မယ်"

တန့်ဥသည် မိခင်၏စကားကိုနားမလည်ပါ။

"မေမေ- သားက ဘာအပြစ်ကျူးလွန်မှာလဲ၊ ဖေဖေ့ကို သတ်တဲ့လူကို ပြန်ကလဲ့စားချေတာ၊ ဘာအပြစ်ပဲ ကျူးလွန်ရ ကျူးလွန်ရ သားခံပါမယ်"

"မင်းမှားမယ်သား၊ သူ့ကို သား မသတ်ရဘူး"

တန့်ဥသည် ကြောင်အမ်းအမ်းဖြစ်သွား၏။

မိခင်အား နားမလည်နိုင်သော မျက်လုံးအစုံဖြင့် ငေးကြည့်နေမိသည်။

"သား- မေမေ့ဆီလာပါဦး၊ မေမေရှင်းပြမယ်"

မြို့စားကြီးကတော်သည် ဒဏ်ရာအား လက်ဖြင့်ဖိတ်ကာ ခေါ်လိုက်သည်။

တန့်ဥက မိခင်ထံလျှောက်လာသည်။



မြို့စားကြီးကတော်သည် တန့်ဥ၏အနားသို့ကပ်၍ အသံတိုးတိုးဖြင့်-

"သား- သီဟမင်းသားဟာ မင်းအဖေအရင်းကွဲ့"

သူ၏စကားမဆုံးမီ တန့်ဥသည် ထခုန်မိမတတ် အံ့ဩတကြီးလန့်သွားသည်။

"ဗျာ- "

"ဟုတ်ပါတယ်သား၊ မေမေ့ယောကျ်ားဟာ မိန်းမတွေနဲ့ရှုပ်ပြီး မေမေ့ကိုသစ္စာဖောက်လို့ မေမေက ဒေါသရှေ့ထားမိလို့ သူ့ကိုကလဲ့စားချေမယ်ဆိုပြီး မဆင်မခြင်ဘဲ သီဟမင်းသားနဲ့ ပူးပေါင်းသွားမိတယ်၊ နောက်တော့ သားကိုမွေးတော့တာပဲ၊ သူ့ကို ငါချစ်လို့မဟုတ်ဘူး၊ ဒါပေမယ့် သူဟာ သားရဲ့အဖေအရင်းဖြစ်နေလို့ သား သူ့ကိုမသတ်ရဘူး"

တဒင်္ဂအချိန်အတွင်းမှာ မမျှော်လင့်သောကိစ္စရပ်များသည် ထူးခြားမှုကြီးတစ်ခု ရင်ဆိုင်လိုက်ရသဖြင့် တန့်ဥသည် မလှုပ်မယှက် ငေးငိုင်သွားလေတော့သည်။

သူ၏နားကိုပင် မယုံနိုင်ပါ။

အတန်ကြာမှ သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် အော်ဟစ်လိုက်လေသည်။

"မေမေ- ဒါ- ဒါမဟုတ်ဘူး၊ မဖြစ်နိုင်ဘူး"

သီဟမင်းသားက ထပ်မံပြောလိုက်သည်။

"ငါ့ကို ဖြေဆေးမြန်မြန်ပေးစမ်းပါ၊ တော်ကြာ မင်းအမေကို ကုဖို့အချိန်မမီဘဲနေလိမ့်မယ်"

တန့်ဥသည် မိခင်ဖြစ်သူ၏အခြေအနေမှာ တဖြည်းဖြည် ဆိုးရွားလာသည်ကိုတွေ့လိုက်ရသဖြင့် မြေပေါ်မှအဆိပ်မြေဆေး ကိုကောက်ယူပြီး သီဟမင်းသား၏နှာခေါင်းကိုတေ့ပေးလိုက်၏။

အချိန်အနည်းငယ်ကြာသွားသောအခါ သီဟမင်းသာ သည် ပြန်လည်ကောင်းမွန်လာပြီး ထိုင်ရာမှထလိုက်သည်။

မြေပေါ်မှဝါးလုံးအားကောက်ယူလိုက်ပြီး မြို့စားကတော် ၏ခက်ရာပတ်ဝန်းကျင်မှသွေးကြောများကို ပိတ်လိုက်လေသည်

မြို့စားကတော်က ခေါင်းခါယမ်းလိုက်သည်။

"ရှင်- ကျွန်မကိုမထိနဲ့တော့"

သူမသည် တန့်ဥဘက်သို့လှည့်လိုက်ပြီး-

"သား- သားကို မေမေမှာခဲ့ချင်သေးတယ်"

တန့်ဥသည် မိခင်၏အနားသို့ကပ်လိုက်လေသည်။

မြို့စားကြီးကတော်က အသံတိုးတိုးဖြင့်-

"ဒီလူဟာ မင်းအဖေနဲ့အမျိုးအနွယ်တူပေမယ့် ဘာမှ တော်ပါဘူး။ ဒါကြောင့် သားချစ်နေတဲ့မုဝမ်းချင်တို့ ဝမ်းယို့ယန် ကြုံးလင်တို့ အဲဒီမိန်းကလေးတွေဟာ သားနဲ့ဘာမှမပတ်သက်ဘ သား သူတို့ကို လက်ထပ်မယ်ဆိုရင် လက်ထပ်နိုင်ပါတယ်"

မြို့စားကြီးကတော်သည် အနည်းငယ်မောဟိုက်သွားသေ ကြောင့် ခေတ္တရပ်နားလိုက်သည်။

သူမသည် အနည်းငယ်အမောပြေတော့မှ စကားကိုဆ လိုက်သည်။

"သူတို့တရုတ်လူမျိုးတွေဟာ အမျိုးအနွယ်တူရင် လက်



ထပ်ရဘူးဆိုတာမှန်ပါတယ်၊ ဒါပေမယ့်- တို့တာလီပြည်က လူမျိုးတွေ ကျတော့ မောင်နှမအရင်းမဟုတ်ရင် လက်ထပ်နိုင်ပါတယ်၊ အခု ဆိုရင် သားဝမ်းသာနိုင်ပြီမဟုတ်ပါလားကွယ်"

တန့်ဥ၏မျက်ဝန်းအစုံတွင် မျက်ရည်များတသွင်သွင် စီး ဆင်းကျလာလေ၏။

သူ၏စိတ်ထဲ၌ ထိုအကြောင်းအရာများကို မည်သို့မျှ စိတ် မဝင်စားပါချေ။

သူ၏မိခင်အသက်မသေရေးကိုသာ ရင်တထိတ်ထိတ်ဖြင့် ဆုတောင်းနေရလေသည်။

မြို့စားကြီးကတော်သည် အားနည်းစွာဖြင့် သက်ပြင်းတစ် ချက်ချလိုက်သည်။

"သား- သားက နန်းဝတ်နန်းစားနဲ့ ဘုရင့်ပလ္လင်ပေါ်မှာ ထိုင်နေတာကို မတွေ့နိုင်တော့တဲ့အတွက် မေမေဟာ ဝမ်းနည်းလို့ မဆုံးပါဘူးကွယ်၊ ဒါပေမယ့်- မေမေ့သားဟာ တရားမျှတပြီး တိုင်းသူပြည်သားများအပေါ် ကရုဏာကြွင်နာစိတ်ရှိတဲ့ ဘုရင်တစ် ပါးဖြစ်လိမ့်မယ်ဆိုတာ မေမေယုံကြည်ပါတယ်ကွယ်"

သူမသည် စကားဆုံးသွားသည်နှင့်မျက်လွှာကို တဖြည်း ဖြည်းချလိုက်လေသည်။

"မေမေ- မေမေ"

တန့်ဥသည် အသံကျယ်လောင်စွာဖြင့် အော်ဟစ်၍ခေါ် လိုက်လေသည်။

ထို့နောက်. . .

မိခင်၏ကိုယ်ခန္ဓာကိုယ်အား ပွေ့ဖက်ထားလိုက်လေသည်။

"မေမေရယ်- သားကိုပစ်သွားပြီလားမေမေရယ်"

သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် အော်ဟစ်ငိုကြွေးနေစဉ်မှာပင် ရုတ်တရက် သူ၏ကျောပြင်တွင် တစ်ချက်ထုကျဉ်သွားသည်ကို ခံစားလိုက်ရလေသည်။

တစ်ဆက်တည်းပင် သူ၏ခါး၊ ခြေထောက်၊ လက်မောင်းစသည်များကို တစ်စုံတစ်ယောက်က သွေးကြောပိတ်လိုက်ကြောင်းသိလိုက်ရလေသည်။

ထို့နောက် အသံတစ်သံသည် သူ၏နားထဲသို့တိုးဝင်လာလေသည်။

"ကျုပ်က မင်းရဲ့ဖခင်သီဟမင်းသားပါ။ မြို့စားကြီးရဲ့ဂုဏ်သိက္ခာကိုမထိခိုက်စေဖို့ အခု ကျုပ်ကအသံလွှင့်ပညာနဲ့မင်းကိုစကားပြောနေတယ်၊ မင်းအမေရဲ့စကားကို မင်းကြားခဲ့ပြီမဟုတ်လား"

တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မကြားဘူး- ကျုပ်မကြားဘူး။ ကျုပ်က ကျုပ်အမေနဲ့ကျုပ်အဖေကိုပဲသိတယ်"

"ဘယ်လို. . . မင်းက ငါ့ကိုအဖေလို့ အသိအမှတ်မပြုဘူးဟုတ်လား"

"မပြုဘူး- မပြုဘူး- ကျုပ်မယုံဘူး"

"ဒီမှာတန့်ဥ၊ မင်းကို ငါသတ်ချင်ရင် လွယ်လွယ်လေးပါ၊ မင်းက ငါ့သားအရင်းဖြစ်နေလို့သာ ငါ အခုလိုပြောနေတာပေါ့၊ မင်းစဉ်းစားကြည့်လေ၊ ကိုယ့်အဖေအရင်းကိုတောင်မှ အသိအမှတ်



မပြုဘူးဆိုတာ မင်းတရားသလား"

တန့်ဥသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျား သတ်ချင်ရင်သတ်လိုက်၊ ကျုပ်က ခင်ဗျားကိုအသိအမှတ်မပြုနိုင်ဘူး"

သီဟမင်းသားမှာ ဒေါသချောင်းချောင်းထွက်လာသည်။

သူသည် မိမိ၏ဘဝတစ်သက်တာ၌ သားအရင်း တစ်ယောက်ရှိနေသည်ကို ဝမ်းသာ၍မဆုံးဖြစ်ခဲ့လေသည်။

ယခု မိမိ၏သားက မိမိအား ဖခင်အဖြစ် အသိအမှတ်ပြုရန် ငြင်းပယ်နေသည်ကိုတွေ့လိုက်ရသဖြင့် သူ၏မျှော်လင့်ချက်များကင်းမဲ့သွားပြီဖြစ်ရာ ဒေါသချောင်းချောင်းထွက်လာပြီး တန့်ဥအားသတ်ပစ်ရန်ဆုံးဖြတ်လိုက်လေသည်။

သူသည် လက်ထဲမှဝါးလုံးဖြင့် တန့်ဥ၏ကျောပေါ်သို့ ထိုးချမည်ပြုစဉ် ရုတ်တရက် သူသည် ဝမ်းနည်းလာမိလေသည်။

"အင်း- ငါ့ဘဝတစ်လျှောက်လုံးမှာ ဒုက္ခနဲ့ချည်းပဲ ရင်ဆိုင်ခဲ့ရတယ်၊ ရင်းနှီးတဲ့ဘူဆိုလို့ တစ်ယောက်မှမရှိခဲ့ဘူး၊ လောကပေါ်မှာ အထီးကျန်ဘဝနဲ့ပဲနေခဲ့ရတယ်၊ အခု ငါ့မှာသားအရင်းတစ်ယောက်ရှိနေပြီ၊ ငါ သူ့ကိုသတ်လို့သင့်တော်ပါ့မလား၊ သူကငါ့ကို အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငါ့သားဟာ ငါ့သားပဲ"

သူသည် ယင်းသို့တွေးမိလာသောအခါ စိတ်သက်သာရာရသွားလေသည်။

"ငါဟာ ဘုရင်မဖြစ်နိုင်ပေမဲ့ တာလီပြည်ရဲ့ဘုရင်ဟာ ငါ့သားအရင်းက ဆက်ပြီးအမွေခံရမယ့်အတွက် ငါ့အဖို့ ငါ့ရဲ့ဆန္ဒ

ပြည့်သွားပြီမဟုတ်ပါလား"

သူသည် ယင်းသို့ဆက်၍တွေးမိလိုက်သောအခါ ဝမ်းသာပီတိဖြစ်လာလေသည်။

ဤကဲ့သို့ ဝမ်းသာခြင်းမျိုးသည် သူ၏ဘဝတစ်လျှောက်လုံးတွင် ယခုတစ်ကြိမ်သာလျှင် အပြည့်အဝခံစားခဲ့ရဘူးသည် မဟုတ်ပါလော။

ထိုစဉ် တန့်ဥ၏အသံကိုကြားလိုက်ရလေသည်။

"ခင်ဗျား ကျုပ်ကိုသတ်ပစ်မယ်ဆို၊ မြန်မြန်သာ သတ်လိုက်စမ်းပါဗျာ"

သီဟမင်းသားသည် တန့်ဥ၏သွေးကြောများကို ပြန်လည်ဖွင့်ပေးလိုက်လေသည်။

"ကျုပ်သားအရင်းကို ကျုပ်မသတ်ဘူး၊ မင်းက ငါ့ကိုအသိအမှတ်မပြုရင် မင်းအဖေနဲ့မင်းအမေအတွက် ကျုပ်ကိုကာလဲ့စားချေနိုင်ပါတယ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ရင်ကိုကော့လိုက်လေသည်။ တန့်ဥသည် မိခင်၏အလောင်းအား ဖြည်းညှင်းစွာချလိုက်သည်။ မျက်ရည်သုတ်ပြီး ထလာလေသည်။

ထို့နောက် သီဟမင်းသားအား မလှုပ်မယှက်ရပ်ကြည့်နေ၏။

သီဟမင်းသားသည် ဓားတလက်ကို ကောက်ယူလိုက်ပြီး တန့်ဥ၏လက်ထဲသို့ လှမ်းပေးလိုက်လေသည်။

"ကဲ- တန့်ဥ၊ ငါဟာ မင်းရဲ့ရန်သူပဲ၊ ငါ့ကိုသတ်လိုက်ပါ၊



ငါ့ရဲ့ဘဝဟာ လောကပေါ်မှာ အသက်ရှင်နေလို့လဲ ဘာအကြောင်းထူးတော့မှာလဲ"

သူသည် ဓားကိုကိုင်လျက်ငေး၍ရပ်နေသည်။

အတန်ကြာမှ သူသည် ဓားကိုလွှင့်ပစ်လိုက်သည်။

"မေမေက ကျွန်တော့်ကိုလိမ်မှာမဟုတ်ဘူး၊ မေမေပြောတာကို ကျွန်တော်ယုံတယ်၊ ခင်ဗျားကို ကျွန်တော်မသတ်တော့ဘူး"

"ဟား- ဟား- ဟား"

သီဟမင်းသားသည် အားရဝမ်းသာစွာ ရယ်မောလိုက်လေသည်။ သူ၏ရင်ထဲမှဝမ်းသာမှုများသည် ဝေဖြာနေ၏။

သူ၏သားအရင်းက သူ့အားအသိအမှတ်ပြုလိုက်ပြီ မဟုတ်ပါလော။

လောကပေါ်မှာ ဤမျှဝမ်းသာဖွယ်ကောင်းသော ကြည်နူးရာကောင်းသော စိတ်ကျေနပ်ဖွယ်ရာကောင်းသောအရာများ ရှိနိုင်ပါဦးမည်လော။

သူ၏တစ်ကိုယ်လုံးသည် ပေါ့ပါးသွက်လက်လာပြီး ဝါးလုံးနှစ်လုံးကိုကောက်ယူကာ မြေပေါ်တစ်ချက်ထောက်လျက် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

တန့်ဥသည် စိတ်ပျက်စွာဖြင့်ထိုင်ချလိုက်သည်။

တန့်ကျင်းမင်၏အလောင်းနှင့် မိခင်၏အလောင်းများကို ငေး၍ကြည့်နေမိသည်။ ထိုစဉ်. . .

"သခင်လေး ဝမ်းနည်းနေတဲ့စိတ်ကိုဖြေပါရှင်၊ ကျွန်မတို့ အရောက်နောက်ကျလို့ ခုလိုဖြစ်သွားရတာကိုဝမ်းနည်းပါတယ်ရှင်"

တန့်ဥကလှည့်ကြည့်လိုက်ရာ ထင်းစန်းတောင်မှ ကန့်ကော် ညီအစ်မတို့ကိုတွေ့လိုက်ရလေသည်။

တန့်ဥသည် ဝမ်းနည်းကြေကွဲစွာဖြင့်-

"ကျုပ်အဖေနဲ့အမေ အသတ်ခံလိုက်ရပြီဗျာ"

ဟုပြောပြီး ထပ်မံငိုကြွေးလိုက်လေသည်

"ဟုတ်ပါတယ် သခင်လေး၊ ကျွန်မတို့က ဒီသတင်းကိုကြား ရလို့ လိုက်လာခဲ့တာပါ၊ အခုလို နောက်ကျသွားတာကို ဝမ်းနည်းလို့ မဆုံးပါဘူးရှင်"

ထိုစဉ်မှာပင် လေချွန်သံများကြားလိုက်ရလေသည်။

ကန့်ကော်က မျက်မှောင်ကုပ်သွားသည်။

"ဩော်- ဝူဘွားဘွားတို့လဲ ရောက်လာကြပြီနဲ့တူတယ်"

သူမ၏စကားဆုံးသွားသည်နှင့် မြင်းခွာသံများသည် ဆူညံစွာထွက်ပေါ်လာလေသည်။ မကြာပါချေ- ဝူဘွားဘွားနှင့် အမျိုးသမီးတစ်စုတို့သည် အိမ်ခန်းထဲသို့ပြေးဝင်လာကြလေသည်။

ဝူဘွားဘွားသည် အလောင်းများကိုတွေ့ရှိလိုက်ရသဖြင့် ခြေလှမ်းတို့ခနဲရပ်သွားသည်။

သူမသည် တန့်ဥအား ဦးညွှတ်လိုက်သည်။



"ဒေါ်ဒေါ်တို့ နောက်ကျလာတာနဲ့ အခုလို မမျှော်လင့်ဘဲ ဖြစ်သွားတာကို စိတ်မကောင်းပါဘူးသခင်လေး"

တန့်ဥက သက်ပြင်းတစ်ချချလိုက်သည်။

"ကျုပ်တစ်ယောက်လုံးရှိရက်သားနဲ့ အခုလို အမေ အဖေ တောင် အသတ်ခံရတယ်ဆိုတော့ ခင်ဗျားတို့မှာအပြစ်မရှိပါဘူးဗျာ"

ဝူဘွားဘွားက ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးဖူးကျို့က မှာလိုက်ပါတယ်၊ သူ အခုလို ကတိပျက်ကွက်ခဲ့တာ စိတ်မကောင်းဘူးလို့ပြောလိုက်ပါတယ်"

တန့်ဥက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူ့မှာအပြစ်မရှိပါဘူးဗျာ- ကျုပ်က ရွှေမင်းသမီးကိုယူဖို့ လုံးဝမှစိတ်မကူးခဲ့တဲ့ဥစ္စပဲ"

ထိုစဉ် မြို့စားကြီး၏ကိုယ်ရံတော်များဖြစ်ကြသောပန်းဝါတို့ သုံးယောက်သည် ဖြေဆေးရလိုက်သဖြင့် ပြန်လည်လှုပ်ရှားလာနိုင် ကြလေသည်။

သူတို့သည် ဗျိုင်းဖြူမှာ အဆိပ်မိ၍မြေပေါ်လဲကျနေသည် ကိုတွေ့ရသဖြင့် ဒေါသချောင်းချောင်းထွက်လာပြီး ဓားဖြင့် ဗျိုင်းဖြူ အားခုတ်ချလိုက်လေသည်။

သိုင်းလောကမှ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော လူမိုက်ကြီးလေးယောက်တို့သည် သီဟမင်းသားမှ လွဲ၍ အားလုံး သေဆုံးကုန်ကြပြီဖြစ်လေသည်။

နောက်တစ်နေ့နံနက် ထင်းစန်းတောင်မှ စုစု ဦးဆောင်သောအဖွဲ့သားများတို့သည် ဝမ်းယို့ယန်၊ ပါထင်းစု၊ ကျူတန်းစင်၊ ကြုံးလင်စသည်တို့ကိုခေါ်ဆောင်၍ ရောက်ရှိလာကြလေသည်။

တန့်ဥသည် ဝမ်းယို့ယန်တို့ရောက်ရှိလာသည်ကို တွေ့လိုက်ရသောအခါ ဝမ်းသာဝမ်းနည်းဖြစ်သွားလေသည်။

သူတို့သည် အလောင်းများကိုမြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။

ဝမ်းယို့ယန်သည် သူမ၏မိခင်သေဆုံးသွားသည်ကို တွေ့လိုက်ရသောအခါ ဝမ်းနည်းကြေကွဲနေ၏။

သူမသည် မိခင်၏အလောင်းအား ကိုယ်တိုင်မြေမြှုပ်လိုက်လေသည်။

ကြုံးလင်သည် သူမ၏မိခင်အတွက်ယူကြုံးမရဖြစ်မိသည်။

သူမသည် မိခင်၏အလောင်းကို ထိုနေရာ၌ပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်လေသည်။

ကျန်ရှိသောအလောင်းများကိုလည်း မြေမြှုပ်ကြသည်။

ထို့နောက် တန့်ဥသည် မြို့စားကြီးနှင့်မြို့စားကတော်တို့၏အလောင်းကိုသယ်ဆောင်၍ တာလိပြည်သို့ပြန်ကြလေသည်။

ထင်းစန်းတောင်မှ ဝူဘွားဘွားနှင့်စုစုတို့သည် တာလိပြည်နယ်အထိ လိုက်လံပို့ဆောင်ကြလေသည်။



တာလိ ပြည်သို့ရောက်ရှိလာသောအခါ တိုင်းသူပြည်သားများတို့သည် မြို့ပြင်သို့ထွက်၍ကြိုဆိုကြလေသည်။

တိုင်းသူပြည်သားများသည် အလွန်အားကိုးရသောမြို့စားကြီး ကွယ်လွန်သွားသဖြင့် ယူကြုံးမရဖြစ်ကြလေသည်။

တန့်ဥသည် တာလိပြည်သို့ရောက်ရှိလာသောအခါ ဝမ်းယို့ယန်တို့လူစုအား ဘုရင့်ဧည့်ဂေဟာ၌ နေရာချထားခဲ့ပြီးနောက် နန်းတော်ထဲသို့ဆက်၍ သွားလေသည်။

ဘုရင်မင်းမြတ်သည် တန့်ဥအားတွေ့မြင်လိုက်ရသည်နှင့် မျက်ရည်များစီးဆင်းကျလာလေသည်။

"သား ကံဆိုးလှချေလား၊ ဘယ်လိုဖြစ်ကြရတာလဲကွယ်"

တန့်ဥသည် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို လုံးဝထိန်ချန်ထားခြင်းမရှိဘဲ အသေးစိတ်လျှောက်ထားလိုက်လေသည်။

သူသည် ဘုရင်မင်းမြတ်အားဒူးထောက်၍-

"ကျွန်တော်မျိုးဟာ မြို့စားကြီးရဲ့သားအရင်းမဟုတ်တဲ့အတွက် ဒီနန်းတော်နဲ့မထိုက်တန်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော်မျိုးကိုသွားခွင့်ပြုပါဘုရင်မင်းမြတ်"

ဘုရင်မင်းမြတ်သည် တန့်ဥက ရိုးသားပွင့်လင်းစွာပြောပြသည်ကို ကြားလိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။

သူသည် တန့်ဥအား မထူလိုက်သည်။

"ဒီမှာငါ့သား- အခု မင်းပြောပြတဲ့အကြောင်းများကို မင်းနဲ့သီဟမင်းသားနှစ်ယောက်ထဲသာသိတဲ့ကိစ္စပဲ၊ ကျုပ်ကိုမပြောလဲဖြစ်ပါတယ်၊ အခုတော့ မင်းက ငါ့ကို မဖုံးမကွယ်ပြောပြတဲ့အတွက်

မင်းဟာ ကတိတည်တဲ့ယောက်ျား၊ ရိုးသားတဲ့ယောက်ျားတစ်ယောက်လို့ ကျုပ်ယုံကြည်တယ်၊ ကျုပ်နဲ့မင်းအဖေမှာသားမရှိဘူး၊ ဒါကြောင့် ဒီဘုရင်နေရာ မင်းကိုလွှဲပေးဖို့ကျုပ်ဆုံးဖြတ်လိုက်ပါပြီ"

တန့်ဥက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်လို့ပါ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ. . ."

ဘုရင်မင်းမြတ်သည် သူ၏သရဖူကိုချွတ်လိုက်သည်။

သူ၏ဦးခေါင်းပေါ်၌ ဆံကေသာတစ်ပင်မှမရှိပါ။ ခေါင်းတုံးကြီးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

တန့်ဥက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟင်- ဘာဖြစ်တာလဲ ဘုရင်မင်းမြတ်"

ဘုရင်မင်းမြတ်က ပြုံးပြလိုက်သည်။

"ကျုပ်က ဘုန်းကြီးဝတ်လိုက်ပြီကွဲ့၊ မင်းအဖေမလာသေးလို့ ငါကစောင့်နေတာ၊ အခု သူကွယ်လွန်သွားတဲ့အတွက် မင်းက သူ့နေရာဆက်ခံရမယ်"

တန့်ဥသည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"မဖြစ်ဘူးထင်တယ်၊ သားက အသက်ငယ်တယ်၊ အတွေ့အကြုံလဲနည်းတယ်၊ တိုင်းပြည်ကို မအုပ်ချုပ်နိုင်သေးပါဘူးဘုရား"

ဘုရင်မင်းမြတ်၏မျက်နှာတစ်ခုလုံးသည် လေးနက်တည်ကြည်သွားသည်။

"ဒီမှာတန့်ဥ မင်းမိဘက မင်းအပေါ်မှာ ကောင်းသလား မကောင်းဘူးလား၊ ပြောပါ"

"ကျွန်တော်မျိုးရဲ့မိဖက ကျွန်တော့်အပေါ် ကျေးဇူးကြီးလှပါတယ်"

"အေး- မင်းကျေးဇူးသိတတ်ရင်တော့ ငါပြောတဲ့စကားကို ...က်ခံရမယ်"

ဘုရင်မင်းမြတ်က စကားဆက်လိုက်သည်။

"တစ်ခုတော့ရှိတယ်၊ မင်း တိုင်းပြည်ကိုအုပ်ချုပ်တဲ့အခါမှာ ကိစ္စရပ်နှစ်ခုကိုတော့ အမြဲသတိထားရလိမ့်မယ်"

"ဟုတ်ကဲ့ ဘုရင်မင်းမြတ်"

"မင်း သတိထားရမယ့်ကိစ္စနှစ်ရပ်က ပထမ တိုင်းသူပြည်သားတွေကိုမေတ္တာထားရမယ်၊ ဒုတိယ ဝေဖန်ခံရတာကိုလဲ ခံနိုင်ရည်ရှိရမယ်"

တန့်ဥသည် ဒူးထောက်၍ဦးညွတ်လိုက်လေသည်။

"ဘုရင်မင်းမြတ် အမိန့်တော်အတိုင်းပါ"

ဘုရင်မင်းမြတ်က စကားဆက်လိုက်သည်။

"အေး- ကောင်းကင်နဂါးကျောင်းမှာ တာလွန်နယ်စားနဲ့ ...ရင်ဆိုင်ပြီးတဲ့နောက် ကျုပ်က သာသနာ့ဘောင်ထဲဝင်ခဲ့ပြီးပါပြီ၊ ဒါပေမယ့် မင်းအဖေတန့်ကျင်းမင် ပြန်မလာသေးတာနဲ့ ငါက တိုင်းပြည်ကိုဆက်ပြီး အုပ်ချုပ်နေရတာ၊ အခုတော့ ဒီတာဝန်ကို အခုအချိန်ကစပြီး မင်းကပဲ ဆောင်ရွက်သွားရတော့မှာပဲ"

တန့်ဥသည် ဦးညွတ်လိုက်ပြီး-

"ဘုရင်မင်းမြတ်အမိန့်တော်အတိုင်းပါဘုရား"

## စစ်မက်သင်းခြင်း

ထိုခေတ်အခါတွင် တရုတ်ပြည်သည် စုံနိုင်ငံ၊ ခေတန်နိုင်ငံ၊ စီဟာနိုင်ငံ၊ တာလိနိုင်ငံစသည်ဖြင့် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေ၏။

စုံနိုင်ငံသည်. . .

ဘုရင်ကွယ်လွန်သွားပြီးနောက်-

အိမ်ရှေ့စံမင်းသား ချောင်းကျောင်း နန်းတက်ခဲ့သည်။

သို့သော်-

တိုင်းပြည်အုပ်ချုပ်သည့်အာဏာများကို မိဖုရား၏လက်ထဲ၌ချုပ်ကိုင်ထားသည်။

မိဖုရားသည် အလွန်အမြော်အမြင်ကြီးသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်လည်း တိုင်းပြည်အတွင်း အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိလေသည်။

သို့သော်-



ချောင်းကျောင်းသည် ဘုရင်ဖြစ်လျက် အာဏာမရှိသဖြင့် မိဖုရားအပေါ် လုံးဝမကျေနပ်ချေ။

သို့သော်. . .

မှူးမတ်များနှင့် စစ်သေနာပတိများက မိဖုရားအပေါ် ကြည်ညိုလေးစားနေကြသဖြင့်-

သူသည် မကျေမနပ်ဖြစ်နေသော်လည်း မည်သို့မှမတတ်နိုင်ပါပေ။

ယခု. . .

မိဖုရားသည် မကျန်းမမာဖြစ်လာပြီး နန်းတွင်းသမားတော်ကြီးများက ကြိုးစား၍ကုသပေးနေရသော်လည်း မိဖုရား၏ အခြေအနေသည်-

တစ်နေ့တစ်ခြားဆိုးရွားလာလေသည်။

နောက်ဆုံး မိဖုရားသည် မိမိကိုယ်ကို အခြေအနေမဟန်မှန်းသိလာသဖြင့် သားတော်အား အိမ်နီးချင်းနိုင်ငံများနှင့် သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံရမည်၊ အတတ်နိုင်ဆုံး စစ်မဖြစ်ရန်မှာကြားပြီး ကွယ်လွန်သွားလေသည်။

သို့သော်. . .

ချောင်းကျောင်းသည် အသက် (၁၈)နှစ်မျှသာရှိသေးသူဖြစ်သည်။

အလွန်သွေးကြွသောအရွယ်ဖြစ်နေ၍-

မိဖုရားကွယ်လွန်သွားပြီးနောက် ခေတန်နိုင်ငံအား တိုက်ခိုက်ရန် အပြင်းအထန်စစ်ပြင်နေလေသည်။

'စုံ'နိုင်ငံ၏လှုပ်ရှားမှုသတင်းများသည်-

မကြာမီ ခေတန်နိုင်ငံသို့ရောက်ရှိသွားလေသည်။

ခေတန်ဘုရင်ယာလွှတ်သည် ထိုသတင်းကြားလိုက်ရသော အခါဝမ်းသာသွားသည်။

သူသည် 'စုံ'နိုင်ငံအား တိုက်ခိုက်ရန် အချိန်တန်ပြီဟုတွေးမိကာ-

တောင်ပိုင်းမြို့စားရှောင်ဖုန်းထံသို့-

ဆွေးနွေးတိုင်ပင်ရန်-

အရပ်ဝတ်အရပ်စားဖြင့် ထွက်ခွာလာခဲ့လေသည်။

ထိုနေ့ ရှောင်ဖုန်းသည် ကိုယ်ရံတော် (၂၀)ကျော်နှင့်အတူ အမဲလိုက်ထွက်ခဲ့ကြလေသည်။

သူသည် အမဲလိုက်နေစဉ်မှာပင် အလံဖြူများလွှင့်ထူပြီး ရွှေဝါရောင်ထီးမိုး၍-

လူတစ်စုရောက်လာသည်ကို တွေ့မြင်ရသဖြင့်-

သူသည် ဘုရင်ယာလွှတ် ကြွရောက်လာနေကြောင်းသိလိုက်ရလေသည်။

အမဲလိုက်ခြင်းကိုရပ်ပြီး ဘုရင်ယာလွှတ်ထံ သွားရောက်ကြိုဆိုလိုက်လေသည်။

ဘုရင်ယာလွှတ်က တဟားဟားရယ်မောလိုက်သည်။



"ရှောင်ဖုန်း မင်းပျော်ရဲ့လားကွ"

"ပျော်ပါတယ်ဘုရင်မင်းမြတ်"

"အေး- ခြောက် ဒါနဲ့ မင်းအမဲလိုက်တာ ဘာတွေရပြီလဲကွ"

"ဘာမှမရသေးပါဘူးဘုရင်မင်းမြတ်"

"မင်းက တောင်ပိုင်းဘက်ကိုမှ မသွားဘဲကိုးကွ၊ ဟိုမှာ တိရစ္ဆာန်တွေ သိပ်ပေါတယ်"

"မှန်လှပါ၊ ဒါပေမယ့် တောင်ပိုင်းနယ်ဟာ 'စုံ'ပြည်နဲ့ နယ်ချင်းဆက်စပ်နေတာမို့ တစ်ပြည်နဲ့တစ်ပြည် အထင်အမြင်လွဲမှားမှာစိုးရိမ်လို့ မသွားတာပါ ဘုရင်မင်းမြတ်"

ဘုရင်ယာလွှတ်က မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ရိုက္ခာလဲ မရဘူးဆိုပါတော့"

"မှန်လှပါ- "

ဘုရင်ယာလွှတ်က ပြုံးလိုက်သည်။

"ကနေ့ ကျုပ်တို့ညီအစ်ကိုတွေ့ဆုံတဲ့ အထိမ်းအမှတ်အနေနဲ့ တောင်ပိုင်းသွားပြီး အမဲလိုက်ကြရအောင်"

"မှန်ပါ ဘုရင်မင်းမြတ်"

ရှောင်ဖုန်း၏စကားဆုံးသွားသည်နှင့်-

လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ-

ခရာသံများ အဆက်မပြတ်ထွက်ပေါ်လာလေသည်။

ဘုရင်ယာလွှတ်နှင့်ရှောင်ဖုန်းတို့သည်-

မြင်းကိုယ့်ဦး၍-

မြို့ရိုးအားပတ်ကျော်ပြီး-

တောင်ပိုင်းသို့ဦးတည်မောင်းနှင်သွားကြလေအညွှန့်
သူတို့နောက်မှ-
စစ်သည်တော်များသည်-
တပ်ချီ၍လိုက်ပါသွားကြလေတော့သည်။

## အမဲလိုက်ခြင်း

ခရာသံများ အဆက်မပြတ်ထွက်ပေါ်နေ၏။
စစ်သည်တော်များသည်-
ဩသံပေး၍ ယပ်တောင်ပုံသဏ္ဌာန်ဖြင့် ဖြန့်ကာ ရှေ့သို့ ဝိုင်းရံ၍ချီတက်သွားကြသည်။
မြင်းဟီသံများ-
အမဲလိုက်ခွေး၏ဟောင်သံများ-
စသည့်အသံများ ဆူညံစွာထွက်ပေါ်လာသည်။
စစ်သည်တော်များဝိုင်းရံထားသော နယ်ပယ်သည်-
တဖြည်းဖြည်းကျဉ်းမြောင်းလာသည်။
ချုံနွယ်ထဲမှတိရစ္ဆာန်ငယ်များသည် မနေနိုင်တော့ဘဲ ပြေးထွက်လာကြသည်။
ဘုရင်ယာလွှတ်သည် ထိုတိရစ္ဆာန်ငယ်များအား စိတ်မဝင်စားချေ။
ကျား၊ ဝက်ဝံ စသည်တိရစ္ဆာန်များထွက်ပေါ်လာမည်ကို

သာစောင့်မျှော်နေ၏။

ရုတ်တရက်-

အော်ဟစ်ကြိမ်းမောင်းသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

ထိုအသံကြောင့်-

ဘုရင်ယာလွတ် လှမ်းကြည့်လိုက်သောအခါ-

'စုံ'နိုင်ငံမှမုဆိုးများဖြစ်ကြသည်ကို တွေ့လိုက်ရလေသည်။

သူသည် ရယ်မောလိုက်သည်။

"ဟား- ဟား- ဟား၊ တိရစ္ဆာန်မရဘဲ 'စုံ'နိုင်ငံသားတွေကိုပဲ ပစ်ရတော့မယ်ထင်တယ်"

သူသည် ပြောရင်း မြားဖြင့် အဆက်မပြတ်ပစ်လွှင့်လိုက်ရာ မုဆိုး ၆ -ယောက်ခန့် လဲကျသေဆုံးသွားလေသည်။

ကျန်ရှိသော မုဆိုးများသည် ထိတ်လန့်တုန်လှုပ်ကာ ထွက်ပြေးသွားကြကုန်၏။

သို့သော်-

စစ်သည်တော်များက လှံတံဖြင့် ပြန်လည်မောင်းလိုက်ရာ မုဆိုးများသည် ဘုရင်ယာလွတ်ရှေ့သို့ ရောက်လာရပြန်လေသည်။

ဘုရင်ယာလွတ်က-

မြားဖြင့်ပစ်ရန် ချိန်ရွယ်လိုက်ရာ-

ရှောင်ဖုန်းက မနေနိုင်တော့ဘဲ. . .

"ဘုရင်မင်းမြတ် မလုပ်နဲ့"

ဟု ကမန်းကတန်းလှမ်း၍ဟန့်တားလိုက်လေသည်။



ဘုရင်ယာလွတ်က ပြုံးလိုက်သည်။

"ကဲ- ကျုပ်တာ မင်းပဲပစ်တော့၊ မင်း မြားပစ်တဲ့ပညာကို ကျုပ်မတွေ့ရသေးဘူး"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလူတွေမှာ အပြစ်မရှိပါဘူး၊ သူတို့ကို လွှတ်ပေးလိုက်ပါ ဘုရင်မင်းမြတ်"

ဘုရင်ယာလွတ်က ရယ်မောလိုက်သည်။

"ဟာ စုံနိုင်ငံကလူတွေ အတော်များတယ်ကွ၊ တွေ့သမျှ သတ်ပစ်တောင် ကုန်နိုင်မှာမဟုတ်ဘူး"

သူသည် ပြောပြီးသည်နှင့် မြားဖြင့်ပစ်ခွင်းလိုက်ပြန်ရာ ကျန်ရှိသောမုဆိုးများသည် မြားထိမှန်ပြီး သေဆုံးသွားကုန်ကြလေတော့သည်။

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

စစ်သည်တော်များ၏ကြွေးကြော်သံများက တောတစ်ခုလုံးသို့ ဟိန်းထွက်သွားလေသည်။

ရှောင်ဖုန်းမှာမူ စိတ်လက် မကြည်မသာဖြစ်သွားရလေတော့သည်။

ဘုရင်ယာလွတ်သည် ရှောင်ဖုန်းအား ပြုံးပြရင်း-

"ဘယ့်နှယ်လဲ- ငါ့ရဲ့မြားပစ်ပညာတော်ရဲ့လားကွ"

သူသည် ပြောရင်း မြားကို သိမ်းဆည်းမည်အပြုတွင်-

ရှတ်တရက် မြင်းတစ်ကောင်သည်-

ဝိုင်းရံထားသော စက်ဝိုင်းကြားမှ-

ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

မြင်းပေါ်မှလူသည် 'စုံ'လူမျိုး၏အဝတ်အစားများ ဝတ်ဆင်ထားသည်ကိုတွေ့လိုက်ရသဖြင့်-

ဘုရင်ယာလွတ်သည် စကားမပြောတော့ဘဲ မြားဖြင့်ပစ်ခွင်းလိုက်ပြန်လေသည်။

"ဝိုး- "

မြားတစ်စင်းသည် အရှိန်ပြင်းစွာဖြင့် ထိုလူထံသို့ ပစ်လွှင့်သွားသည်။

မြင်းပေါ်မှလူသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ မြားသည် သူ၏လက်ထဲသို့ရောက်ရှိသွားသည်။

ဘုရင်ယာလွတ်သည် အံကိုတင်းတင်းကြိတ်ပြီး နောက်ထပ် ပစ်ခွင်းလိုက်ပြန်သည်။

မြင်းပေါ်မှလူသည် ဝဲဘက်လက်မြှောက်ပြီး မြားအား ဖမ်းထားလိုက်လေသည်။

သူ၏မြားမှာလည်း အရှိန်မပျက်ဘဲဆက်လက်၍ ပြေးလွှားလာနေ၏။

ဘုရင်ယာလွတ်က-



မြားအား တစ်စင်းပြီးတစ်စင်း ပစ်ခွင်းလိုက်ရာ တစ်ခဏအကြာတွင်-

သူသည် မြား (၁၀)စင်းခန့်-

ပစ်လွှင့်လိုက်ပြီး ဖြစ်နေသည်။

မြင်းပေါ်မှလူသည်-

မြင်းကိုအေးဆေးစွာပင် မောင်းနှင်လာရင်း ပစ်လွှင့်လာသောမြားများအား တစ်စင်းပြီးတစ်စင်း ဖမ်းထားလိုက်လေသည်။

ဘုရင်ယာလွတ် အံ့ဩထိတ်လန့်သွားသည်။

မြင်းပေါ်မှလူ-

အနီးသို့ရောက်လာသောအခါ-

ရှောင်ဖုန်းမှာ အံ့အားသင့်သွားလေသည်။

"ဟင် အာကျိုပါလား၊ ဘုရင်ကို မရိုမသေမလုပ်ပါနဲ့"

ဟု အော်ဟစ်၍ဟန့်တားလိုက်လေသည်။

စစ်သည်တော် (၂၀)ခန့်တို့သည် လှံတံများကို ကိုင်ဆောင်၍ ဘုရင်ယာလွတ်ရှေ့သို့ရပ်၍ ကာကွယ်လိုက်လေသည်။

မြင်းပေါ်မှလူမှာ အာကျိုပင်ဖြစ်ပါသည်။

သူမသည် တခစ်ခစ်ရယ်မောလိုက်သည်။

လက်ထဲမှ မြားများကိုအပေါ်သို့ ထောင်၍လွှင့်ပစ်လိုက်လေသည်။

"အစ်ကိုကြီး၊ ရှင်က ကျွန်မကိုလာကြိုတာလားဟင်"

သူမသည် ပြောရင်း လှံတံများဖြင့် ကာရံထားသော စစ်သည်တော်များကြားသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။

ရှောင်ဖုန်းသည် အာကျိအားတွေ့မြင်လိုက်သောအခါ ဝမ်းသာသွားသည်။

"ဟင်- အာကျိ၊ မင်းမျက်လုံးကောင်းသွားပြီဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ရှင့်ညီဖူးကျို့က ကုပေးလိုက်တာလေ"

ရှောင်ဖုန်းသည် သူမ၏မျက်လုံးများအား သေချာစွာကြည့်လိုက်သည်။

ရုတ်တရက် သူသည် ထိတ်ခနဲရင်တုန်သွားသည်။

အကြောင်းမှာ. . .

အာကျိ၏မျက်လုံးအစုံသည် စူးရှတောက်ပနေသည်ဖြစ်သော်လည်း-

ထိုမျက်လုံးများသည် ဖော်မပြနိုင်သောကြေကွဲဝမ်းနည်းမှုအရိပ်အရောင်များ ပေါ်လွင်နေသည်ကို သတိပြုမိလိုက်သောကြောင့်ဖြစ်သည်။

အထူးသဖြင့်-

သူမ၏ရယ်မောသံသည် အလွန်ပျော်မြူးနေသည် ဖြစ်သော်လည်း ဝမ်းနည်းကြေကွဲမှုအားဖော်ပြနေခြင်းဖြစ်သည်။

ရှောင်ဖုန်းသည် ယင်းသို့စဉ်းစားတွေးတောနေချိန်မှာပင် မြေပေါ်မှာ မြားမှန်၍လဲကျနေသော မုဆိုးတစ်ယောက်သည် မသေသေးဘဲ သတိရလာသဖြင့် အနီးရှိခရင်းခွတစ်ချောင်းကောက်ယူပြီး ရှောင်ဖုန်း၏ကျောသို့ ပစ်လွှင့်လိုက်လေသည်။ ရှောင်ဖုန်းသည် ကျောပေးထားသဖြင့် မတွေ့မိလိုက်ပါ။



အာကျိက တွေ့ရှိသွားသဖြင့် အနီး၌ရပ်လျက်နေသော စစ်သည်တော်တစ်ယောက်၏လက်မှလှံတံအား လုယူလိုက်ပြီး ပစ်လွှင့်လိုက်ရာ-

"အား- "

လှံတံသည် မုဆိုး၏ရင်ဝသို့ထိမှန်သွားပြီး မုဆိုးသည် ခရင်းခွကိုင်လျက်မြေပေါ်သို့ ပြန်လည်လဲကျကာ သေဆုံးသွားလေတော့သည်။

"ခွပ်- ခွပ်- ခွပ်"

ဘုရင်ယာလွတ်က လက်ခုပ်တီးကာ ချီးကျူးလိုက်သည်။

"မိန်းကလေးက ဘယ်ဆိုးလို့တုန်း၊ မင်းက ငါ့မြို့စားကြီးကို ကယ်တင်လိုက်တဲ့အတွက် မင်းကိုဆုချရဦးမယ်"

အာကျိက ရယ်မောလိုက်သည်။

"ဆုပေးမယ်ဆိုရင် ကျွန်မခဲအိုလို ရာထူးတစ်ခုပေးပါ ဘုရင်မင်းမြတ်"

ဘုရင်ယာလွတ်က မျက်မှောင်ကုပ်သွားသည်။

"ကျုပ်တို့ ခေတန်ပြည်မှာ မိန်းမအတွက်ရာထူး မရှိဘူးကွယ့်၊ အင်း- မင်းကို ရွှေမင်းသမီးရာထူးတော့ပေးလို့ရတယ်"

အာကျိက နှုတ်ခမ်းစူလိုက်သည်။

"ရွှေမင်းသမီးရာထူးတော့ ကျွန်မ မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ရွှေမင်းသမီးဖြစ်ရင် ဘုရင်မင်းမြတ်ရဲ့သမီး ဖြစ်သွားမှာပေါ့၊ ကျွန်မခဲတို့နဲ့ ဘယ်လိုလုပ်နီးနီးကပ်ကပ်နေနိုင်မှာလဲလို့"

"ဟား- ဟား- ဟား"

ဘုရင်ယာလွတ်က ရယ်မောလိုက်သည်။

"မဟုတ်ရပါဘူးကွယ်၊ မင်းကိုပေးမယ့် ရွှေမင်းသမီးရာထူးက မင်းခဲအိုနဲ့အဆင့်အတန်း အတူတူပဲကွယ့်၊ ကျုပ်သမီးတော်မဟုတ်ပါဘူး"

သူသည် ပြုံး၍စကားဆက်လိုက်သည်။

"ဒါတွင် မကသေးဘူး၊ မင်းရဲ့ဆန္ဒကိုလဲ ပြည့်ဝလာစေဖို့ ဆောင်ရွက်ပေးမယ်၊ ဘယ့်နှယ်လဲ"

"ကျွန်မမှာ ဘာဆန္ဒရှိတယ်ဆိုတာ ဘုရင်မင်းမြတ်က သိနေလို့လား"

"သိတာပေါ့၊ ကဲ... ရွှေမင်းသမီးရာထူးလက်ခံမယ် မဟုတ်လား"

အာကျိသည် မြင်းပေါ်မှဆင်းလိုက်ပြီး ဒူးထောက်ကာ အလေးပြုလိုက်လေသည်။

"ကျေးဇူးကြီးလှပါတယ် ဘုရင်မင်းမြတ်"

ရှောင်ဖုန်းနှင့်ဘုရင်ယာလွတ်တို့-

ယခုကဲ့သို့ ရောက်ရှိလာခြင်းမှာ-

ထူးခြားသည့်ကိစ္စတစ်ခုခုရှိနေသည်ဟုတွေးမိသဖြင့် အာကျိသည် ရွှေမင်းသမီးရာထူးရသည်ကို စိတ်မဝင်စားချေ။



ဘုရင်ယာလွတ်သည် ရှောင်ဖုန်းအားပြုံးပြလိုက်ပြီး-

"ကဲ- ငါ့ညီ မင်းကို ငါတိုင်ပင်စရာတစ်ခုရှိလို့ လိုက်ခဲ့ပါဦး"

ဟုပြောလိုက်ရာ-

ရှောင်ဖုန်းက ဦးညွှတ်လိုက်ပြီး-

ဘုရင်ယာလွတ်နှင့်အတူ လိုက်ပါသွားလေတော့၏။

## မြောက်ပိုင်းခေတန် တောင်ပိုင်းစုံ

ရှောင်ဖုန်းနှင့်ဘုရင်ယာလွတ်တို့သည်-

မြင်းချင်းယှဉ်၍ တောင်ပိုင်းအရပ်သို့ ဦးတည်မောင်းနှင်ခဲ့ကြရာ-

မကြာမီ သူတို့နှစ်ယောက်သည် (၁၀)မိုင်ခန့်အကွာသို့ ရောက်ရှိလာကြလေသည်။

မြင်ကွင်းတစ်ခုလုံး မြက်များဖုံးလွှမ်းနေသော လယ်ကွင်းအား တွေ့မြင်လိုက်ရလေသည်။

ရှောင်ဖုန်းသည် ပျက်စီးနေသော လယ်ယာများကိုကြည့်ကာ စိတ်မကောင်းဖြစ်လာလေသည်။

ခေတန်နိုင်ငံနှင့် စုံနိုင်ငံတို့သည်-

မကြာခဏစစ်ဖြစ်သည့်အတွက် လယ်ယာသမားများ အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် ယခု လယ်ကထောင်ပေါင်းများစွာတို့မှာ ပျက်စီးဆုံးရှုံးနေရခြင်းဖြစ်သည် မဟုတ်ပါလော-



ဘုရင်ယာလွတ်သည် မြင်းကိုတစ်ချက်တော့လိုက်ပြီး အနီးရှိတောင်ကုန်းပေါ်သို့တက်သွားလေသည်။

ရှောင်ဖုန်းက နောက်မှလိုက်သွားသည်။

ဘုရင်ယာလွတ်သည် ကျာပွတ်ဖြင့် တောင်ပိုင်းအရပ်သို့ ညွှန်ပြလိုက်သည်။

"ငါ့ညီ လွန်ခဲ့တဲ့အနှစ် ၃၀-တုန်းက ခမည်းတော်ဘုရားက ကျုပ်ကို ဒီအရောက်လာပြီး ပြောဒီ 'စုံ'နိုင်ငံရဲ့နယ်မြေအားလုံးကို သိမ်းနိုင်အောင် ကြိုးစားရမယ်လို့မှာသွားတယ်"

ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"မှန်ပါ"

ဘုရင်ယာလွတ်က ပြုံးလိုက်သည်။

"ငါ့ညီက တရုတ်ပြည်မမှာ နေခဲ့တယ်ဆိုတော့ ဟိုမှာ နေထိုင်လို့ကောင်းသလား၊ ကျုပ်တို့ဆီမှာ နေထိုင်လို့ကောင်းသလား"

"ကျွန်တော်မျိုးစိတ်ထဲမှာတော့ အတူတူပဲလို့ ထင်မိတယ်ဘုရား"

"မဟုတ်သေးဘူး၊ သူတို့က ရာသီဥတုကောင်းတယ်၊ ကျုပ်တို့လို တစ်နှစ်လုံးလုံးအေးနေတာမဟုတ်ဘူး"

"ဒီလိုရှိပါတယ်ဘုရား၊ မြောက်ပိုင်းမှာနေတဲ့လူဟာ တောင်ပိုင်းမှာ မနေတတ်ပါဘူးဘုရား၊ အလားတူ မြောက်ပိုင်းမှာနေတဲ့ လူတွေကလည်း တောင်ပိုင်းမှာ နေချင်ကြမှာမဟုတ်ဘူး၊ ဒါဟာ ကောင်းကင်နတ်သိကြားတွေက ကောင်းတယ်ထင်လို့ စီစဉ်ထားတာလို့ထင်ပါတယ်၊ ဒါကို ဖီဆန်ပြီးလုပ်ချင်ရင် ကိုယ့်ကိုယ်ကို ဒုက္ခ

ရှာတာနဲ့တူပါလိမ့်မယ်ဘုရား"

ဘုရင်ယာလွတ်က သူ့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"ဒါဖြင့် မင်းကမြောက်ပိုင်းသားပဲ၊ တောင်ပိုင်းမှာ သွားနေခဲ့တာ ဘယ်လိုခံစားခဲ့ရသလဲ"

"ကျွန်တော်မျိုး အယူအဆကတော့ ဘယ်မှာပဲ နေရနေရ စိတ်ချမ်းသာမှုဟာ အဓိကလို့ယူဆထားပါတယ်၊ ဒါကြောင့် ဘယ်လိုမှမခံစားရပါဘူးဘုရား"

"ဒါဖြင့် ငါညီ အခုလို မြို့စားကြီးရာထူးနှင့်နေထိုင်ရတာ ပျော်ရဲ့လားကွဲ့"

"ပျော်ပါတယ်၊ ဒါပေမယ့်- "

"ပြောစမ်းပါ၊ ဘာများအဆင်မပြေတာရှိသေးသလဲ"

"အားလုံး အဆင်ပြေပါတယ်ဘုရား"

"ကောင်းတယ်၊ ဒါနဲ့. . . ငါညီက အိမ်ထောင်မပြုသေးဘူးလား"

"မှန်ပါ အိမ်ထောင်မပြုလိုသေးကြောင်းပါဘုရား"

"ဘာဖြစ်လို့လဲ"

ရှောင်ဖုန်းသည် မိမိနှင့်အာကြူးတို့ဖြစ်ပျက်ခဲ့သည့် အကြောင်းများကို အသေးစိတ်ရှင်းပြလိုက်လေသည်။

ဘုရင်ယာလွတ်က ရယ်မောလိုက်သည်။

"အင်း- ဒီကိစ္စဟာ တောင်ပိုင်းသားတို့ လွန်တာပေါ့၊ ငါညီ မပူနဲ့ ကျုပ်က စုံနိုင်ငံကိုသိမ်းပိုက်ဖို့ဆုံးဖြတ်ထားပြီးပြီ၊ နောက်



မကြာမီမှာပဲ စစ်ချီတိုက်ခိုက်လိမ့်မယ်၊ ငါညီကို စော်ကားခဲ့တဲ့ ကယ်ပါဂိုဏ်းကို သုတ်သင်ရှင်းလင်းပစ်မယ်"

ရှောင်ဖုန်းက မချိပြုံးပြုံးလိုက်သည်။

"မလိုပါဘူးဘုရား၊ ကျွန်တော်မျိုးလဲ သူတို့လူများများကို သတ်ပြီးခဲ့ပါပြီ၊ ကလဲ့စားချေဖို့မလိုတော့ပါဘူးဘုရား"

ဘုရင်ယာလွတ်သည် ရှောင်ဖုန်းအား စေ့စေ့ကြည့်လိုက်ပြီး. . .

"အခု ကျုပ်က ဘာကြောင့် ဒီကိုလာခဲ့တယ်ဆိုတာ ငါညီ သိသလား"

"အမိန့်ရှိပါဘုရား"

ဘုရင်ယာလွတ်က ပြုံးလိုက်သည်။

"ငါညီက စီဟာနိုင်ငံကို ရောက်ခဲ့တယ်မဟုတ်လား"

"မှန်ပါ"

"ဒါဖြင့် စီဟာနိုင်ငံရဲ့ ပထဝီအနေအထားအားလုံးကို သိထားပြီးပြီပဲ၊ အဲဒီတော့ စီဟာနိုင်ငံကို ဝင်တိုက်ရင် ငါတို့ နိုင်ဖို့ အခြေအနေရှိပါ့မလား"

ရှောင်ဖုန်း ရင်ထိတ်သွားသည်။

ဘုရင်ယာလွတ်က အလွန်လောဘကြီးနေသည်ကို အံ့ဩနေမိ၏။

"ကျွန်တော်မျိုး စီဟာနိုင်ငံကို သွားရောက်ခဲ့တာဟာ ရွှေမင်းသမီးရွေးပွဲအတွက် သွားကြည့်တာပါ၊ တခြားဘာကိုမှ သတိမထားမိပါဘူးဘုရား"

ဘုရင်ယာလွတ်က ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူးကွာ၊ သူ့ကိုနောက်မှပဲ စဉ်းစားမယ်၊ အခု အရေးအကြီးဆုံးကတော့ စုံနိုင်ငံကိုဝင်ရောက်တိုက်ခိုက်ဖို့ပါပဲ"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဘုရင်မင်းမြတ်က စုံနိုင်ငံကို ဝင်ရောက်တိုက်ခိုက်မလို့ ဟုတ်လား"

"ဟုတ်တယ်၊ အခု သူတို့မိဖုရားကွယ်လွန်သွားတော့ ချောင်းကျောင်းက တို့ကိုတိုက်ဖို့ အစီအစဉ်လုပ်နေတဲ့ သတင်း အနိုင်အမာရထားခဲ့တယ်၊ ဒါကြောင့် တို့က လက်ဦးအောင်တိုက်ရ လိမ့်မယ်ကွ"

ရှောင်ဖုန်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ဘုရင်ယာလွတ်သည် သူ့အားတစ်ချက်ကြည့်လိုက်ပြီး-

"ရှောင်ဖုန်း- မင်းဒူးထောက်ပြီး အမိန့်ကိုနာခံပါ"

ရှောင်ဖုန်းသည် မြင်းပေါ်မှဆင်း၍ ဒူးထောက်လိုက်လေသည်။

ဘုရင်ယာလွတ်သည် သူ၏ခါးမှဓားကိုဆွဲထုတ်လိုက်ပြီး အပေါ်သို့ထောင်လိုက်သည်။

"အခုအချိန်ကစပြီး တို့ဓားကြီးကို စုံနိုင်ငံတိုက်ခိုက်ရေးမှူး ချုပ်အဖြစ် ခန့်အပ်လိုက်သည်။ စစ်သည်တော်များကို ဦးဆောင်၍ စုံနိုင်ငံအား သိမ်းပိုက်ပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည် အမိန့်တော်"

သူသည် ပြောပြီးသည်နှင့်ဓားဖြင့် ရှောင်ဖုန်း၏ဝဲယာပခုံး



သို့ အသာအယာရိုက်ပြီး ဓားကိုရှောင်ဖုန်းအား လှမ်းပေးလိုက်လေ သည်။

ရှောင်ဖုန်းသည် တိတ်ဆိတ်စွာဖြင့် မတ်တတ်ထရပ်လိုက် သည်။

သူ၏အတွေးသည် အကျည်းတန်မြင်ကွင်းတစ်ခုကို တွေး ထင်မြင်ယောင်လာလေသည်။

ထောင်သောင်းမကသော ခေတန်စစ်သည်တော်များသည် စုံနိုင်ငံစစ်သည်တော်ထဲသို့ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နေကြ သည်။

လယ်ယာများ ပျက်စီးသွားသည်။

အဆောက်အဦးများ မီးဟုန်းဟုန်းတောက်လောင်နေ၏။

စစ်ပြေးဒုက္ခသည်များသည် ကလေးများကိုလက်ဆွဲကာ အော်ဟစ်ပြေးလွှားနေကြသည်။

စစ်မြေပြင်တစ်ခုလုံးတွင်-

အလောင်းများထပ်၍ သွေးချင်းချင်းနီနေသည်ကို မြင် ယောင်လာလေသည်။

ထိုစဉ်-

ဘုရင်ယာလွတ်၏အသံကို ထပ်မံကြားလိုက်ရသည်။

"ဒီမှာ ငါ့ညီ ကျုပ်တို့ဘိုးဘွားလက်ထက်တုန်းက စုံနိုင်ငံ ကိုတိုက်ခိုက်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် တစ်ခါမှ မအောင်မြင်ခဲ့ဘူး၊ ဒါကို ကျုပ်က မဖြစ်ဖြစ်အောင်လုပ်ဖို့ဆုံးဖြတ် ပြီးပြီ၊ ငါ့ညီကသာ ကြိုးစားပြီးဆောင်ရွက်ပေးပါ"

ရှောင်ဖုန်းသည် ဒူးထောက်လိုက်ပြန်သည်။

"ဘုရင်မင်းမြတ်ကို ကျွန်တော်မျိုးက တစ်ခုတောင်းပန်ချင်ပါတယ်"

"ပြောပါငါ့ညီ- ကျုပ်တတ်နိုင်တဲ့ကိစ္စဆိုရင် ကူညီပေးဖို့အသင့်ပါပဲ"

ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"အခုလို တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်တိုက်တယ်ဆိုတာ လူတွေရဲ့အသက်အိုးအိမ်စည်းစိမ် အများကြီး ဆုံးရှုံးနိုင်ပါတယ်၊ လူနေမြို့ရွာတွေလဲ ပျက်စီးပြီး အများကြီး ဆုံးရှုံးနစ်နာကြရပါတယ်၊ ဒါကြောင့် စုံနိုင်ငံကိုတိုက်ခိုက်ဖို့အမိန့်ပေးထားတာကို ပြန်လည်ရုပ်သိမ်းတော်မူပါဘုရား"

ဘုရင်ယာလွတ်သည် ရှောင်ဖုန်းအား မှက်မှောင်ကုပ်၍ စိုက်ကြည့်လိုက်သည်။

ရှောင်ဖုန်းသည် ငယ်စဉ်ကတည်းက စုံနိုင်ငံ၌ကြီးပြင်းလာသူတစ်ယောက်ဖြစ်သည့်အတွက်-

စုံနိုင်ငံအား တိုက်ခိုက်ရန်မှာ ဝန်လေးနေခြင်းဖြစ်သည်ဟု ရိပ်စားမိလိုက်လေသည်။

သူသည် အတင်းအကျပ်စေခိုင်းလျှင် မဖြစ်မှန်းသိသဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကိုတော့ ငါ့ညီ မတားပါနဲ့ကွာ၊ ငါဆုံးဖြတ်ပြီးတဲ့အလုပ်တစ်ခုကို ဘယ်တော့မှမပြင်တတ်ဘူးဆိုတာ မင်းလဲနားလည်ပါတယ်ကွာ"



ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"ဒါဖြင့် ကျွန်တော်မျိုးကို မြို့စားရာထူးက နုတ်ထွက်ခွင့်ပြုပါဘုရား"

ဘုရင်ယာလွတ်သည် ထိုစကားကြားလိုက်ရသောအခါ ဒေါသချောင်းချောင်းထွက်လာသည်။

ရှောင်ဖုန်းအားသတ်ပစ်ရန် စိတ်ကူးလိုက်ပြီးမှ-

ရှောင်ဖုန်းသည် သိုင်းပညာအလွန်ထက်မြက်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်ကို သတိရလာသဖြင့်-

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"မင်းစဉ်းစားကြည့်ပါဦးကွာ၊ စဉ်းစားပြီးမှအလုပ်လုပ်ရင်ကောင်းမယ်ထင်တယ်၊ ကဲ- ကျုပ်ပြန်တော့မယ်"

ဘုရင်ယာလွတ်သည် လာလမ်းအတိုင်း မြင်းကို ပြန်လည်မောင်းနှင်သွားသည်။

ရှောင်ဖုန်းသည် မြင်းပေါ်သို့လွှားခနဲခုန်တက်ပြီး-

နောက်မှ လိုက်သွားလေတော့သည်။

ရှောင်ဖုန်းသည်-

ဘုရင်ယာလွှတ်အား လိုက်လံပို့ဆောင်ခဲ့ပြီးနောက် မြို့စားဂေဟာသို့ ပြန်လာခဲ့လေသည်။

အိမ်ခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်ကြမ်းပေါ်၌ ခင်းထားသော ကျားသားရေပေါ်တွင် ခရမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် အိပ်မော်ကျနေသည်ကို တွေ့လိုက်ရလေသည်။

ယင်းမိန်းကလေးမှာ အာကျိုပင်ဖြစ်သည်။

ခြေသံကိုကြားလိုက်သည်နှင့်-

အာကျိုက နိုးလာလေသည်။

ရှောင်ဖုန်းအားတွေ့မြင်လိုက်သည်နှင့်-

ခုန်ထလိုက်ပြီး ရှောင်ဖုန်း၏လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။

"ဟင်- အစ်ကိုကြီး မျက်နှာလဲ မကောင်းပါလား၊ ဘာလဲ ကျွန်မလာတာကို မကြိုက်လို့လား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။



"မဟုတ်ပါဘူးကွာ၊ တခြားကိစ္စကြောင့် ငါစိတ်မကောင်းဖြစ်ခဲ့တာပါ၊ မင်းလာတာ ငါဝမ်းသာလို့ မဆုံးပါဘူးကွာ"

အာကျိုက ရယ်မောလိုက်သည်။

"အစ်ကိုကြီး- ကျွန်မမျက်လုံးလဲ ကောင်းသွားပြီလေ၊ ရွှေမင်းသမီးရာထူးလဲရခဲ့ပြီ၊ ဝမ်းသာတယ်မဟုတ်လား"

ရှောင်ဖုန်းသည် အရက်အိတ်ကိုယူ၍မော့ချလိုက်ရင်း-

"မင်းက ရွှေမင်းသမီးရာထူးရလို့ ဝမ်းသာနေသလား"

"ဝမ်းသာတာပေါ့ရှင်၊ ဩော်- ဒါနဲ့ ဘုရင်မင်းမြတ်က အစ်ကိုကြီးနဲ့ဘာတွေတိုင်ပင်ခဲ့သလဲ"

ရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက ငါ့ကို စစ်ဦးစီးခန့်ပြီး စုံနိုင်ငံကို သွားရောက်တိုက်ခိုက်ရမယ်လို့ အမိန့်ပေးလိုက်တယ်လေ"

အာကျိုက ပြုံးလိုက်သည်။

"ဒါကောင်းတာပေါ့၊ ရှင့်ကို ကယ်ပါကိုဏ်းကမောင်းထုတ်ခဲ့တယ်မဟုတ်လား၊ နောက်ပြီး သူတို့ သိုင်းသမားတွေကလဲ ရှင့်ကို အသေရရ အရှင်ရရ အလိုရှိနေတယ် မဟုတ်လား၊ ရှင် အခုလို စစ်သည်တော်တွေကိုဦးဆောင်ပြီး သူတို့ကို တိုက်ခိုက်လိုက်မယ်ဆိုရင် အစ်ကိုကြီးအတွက် ကလဲ့စားချေပြီးသားဖြစ်သွားတာပေါ့"

"မဟုတ်ဘူးအာကျို၊ မင်းဘာမှ နားမလည်သေးဘူးနော်၊ စစ်တိုက်တယ်ဆိုတာ လူသားတွေရဲ့အသက် ဘယ်လောက်များများဆုံးရှုံးရတယ်ဆိုတာ မင်းသိသလား၊ ပြည်သူလူထုရဲ့အသက်ကိုးအိမ်စည်းစိမ်တွေ ဘယ်လောက် ပျက်စီးဆုံးရှုံးမယ်ဆိုတာ

မင်းတွေးကြည့်စမ်းပါ"

အာကျိုက နှုတ်ခမ်းစူလိုက်သည်။

"အစ်ကိုကြီးကလဲ စကားပြောတာ ဘုန်းကြီးကျနေတာပဲ၊ ရှင်က လူမသတ်ဘူးလို့လား"

"ဒါကတော့ကွယ်- ကိုယ့်ကို အန္တရာယ်ပြုလာတဲ့အခါမှာ မလွှဲမရှောင်သာလို့ သတ်ခဲ့ရတာပဲရှိပါတယ်"

"နေပါဦး- ပညာရှိစုဝေးရာဂေဟာမှာ အစ်ကိုကြီးက သိုင်းသမားတော်တော်များများကို သတ်ခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကလဲ အာကြူးကိုကယ်တင်ချင်လွန်းလို့ လုပ်မိလုပ်ရာ လုပ်ခဲ့ရတာမဟုတ်လား"

အာကျိုသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး-

"ဒါဖြင့် ကျွန်မအတွက်နဲ့ စုံနိုင်ငံကို ဝင်တိုက်ပေးပါလို့ ကျွန်မက တောင်းပန်ရင်ကော"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်တာမပြောနဲ့ အာကျို"

အာကျိုက နှုတ်ခမ်းစူလိုက်သည်။

"အစ်ကိုကြီးဟာ အာကြူးတစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှလူမထင်ဘူးဆိုတာ ကျွန်မနားလည်ပါပြီ၊ အဲဒီလိုမှန်းသိရင် ကျွန်မ ဒီလောက်ဆင်းရဲခံပြီး ရှင့်ဆီကိုမလာဘူးသိလား"

ရှောင်ဖုန်းသည် သူမ၏စကားကိုကြားလိုက်ရသောအခါ ရင်ထဲ၌ တစ်ချက်လှုပ်ခါသွားသည်။

"အာကျို မင်းအသက်ငယ်ပါသေးတယ်၊ လူကြီးတွေရဲ့



အကြောင်း မင်းနားမလည်သေးပါဘူး"

အာကျိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မက ကလေးမဟုတ်တော့ဘူးရှင့် သိလား၊ မမအာကြူးက ကျွန်မကို စောင့်ရှောက်ပါလို့မှာခဲ့တာ ရှင်က မေ့နေပြီလား"

"မမေ့ပါဘူးဗျာ၊ ဒါကြောင့်လဲ မင်းကိုစောင့်ရှောက်ခဲ့တယ်မဟုတ်လား"

အာကျိုက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က ဘာတွေစောင့်ရှောက်တာလဲ၊ ကျွန်မကို ထမင်းစားဖို့ရယ်၊ သွားလာတဲ့နေရာမှာ စောင့်ရှောက်ပေးဖို့ရယ်ပဲ မဟုတ်လား၊ ဒါတွင်မဟုတ်သေးဘူးရှင့်၊ ကျွန်မကို စောင့်ရှောက်ပေးပါဆိုတာ ကျွန်မရဲ့ဆန္ဒကို လိုက်လျောပေးဖို့ဆိုတာလဲ ပါသေးတယ်၊ အဲဒါကိုပြောတာရှင့်"

"ဒါဖြင့်ပြော၊ မင်းရဲ့ဆန္ဒကဘာလဲ၊ မင်းက ဘာတွေများလိုချင်နေလို့လဲ"

အာကျိုသည် တစ်ဘက်သို့လှည့်လိုက်သည်။

"ကျွန်မ မျက်လုံးကန်းသွားတဲ့အချိန်မှာ ရှင်က ကျွန်မကို မေတ္တာရှိလိမ့်မယ်မဟုတ်ဘူးဆိုတာ ကျွန်မသိထားလို့ ကျွန်မရဲ့ဆန္ဒကို ရင်ထဲမှာပဲ မျိုသိပ်ထားခဲ့ရပါတယ်၊ အခုကြည့်စမ်း. . . ကျွန်မ မျက်လုံးပြန်မြင်လာပြီ၊ ဒါကြောင့်- ကျွန်မအပေါ် ရှင်က ပြန်ပြီး မေတ္တာရှိလာလိမ့်မယ်လို့ အမျှော်လင့်ကြီး မျှော်လင့်ပြီး လာခဲ့ရတယ်၊ အခုတော့- "

သူမသည် ပြောရင်းဝမ်းနည်းလာသဖြင့် ကြုံကြုံပါအောင် ငိုချလိုက်လေသည်။

"ဒီလိုဆိုရင်လဲ ရှင်ကျွန်မကို အသေသတ်လိုက်ပါလား၊ ဒါမှလဲ ရှင်က မမအာကြူးကို ဂရုစိုက်သလို ကျွန်မအပေါ် ဂရုစိုက်လာမှာပဲ"

သူမသည် ပြောရင်း ရှောင်ဖုန်း၏ရင်ခွင်ထဲသို့ တိုးဝင်ပြီး အားရပါးရငိုချလိုက်လေတော့သည်။

## အာကြူးကလွဲ၍

အာကျိုသည် ရှောင်ဖုန်း၏ရင်ခွင်ထဲ၌ အားရပါးရငိုနေ၏။

ရှောင်ဖုန်းသည်-

သူမ၏ကျောကို အသာအယာပုတ်လိုက်ပြီး-

"တိတ်ပါ အာကျို၊ မင်း မငိုစမ်းပါနဲ့"

အာကျိုက ငိုရင်း-

"ကျွန်မရှင်းရှင်းပဲပြောပြတော့မယ်၊ အဲဒီမိုးသည်းထန်တဲ့ညမှာပဲ တဲတားအနီးမှာ ကျွန်မချောင်းကြည့်နေတယ်၊ ရှင်က မမအာကြူးကိုမှားပြီး တိုက်ခိုက်မိလို့ ဝမ်းနည်းပက်လက်ဖြစ်နေတဲ့ပုံကိုတွေ့လိုက်ရတဲ့အတွက် ကျွန်မရှင့်ကို တစ်ခါထဲချစ်မိတာပဲရှင်၊ ဒါကြောင့် ကျွန်မက ရှင်နဲ့တစ်သက်လုံးအတူနေပါ့မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ရှင်ကလက်မခံတော့- "

သူမသည်-

ပြောရင်းပြောရင်း ပို၍ဝမ်းနည်းလာလေသည်။

"ရှင်ကလက်မခံတော့ ကျွန်မက ရှင် ကျွန်မနဲ့အတူနေရ

အောင်ဆိုပြီး ရှင့်ကို ကျွန်မအဆိပ်အပ်နဲ့ပစ်လိုက်တာ မှတ်မိသေးတယ်မဟုတ်လား"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဒါကြောင့် မင်းက ငါ့ကိုအဆိပ်အပ်နဲ့ပစ်တာကိုး"

အာကျိုသည် လက်သီးဖြင့် ရှောင်ဖုန်းရင်ဘတ်ကို ခပ်ဖွဖွ ထုရိုက်လိုက်ပြီး-

"ရှင်က တော်တော်'အ'တဲ့လူကြီးပဲ၊ ကျွန်မရဲ့ဆန္ဒကို ရှင် ဘာဖြစ်လို့ နားမလည်ရတာလဲရှင်"

ရှောင်ဖုန်းသည် သူမ၏ဆံပင်များကို အသာအယာ ပွတ်သပ်ရင်း-

"အာကျို- ငါရဲ့အသက်ဟာ မင်းထက် တစ်ဆပိုတယ်ကွဲ၊ မင်းကို ဦးလေးတစ်ယောက်လို အစ်ကိုတစ်ယောက်လိုပဲ စောင့်ရှောက်နိုင်မယ်ကွဲ့"

အာကျိုက သူ့အားခေါင်းမော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဒီလိုဖါ- ကျုပ်ရဲ့တစ်သက်တာမှာ မင်းရဲ့အစ်မ အာကြူကိုသာ ချစ်ခဲ့မိပါတယ်၊ ဘယ်သူ့ကိုမှ အာကြူအတွက် အစား မထိုးနိုင်ပါဘူး၊ မင်းကို ငါစောင့်ရှောက်နေတာလဲ အာကြူမှာသွားလို့ဖြစ်ပါတယ်၊ ဒါကို မင်းနားလည်ဖို့လိုလိမ့်မယ်"

အာကျိုသည် မခံမရပ်နိုင်အောင် ဒေါသချောင်းချောင်း ထွက်လာလေသည်။

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ရှောင်ဖုန်း၏ပါး



ကို ပြင်းထန်စွာရိုက်လိုက်လေသည်။

"ဖြန်း"

ရှောင်ဖုန်းသည် ပါးအရိုက်ခံလိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အာကျိုသည်-

ယင်းကဲ့သို့ ရိုက်ပြီးမှ စိတ်မကောင်းဖြစ်လာသည်။

"အစ်ကိုကြီး ကျွန်မမှားသွားပါတယ်၊ ကျွန်မကိုပြန်ရိုက်ပါ"

ရှောင်ဖုန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"အာကျို- မင်းက ကလေးစိတ်မှမကုန်သေးဘဲ၊ ကိစ္စမရှိပါဘူးကွယ်၊ မင်းကို ငါ့ညီမတစ်ယောက်လိုပဲ ချစ်ပါတယ်၊ တစ်ခုတော့ရှိတယ်၊ မင်း ငါနဲ့အတူနေရင် ဒုက္ခရောက်မှာစိုးလို့ပါ"

အာကျိုက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း- ဟင့်အင်း ကျွန်မ ဒုက္ခမရောက်ဘူး၊ ကျွန်မကို အစ်ကိုကြီးက အမြဲပဲစောင့်ရှောက်ထားမယ် မဟုတ်လား"

ရှောင်ဖုန်းသည် အာကျိုမျက်လုံးအား အတန်ကြာအောင် စိုက်ကြည့်နေမိ၏။

"အစ်ကိုကြီး ကျွန်မမျက်လုံး ဘာဖြစ်နေလို့ ဒီလောက်ကြည့်နေရတာလဲ"

ရှောင်ဖုန်းက သက်ပြင်တစ်ချက်ချလိုက်သည်။

"မင်းရဲ့မျက်လုံးဟာ 'ဝမ်းနည်းကြေကွဲနေတဲ့ အရိပ်အရောင်တွေ 'ပေါ်လွင်နေတယ်ကွဲ့၊ မင်းစိတ်ထဲမှာ ဘာတွေ ဒီလောက်တောင် ဝမ်းနည်းကြေကွဲဖြစ်နေရတာလဲဟင်"

အာကျို အံ့အားသင့်သွားသည်။

"ရှင်. . . ကျွန်မရဲ့မျက်လုံးက ဝမ်းနည်းကြေကွဲတဲ့ အရိပ်အရောင် ပေါ်လွင်နေတယ်ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့်- ဟို အကျည်းတန်ကောင်က ကျွန်မကို ခုကွပေးပြီးနဲ့တူတယ်"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဘာ- အကျည်းတန်ကောင် ဟုတ်လား၊ သူက မင်းကို ဘာတွေ ခုကွပေးသွားတာလဲ"

"ကျွန်မရဲ့ဒီမျက်လုံးအစုံကို အကျည်းတန်သံမဏိမျက်နှာက ကျွန်မကိုပေးခဲ့တာလေ"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"သံမဏိမျက်နှာဆိုတာ ဘယ်သူလဲ"

"သူက ကယ်ပါကိုဏ်းချုပ်ဝမ်စင်းထင်ဆိုတဲ့လူပေါ့"

အာကျိုသည် ရယ်မောလိုက်သည်။

"ပြောပြရရင်တော့ သိပ်ရယ်စရာကောင်းတာပဲ၊ အဲဒီ ကယ်ပါကိုဏ်းချုပ်ဝမ်စင်းထင်ဆိုတာ ဘယ်သူမှားမှတ်သလဲ၊ ရှင်းရှင်းပြောရရင် ကျွန်မကိုယ်တိုင် သူ့ကို သံခေါင်းကြီးနဲ့စွပ်ထားခဲ့တဲ့ ယုသန်းကြီးဆိုတဲ့လူပေါ့"

ရှောင်ဖုန်း အံ့အားသင့်သွားသည်။

"ဟင်- ဒါဆို ဒီလူက တော်တော့်ကို သဘောထားကြီးပါလား၊ မင်း သူ့ကိုနှိပ်စက်ခဲ့တာတောင်မှ သူက မင်းကိုအပြစ်မထင်



ဘူးလား"

"သူက ဘယ်အပြစ်တင်မလဲ၊ ကျွန်မကို လိုချင်လို့တောင် လိုက်ချော့နေရတယ်လေ"

ရှောင်ဖုန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွပ်နားလည်ပါပြီ၊ မင်းက သူ့ကိုသတ်ပြီး သူ့မျက်လုံးကို ယူလိုက်တယ်မဟုတ်လား"

"ဘယ်ကဟုတ်ရမှာလဲ၊ သူက ကြည်ဖြူစွာနဲ့ ကျွန်မကို ပေးလိုက်တာပါ"

ရှောင်ဖုန်း ထိတ်လန့်သွားသည်။

"ဘယ် ဘယ်လို- သူက သူ့မျက်လုံးကိုထုတ်ပြီး မင်းကိုပေးလိုက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မက သူနဲ့အတူ ဖူးကျိုဆီရောက်သွားတယ်၊ ကျွန်မမျက်လုံးကို ကုပေးဖို့တောင်းပန်ရတာပေါ့၊ ဖူးကျိုက ဆေးကျမ်းစာကို သေသေချာချာဖတ်ပြီး အသက်ရှင်နေတဲ့လူရဲ့ မျက်လုံးနဲ့အစားထိုးကုမှ ပြန်ကောင်းမယ်လို့ပြောပါတယ်"

ရှောင်ဖုန်းသည်-

အာကျို၏စကားကို စိတ်ဝင်စားစွာနားထောင်နေသည်။

အာကျိုက စကားဆက်လိုက်သည်။

"ဒါနဲ့ကျွန်မက သူ့ကို လူတစ်ယောက်သတ်ပြီး မျက်လုံးယူနိုင်းဖို့ အကူအညီတောင်းတယ်၊ သူက ဘာပြောတယ်မှတ်သလဲ၊ ကျွန်မမျက်လုံး ပြန်မြင်လာခဲ့ရင် သူ့ကိုပစ်သွားလိမ့်မယ်လို့ ပြောတယ်၊ ကျွန်မက ဘယ်လိုပဲချော့ပြောပြော သူကမယုံဘူး၊ ဒါနဲ့ သူ

မျက်လုံးပဲ ကျွန်မကိုပေးပါ့မယ်လို့ပြောပါတယ်"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

သူသည်-

အတန်ကြာစဉ်းစားလိုက်ပြီးမှ လက်ထဲမှ အရက်အိတ်ကို ပစ်ချလိုက်လေသည်။

"ဒီမှာအာကျို- သံမဏိမျက်နှာဆိုတဲ့လူက သူ့ရဲ့ဆန္ဒအရ သူ့မျက်လုံး မင်းကိုပေးလိုက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ရှောင်ဖုန်း၏မျက်နှာသည်-

လေးနက်တည်ကြည်လာ၏။

"အာကျို မင်းက တစ်ကိုယ်ကောင်းသိပ်ဆန်နေပါလား၊ သူများက ကိုယ့်မျက်လုံးကို ကိုယ်ထုတ်ပေးတာကို မင်းကလက်ခံရက်တာ အံ့ပါရဲ့"

အာကျိုသည်-

ရှောင်ဖုန်းက ပြစ်တင်ပြောဆိုနေသည်ကို ကြားလိုက်ရသောအခါ-

ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးလိုက်ပြန်လေသည်။

"အစ်ကိုကြီးက ဘာသိလို့လဲ၊ အစ်ကိုကြီးရဲ့မျက်လုံး ကန်းသွားရင် ကျွန်မမျက်လုံး အစ်ကိုကြီးကိုပေးလိုက်မှာပဲသိလား"

ရှောင်ဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထဲ၌ တစ်ချက်တုန်ခါသွားလေသည်။

အာကျိုသည်-



မိမိအပေါ် ကြီးမားသောသံယောဇဉ်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်ဟု-

သူယုံကြည်လာလေသည်။

သူသည် အာကျိုအပေါ် လှိုက်လှိုက်လှဲလှဲခင်တွယ်မိလာလေသည်။

သို့သော်-

ယုသန်းကြီးကို ပို၍ကရုဏာသက်မိ၏။

"အာကျို- အစ်ကိုပြောပြမယ်၊ ယုသန်းကြီးဆိုတဲ့လူက မင်းကို တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ချစ်နေတယ်ဆိုတာ မင်း နားလည်ဖို့ကောင်းတယ်၊ လောကပေါ်မှာ ဒီလိုလူမျိုးကို မင်း နောက်ထပ်ရှာလို့တွေ့နိုင်တော့မှာ မဟုတ်ဘူး၊ အခု သူဘယ်မှာ ကျန်ရစ်ခဲ့သလဲဟင်"

အာကျိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက ထင်းစန်းတောင်မှာ ကျန်ရစ်ခဲ့ပါတယ်၊ မျက်လုံးမမြင်ရတဲ့အတွက် မလာနိုင်တော့ပါဘူး"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် မင်း သူ့ဆီကို အမြန်ဆုံးပြန်သွားပါ၊ ဒီတစ်သက်တာမှာ သူ့ကိုမခွဲပါနဲ့တော့"

အာကျိုက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသွားဘူး၊ ဒီလောက်အကျည်းတန်တဲ့လူကို ကျွန်မမြင်လိုက်တာနဲ့ အန်ချင်လာတယ်ရှင့်"

ရှောင်ဖုန်း ဒေါသထွက်လာသည်။

"သူက မျက်နှာအကျည်းတန်ပေမယ့် သူ့ရဲ့စိတ်နေစိတ်ထားဟာ မင်းထက် အဆပေါင်းတစ်ရာမက လှနေတယ်ဆိုတာ မင်းနားလည်ထားစမ်းပါ။ ကဲ- ဝမ်းနည်းပါတယ်၊ မင်း ငါ့ဆီမှာ မနေပါနဲ့တော့၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး"

အာကျို ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မျက်ရည်များသည် တသွင်သွင်စီးကျလာပြန်လေတော့သည်။

## ဘုရင်မင်းမြတ်အမိန့်တော်

မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

မြင်းများသည် မြို့စားဂေဟာ၏တံခါးဝရှေ့တွင် ရပ်တန့်သွားလေသည်။

ဘုရင်ယာလွတ်၏အမတ်ကြီးနှင့် လက်အောက်ငယ်သားများဖြစ်ကြသည်။

"အမိန့်တော်ပါတယ်"

အမတ်ကြီးက မြင်းပေါ်မှာဆင်းသက်ပြီး ဘုရင့်အမိန့်တော်အား ဖြန့်လိုက်သည်။

ရှောင်ဖုန်းနှင့်အာကျိုသည် ဒူးထောက်၍ အမိန့်တော်ကို နာခံနေသည်။

"ခေတန်ဘုရင်မင်းမြတ်က အမိန့်တော်မှတ်လိုက်သည်၊ တောင်ပိုင်းရွှေမင်းသမီး ယခုချက်ချင်း နန်းတော်ထဲသို့ လာရောက်ခစားရမည် အမိန့်တော်"

အမတ်ကြီးက အမိန့်တော်ဖတ်ကြားပြီးနောက် အာကျို

သည် ရှောင်ဖုန်းအား တစ်ချက်ကြည့်လိုက်၏။

ထို့နောက် အမတ်ကြီးနောက်သို့ လိုက်ပါသွားလေသည်။

ရှောင်ဖုန်းသည် ဘုရင်ယာလွတ်က မည်သည့်ကိစ္စကြောင့် အာကျိအား လာရောက်ခေါ်ဆောင်သွားသည်ကို စဉ်းစား၍မရပါ။

သူသည် ထွက်ခွာသွားနေသော အာကျိ၏နောက်ကျောကို ကြည့်ကာငေးနေမိ၏။

အတွေးများသည် သူ၏ဦးခေါင်းထဲသို့ ရှုပ်ထွေးစွာဝင်ရောက်လာသည်။

သူသည် မြို့စားရာထူးကို ဆက်၍လက်ခံရန် ဆန္ဒမရှိတော့ပါ။ ရာထူးမှနုတ်ထွက်ပြီး ခြေဦးတည့်ရာသို့သွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့်-

သူသည် ဘုရင်ယာလွတ်ကပေးအပ်ထားသော မြို့စား၏ အဆောင်အယောင်များကို သိမ်းဆည်းလိုက်သည်။ သူ၏လက်အောက်ငယ်သားများအား မိမိမှာ မြို့စားရာထူးကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းကြေငြာလိုက်သည်။

သူ၏မြို့စားကြီးအဆောင်အယောင်ပစ္စည်းများကို သူ၏လူယုံတော်လက်သို့ အပ်နှံလိုက်သည်။

ထို့နောက် အာကျိအပြန်ကိုစောင့်နေလိုက်လေသည်။



အာကျိသည်-

နန်းတော်ထဲရောက်လာပြီး ဘုရင်ယာလွတ်အား တွေ့မြင်လိုက်ရသည်နှင့် ဒူးထောက်၍ဦးကြွေးလိုက်လေသည်။

ဘုရင်ယာလွတ်က အံ့ဩသွားသည်။

"ရွှေမင်းသမီး- အသင် ဘာ့ကြောင့်ငိုကြွေးရပါသလဲ၊ အကြောင်းစုံကို လျှောက်ထားစမ်းပါဦး"

အာကျိက ဦးညွှတ်လိုက်သည်။

"ကျွန်တော်မျိုးမကိုပေးသနားထားတဲ့ ရွှေမင်းသမီးရာထူးကိုပြန်လည်ရုပ်သိမ်းပေးပါဘုရား"

ဘုရင်ယာလွတ် မျက်မှောင်ကုပ်သွားသည်။

"မင်း ဘယ်လိုဖြစ်လာတာလဲ အာကျိ"

အာကျိသည် ဝမ်းနည်းကြေကွဲစွာဖြင့်-

"မြို့စားကြီးရှောင်ဖုန်းက ကျွန်မကို မြို့စားဂေဟာက နှင်ချနေပါတယ်ဘုရား"

ယာလွတ်ဘုရင်ကြီးက အံ့ဩသွားသည်။

"သူက ဘာဖြစ်လို့ မင်းကိုနှင်ချရတာလဲ"

"သူက ကျွန်မကို ရုပ်အလွန်အကျည်းတန်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ပေးစားမယ်လို့ပြောနေတယ်ဘုရား"

သူမသည် ပြောရင်း ဝမ်းနည်းစွာဖြင့် ငိုချလိုက်ပြန်လေသည်။

ထိုစဉ် မိဖုရားရောက်ရှိလာ၏။

သူမသည် ဘုရင်ယာလွတ်အား အမေးလက္ခဏာဖြင့် လှမ်း

ကြည့်လိုက်၏။

ဘုရင်ယာလွတ်က အကျိုးအကြောင်းပြောပြလိုက်သည်။ ထိုစဉ်-

တပ်မှူးကလေးတစ်ယောက် ရောက်ရှိလာလေသည်။

သူသည် ဒူးထောက်၍ရှောင်ဖုန်းက မြို့စားရာထူးကို စွန့်လွှတ်ပြီး ထွက်ခွာသွားတော့မည့်အကြောင်းများကို သံတော်ဦးတင်လိုက်လေသည်။

ဘုရင်ယာလွတ်သည် ထိုသတင်းကြားလိုက်ရသောအခါ ဒေါသချောင်းချောင်းထွက်သွားလေသည်။

"တောက်- ဒင်းကဇော်တော်ရှိင်းပါလား၊ ငါ့ကို ဒင်းက တော်လှန်မလို့ပေါ့လေ"

သူသည် တပ်မှူးကလေးဘက်သို့လှည့်လိုက်သည်။

"တပ်မှူးကလေး- မင်း စစ်သည်တော်တွေကို ဦးဆောင်ပြီး မြို့စားဂေဟာကိုဝိုင်းရံထားလိုက်စမ်း။ ရှောင်ဖုန်းကို အမိဖမ်းထားရမယ်"

တပ်မှူးကလေးက ဦးညွှတ်လိုက်သည်။

"အမိန့်တော်အတိုင်းပါဘုရား"

"ခဏနေဦး"

မိဖုရားက ဟန့်တားလိုက်သည်။

ဘုရင်ယာလွတ်က ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး-

"မိဖုရား- ဒီကိစ္စမှာ မင်းဝင်မစွက်နဲ့၊ ရှောင်ဖုန်းသာ စုံနိုင်ငံကိုရောက်သွားရင် ဒီကသတင်းအားလုံး သိသွားလိမ့်မယ်ကွ"



မိဖုရားက ပြုံးလိုက်သည်။

"ဘယ်အရာမဆို စိတ်လိုက်မာန်ပါမလုပ်သင့်ပါဘုရား"

သူမသည် အာကျိုအားပြုံးပြလိုက်ပြီး-

"ဒီမှာညီမ၊ ညီမက ရှောင်ဖုန်းကိုသိပ်ချစ်တယ် မဟုတ်လား"

အာကျိုက ခေါင်းညိတ်ပြလိုက်သည်။

မိဖုရားသည် ဘုရင်ယာလွတ်အနီးသို့ လျှောက်သွားပြီး အသံတိုးတိုးဖြင့် တစ်စုံတစ်ရာကိုပြောလိုက်သည်။

ဘုရင်ယာလွတ်၏မျက်နှာတစ်ခုလုံးသည် ကျေနပ်သည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

မိဖုရားအား ခေါင်းညိတ်ပြလိုက်သည်။

မိဖုရားသည် အာကျိုထံသို့လျှောက်သွားပြီး-

"ကဲ- ညီမ၊ မမနဲ့လိုက်ခဲ့ပါ။ ရှောင်ဖုန်းကို ညီမစကားနားထောင်လာအောင် မမက နည်းကောင်းပေးပါ့မယ်"

အာကျိုသည် မိဖုရားအားမော့ကြည့်လိုက်သည်။

"တကယ်ပြောနေတာလား မမ"

"တကယ်ပြောတာပါ၊ ကဲ- မမအခန်းကိုလိုက်ခဲ့ပေတော့"

အာကျိုသည် ဒူးထောက်ရာမှထလိုက်ပြီး မိဖုရားနောက်သို့ လိုက်သွားလေတော့သည်။

အာကျိသည်-

မိဖုရားခေါ်ဆောင်ရာသို့လိုက်သွားရာ မိဖုရားနေထိုင်သောအဆောင်သို့ ရောက်ရှိသွားလေသည်။

မိဖုရားသည် သူမအား နေရာထိုင်ခင်းပေးပြီးနောက်-

"ကဲ- ညီမလေး ယောက်ျားတွေဟာ အလွန်ကြမ်းတမ်းတဲ့လူစားမျိုးကွဲ၊ ဥပမာ ဘုရင်ယာလွတ်နဲ့ တောင်ပိုင်းမြို့စားကြီး ရှောင်ဖုန်းတို့ဟာ အာဇာနည်သူရဲကောင်းများဖြစ်ကြတယ်၊ သူတို့ကို သိမ်းသွင်းဖို့ တော်တော့ကို မလွယ်ဘူးကွဲ့"

အာကျိက ခေါင်းညိတ်လိုက်သည်။

မိဖုရား၏စကားသည် အလွန်မှန်ကန်သည်ကို အာကျိက ဝန်ခံလေသည်။

မိဖုရားက စကားဆက်လိုက်သည်။

"မပတို့နန်းတော်ထဲမှာဆိုရင် ပပထက်လှတဲ့အမျိုးသမီးတွေ တော်တော့ကိုများတယ်၊ ဘုရင်ယာလွတ်က ဘာဖြစ်လို့ မမ တစ်ယောက်ထဲကိုသာ စွဲစွဲလမ်းလမ်းရှိတယ်ဆိုတာ ညီမနားလည်လားဟင်"

အာကျိက မျက်မှောင်ကုပ်သွားသည်။

"ကျွန်မ မသိပါဘူးရှင့်"

မိဖုရားက ပြုံးလိုက်သည်။

"မပြောတဲ့စကားကို ဘယ်သူ့ကိုမှမပြောပါဘူးလို့ ကတိပေးရင် မပြောပြပါ့မယ်"

အာကျိ စိတ်ဝင်စားလာသည်။



"စိတ်ချပါမမ၊ ကျွန်မ ကတိပေးပါတယ်"

မိဖုရားက ပြုံးလိုက်သည်။

"အဖုန်ပြောရမယ်ဆိုရင် မမမှာ ဘုန်းတော်ကြီးတစ်ပါးက ပေးသွားတဲ့ ဆေးရည်တစ်မျိုးရှိလို့ပါ"

"ရှင်- ဆေးရည်ဟုတ်လား၊ ဘယ်လိုဆေးရည်မျိုးလဲ"

မိဖုရားက ပြုံးလိုက်သည်။

"ဒီဆေးရည်ကို ကိုယ်ချစ်တဲ့သူရဲ့အစားအစာထဲကို ထည့်ပြီးတိုက်လိုက်ရင် အဲဒီလူဟာ တစ်သက်လုံးကိုယ်ကလွဲလို့ ဘယ်သူကိုမှမချစ်တော့ဘူးကွဲ့"

အာကျိသည် ဝမ်းသာဘဲပြုံးသွားသည်။

"ဟုတ်လား ကျွန်မလိုချင်လိုက်တာမမရယ်"

"ရပါတယ်ကွယ်"

မိဖုရားသည် အံဆွဲထဲမှကြွေဗူးငယ်တစ်ဗူးယူ၍ ပေးလိုက်လေသည်။

"ဟောဒီအထဲကဆေးရည်ကို သူသောက်မယ့် အရက်ထဲမှာဖြစ်ဖြစ်၊ ရေထဲမှာဖြစ်ဖြစ် တစ်ဝက်လောက်ထည့်ပြီး တိုက်လိုက်ရင် မြို့စားကြီးရှောင်ဖုန်းဟာ ညီမကို တစ်သက်လုံးမေတ္တာရှိနေမယ်ဆိုတာ မမပြောရဲပါတယ်"

အာကျိသည် ဝမ်းသာလွန်း၍လက်များပင် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

သူမသည် ကြွေဗူးကိုဖွင့်၍ အနံ့ခံကြည့်သည်။ အနည်းငယ်မွှေးကြိုင်သောအနံ့ရှိနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ထိုကြွေဗူးကလေးအား အင်္ကျီအိတ်ထဲတွင် သေချာစွာ သိမ်းဆည်းထားလိုက်လေသည်။

ထိုစဉ်မှာပင် ဘုရင်ယာလွတ်၏ခေါ်သံကို ကြားလိုက်ရလေသည်။

မိဖုရားသည် အာကျိုအား ခဏနေရန်လက်ကာပြပြီး အပြင်သို့ထွက်သွားလေသည်။

အာကျိုသည် တစ်ခဏအကြာစောင့်နေသေး၏။

မိဖုရားပြန်လည်ရောက်ရှိလာသည်ကို မတွေ့ရသဖြင့်-

"အင်း- တော်ကြာ သူက ဆေးရည်ပြန်တောင်းရင် ခက်မယ်၊ သူပြန်မလာခင် ဒီနေရာက အမြန်ဆုံးထွက်သွားရင် ကောင်းလိမ့်မယ်"

သူမသည် ယင်းသို့တွေးမိလိုက်နှင့်-

အဆောင်ထဲမှ-

တိတ်တဆိတ်ထွက်လာပြီး မြို့စားကြီးဂေဟာသို့ ပြန်လည်ပြေးလွှားသွားလေတော့သည်။



မြို့စားကြီးဂေဟာ၏ လေးဘက်လေးတန်တွင် စစ်သည်တော်များစွာတို့ ဝိုင်းရံထားသည်ကိုတွေ့ရလေသည်။

အာကျိုသည် မျက်မှောင်တစ်ချက်ကုပ်လိုက်ပြီး ခြံဝင်းထဲသို့ ပြေးဝင်သွားလေသည်။

စစ်သည်တော်တို့ကလည်း သူမအား ဟန့်တားခြင်းမပြုပါ။ အာကျိုသည် ဧည့်ခန်းထဲသို့ပြေးဝင်သွားသောအခါ ရှောင်ဖုန်းက လက်နှစ်ဖက်နောက်ပြန်ပစ်ပြီး လမ်းလျှောက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ဖုန်းသည် အာကျိုအား တွေ့မြင်လိုက်သည်နှင့် ဝမ်းသာသွားသည်။

"ဟင်- အာကျို၊ မင်းပြန်လာပြီကိုး၊ ဘုရင်က မင်းကို အကျယ်ချုပ်ချုပ်ထားမှာကိုတောင် ကျုပ်စိုးရိမ်နေမိသေးတယ်"

အာကျိုက ပြုံးပြလိုက်သည်။

"ဒါနဲ့ အပြင်ဘက်မှာ စစ်သည်တော်တွေ ဝိုင်းရံထားနေပါလား၊ ဘာတွေများဖြစ်နေလို့လဲ"

ရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ- အာကျို၊ တို့သွားကြမယ်၊ တော်ကြာ အချိန်မရဘဲဖြစ်နေဦးမယ်"

အာကျို အံ့အားသင့်သွားသည်။

"ဘယ်သွားကြမလို့လဲ အစ်ကိုကြီး"

"အပြင်မှာ စစ်သည်တော်တွေ ဝိုင်းထားတာကို မင်းတွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီစစ်သည်တော်တွေဟာ ငါအုပ်ချုပ်တဲ့ စစ်သည်တော်တွေ မဟုတ်တော့ဘူး၊ ငါ့ကိုဖမ်းမယ့်စစ်သည်တော်တွေကွ"

အာကျိုက ပြုံးလိုက်သည်။

"ဒီလိုဆို ကျွန်မနဲ့အစ်ကိုကြီးတို့ ထိုးဖောက်ထွက်သွားမှာပေါ့၊ အခုတစ်လော မတိုက်နိုက်ရတာ အတော်ကြာသွားပြီ၊ ပျင်းတောင်ပျင်း နေသေးတယ်"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"တိုက်နိုက်မယ်ဆိုတာ အသက်တွေသေဆုံးသွားမှာပေါ့၊ နောက်ပြီး ဒီစစ်သည်တွေဟာ အမိန့်အရသာ လာဖမ်းကြတာပါ၊ သူတို့မှာ အပြစ်မရှိပါဘူးကွာ"

အာကျို မျက်မှောင်ကုပ်သွားသည်။

"ကျွန်မတို့ ဘယ်ကိုသွားမလဲဟင်"

"ထင်းစန်းတောင်ကိုပေါ့"

အာကျို၏မျက်နှာသည် မည်းမှောင်သွား၏။

"ဒီအကျည်းတန်ကို ကျွန်မ မတွေ့ချင်ဘူး"

"ကဲပါလေ- မတွေ့ချင်လဲနေပေါ့၊ အခုတော့ ဒီနေရာက အမြန်ဆုံးထွက်သွားဖို့လိုတယ်"

အာကျိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်မအဝတ်အစား နည်းနည်းသွားယူလိုက်ဦးမယ်"

သူမသည် ယင်းသို့ပြောပြီး အတွင်းခန်းဘက်သို့ ကမန်းကတန်း ဝင်ရောက်သွားလေသည်။

ထို့နောက်-

အိတ်ထဲမှကြွေဗူးကလေးကိုထုတ်ပြီး ပန်းကန်လုံးထဲသို့ ဆေးရည်တစ်ဝက်ခန့် သွားထည့်လိုက်သည်။

ထို့နောက် အရက်များ ထပ်မံဖြည့်ထည့်လိုက်လေ၏။

သူမသည် ပန်းကန်လုံးအား ခေါင်းပေါ်သို့မြှောက်လိုက်ပြီးနောက်-

"ကျွန်မခဲအိုရှောင်ဖုန်းက ဒီဆေးရည်တွေကို သောက်မိတဲ့နောက် ကျွန်မအပေါ်မေတ္တာရှိပါစေ"

ဟုဆုတောင်းလိုက်လေသည်။

သူမသည် ယင်းသို့ဆုတောင်းလိုက်ပြီးနောက် အရက်ခွက်အား ရှောင်ဖုန်းထံသို့ယူသွားလေသည်။

"အစ်ကိုကြီး- ဒီအရက်ကိုသောက်လိုက်ပါဦး"

ရှောင်ဖုန်းသည် အာကျိုလှမ်းပေးလိုက်သော အရက်ပန်းကန်အား ယူပြီးမော့ချလိုက်လေသည်။

"ကဲ- မင်းအဝတ်အစားတွေ အဆင်သင့်ယူပြီးပြီလား"

အာကျိုသည် ရှောင်ဖုန်းက အရက်များသောက်ချလိုက်သည်ကိုတွေ့လိုက်ရသဖြင့် ဝမ်းသာသွား၏။

"ကျွန်မ အကျီမယူတော့ပါဘူးရှင်၊ သွားကြပါစို့"

ရှောင်ဖုန်းသည် အထုပ်ကလေးတစ်ထုပ်ကိုယူလိုက်ပြီးနောက် အာကျိုအား ပြုံးပြလိုက်၏။

"ကဲ- သွားကြမယ်၊ သူတို့က ကျုပ်ကို တောင်ပိုင်းသွား

မယ်လို့ ယူဆနေကြတယ်၊ ကျုပ်က မြောက်ပိုင်းကိုသွားမယ်၊ ဒါမှ သူတို့ ထင်တာတခြား ကျုပ်သွားတာတခြား ဖြစ်သွားမယ်"

အာကျိုက ရယ်မောလိုက်၏။

"အစ်ကိုကြီးကတော့ ဘာပဲလုပ်လုပ် သူများနဲ့ထူးအောင် လုပ်တတ်ပါပေတယ်"

သူတို့နှစ်ယောက်သည် ယင်းသို့ပြောဆိုရင်း ချည့်ခန်းထဲမှ ထွက်လာခဲ့ကြလေ၏။

ထို့နောက်-

ဥယျာဉ်ဘက်သို့ ဦးတည်ပြီးလျှောက်သွားလေသည်။

ထိုနေရာမှကျော်သွားပြီးသည့်အခါ မြောက်ဘက်စူးစူးသို့ ဆက်လက်ပြေးလွှားသွားကြလေသည်။

စောင့်ကြပ်နေသော စစ်သားများသည် သူတို့အား ရိပ်ခနဲ မြင်လိုက်ကြသည်နှင့်-

"ဟိုမှာ- ဟိုမှာ- ထွက်ပြေးသွားကြပြီဟေ့၊ လိုက်ကြ- လိုက်ကြ"

ဟု ဆူညံစွာအော်ဟစ်ရင်း သူတို့နောက်သို့ ပြေးလိုက် သွားကြလေတော့သည်။

## မြို့ရိုးတံခါးဆီသို့

ရှောင်ဖုန်းသည်-

အာကျို၏လက်ကိုဆွဲကာ မြောက်ဘက်တံခါးရှိရာသို့ ပြေး လွှားသွားနေ၏။

သူ့နောက်တွင်-

မြင်းသည်တော်များက ထက်ကြပ်မကွာလိုက်နေကြ၏။

ရှောင်ဖုန်းသည် မြင်းသည်တော်များ လိုက်လာနေသည်ကို တွေ့လိုက်ရသဖြင့် အာကျိုအား ပြုံးပြလိုက်သည်။

"ခဏနေဦးအာကျို၊ သူတို့ဆီမှာ မြင်းနှစ်ကောင်လောက် ယူပြီး ပြေးမှဖြစ်မယ်"

ယင်းသို့ပြောပြီး-

သူတို့သည် ခြေလှမ်းများကို ရပ်တန့်လိုက်ကြလေ၏။

ထို့နောက် နောက်မှလိုက်လာနေကြသော မြင်းသည်တော် တို့အား ရင်ဆိုင်လိုက်ကြလေသည်။

ရှောင်ဖုန်းသည် ရှေ့ဆုံးမှရောက်ရှိလာသော မြင်းသည်တော်များအား ဆီး၍တိုက်ခိုက်လိုက်ရာ မြင်းသည်တော်သုံးယောက်ခန့်တို့သည် မြင်းပေါ်မှကျသွားလေသည်။

ရှောင်ဖုန်းသည် ထိုစစ်သည်တော်များထံမှ လှံတံအားလုယူပြီး နောက်ထပ်ရောက်ရှိလာသော မြင်းသည်တော်များအား လှံတံဖြင့်သိမ်း၍ရိုက်ချလိုက်ရာ မြင်းပေါ်မှစစ်သည်တော်များသည် မြေပြင်ပေါ်သို့လိမ့်ကျသွားကြလေသည်။

ရှောင်ဖုန်းသည် အာကျိ၏ခန္ဓာကိုယ်အား ဆွဲယူလိုက်ပြီး လွတ်နေသော မြင်းတစ်ကောင်ပေါ်သို့ ပစ်တင်လိုက်၏။

ထို့နောက် အခြားမြင်းတစ်ကောင်ပေါ်သို့ ခုန်တက်သွားကာ မြို့ရိုးတံခါးရှိရာသို့ ဦးတည်မောင်းနှင်သွားလေ၏။



ရှောင်ဖုန်းကြို့တင်တွက်ချက်ထားသည့်အတိုင်းပင် စစ်သည် တော်အနည်းငယ်မျှသာ ရှိနေ၏။

မြို့တံခါးအနီး၌စောင့်ရှောက်နေသော စစ်သည်တော်များသည် ရှောင်ဖုန်းတို့ရောက်ရှိလာသည်ကိုတွေ့ရသောအခါ ထိတ်လန့်စွာဖြင့် ဟန့်တားထားလိုက်ကြလေသည်။

သို့သော်. . .

မည်သို့မျှ ထိရောက်နိုင်ခြင်းမရှိပါ။

ရှောင်ဖုန်းနှင့်အာကျိတို့သည် အလွယ်တကူထိုးဖောက်ကျော်လွှားနိုင်ခဲ့လေသည်။

သူတို့သည် မြို့ရိုးတံခါးဝသို့ရောက်ရှိလာသောအခါ စစ်သည်တော်တစ်ရာခန့်တို့သည် တန်းစီ၍ပိတ်ဆို့ထားသည်ကို တွေ့ရှိရလေသည်။

ရှောင်ဖုန်းသည် ထိုစစ်သည်တော်များ ထိခိုက်သေဆုံးသွားမည်ကို မလိုလားပါ။

ထို့ကြောင့် သူသည် မြင်းပေါ်မှခုန်ဆင်းပြီးနောက် အာကျိအား မြင်းပေါ်မှပွေ့ချီချလိုက်၏။

ထို့နောက်. . .

မြို့ရိုးပေါ်သို့ပြေးတက်သွားလေသည်။

စစ်သည်တော်များသည် ဩဘာသံပေးကာ သူတို့နောက်မှလိုက်လာကြသည်။

ရှောင်ဖုန်းသည် မြို့ရိုးပေါ်သို့တက်ပြီးသောအခါ မြို့ရိုးပေါ်၌ စစ်သည်တော်တစ်စုံတစ်ယောက်မှမရှိသည်ကို တွေ့လိုက်

ရလေသည်။

သူသည် ပြန်လှည့်လိုက်သည်။

လှေကားထစ်ကို ပြေးတက်လာကြသောစစ်သည်တော်များအား လက်ကာပြလိုက်သည်။

"မင်းတို့အားလုံး ရပ်လိုက်"

ဟုအော်လိုက်ရာ-

စစ်သည်တော်များသည် ရှောင်ဖုန်း၏အကြောင်းကို သိထားသည်။

သူတို့သည် ရှောင်ဖုန်းအားကြည်ညိုလေးစားကြသည်။

ယခု သူတို့သည် ဘုရင့်အမိန့်ကြောင့် ရှောင်ဖုန်းအား ဟန့်တားနေရသော်လည်း ရှောင်ဖုန်းအား ကြောက်ရွံ့နေကြသည်။

ထို့ကြောင့်. . .

သူတို့သည် ရှောင်ဖုန်း၏ဟန့်တားသံကို ကြားလိုက်ရသောအခါ ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားကြလေသည်။

ရှောင်ဖုန်းသည် သူတို့အား တစ်ချက်ကြည့်လိုက်သည်။

"မင်းတို့ဘုရင်ကိုပြန်ပြောလိုက်၊ ကျုပ်ကအကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်နှုတ်ဆက်မသွားနိုင်တာကို ခွင့်လွှတ်ပါလို့၊ ကျေးဇူးကိုလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်ဆပ်ပါ့မယ်လို့ ပြောလိုက်ပါ"

သူသည် ယင်းသို့ပြောပြီး မြို့ရိုး၏အပြင်ဘက်သို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်လေသည်။

ရုတ်တရက်. . .



သူ၏ဝမ်းဗိုက်တွင် နာကျင်သောဝေဒနာများကို ခံစားလိုက်ရသည်။

သူ၏လက်နှစ်ဖက်သည် ထုံကျဉ်ပြီး အင်အားမှာလည်း ချိနဲ့လာလေသည်။

အာကျီအား သိုင်းဖက်ထားသောလက်များကိုလည်း အလိုအလျောက်လွှတ်လိုက်ရလေသည်။

ထို့နောက် သူသည် ဒူးထောက်ကာ မြေပေါ်သို့ကျသွားလေတော့သည်။

"အား- အား- နာလိုက်တာ"

သူသည် ပြင်းထန်သောဝေဒနာများကိုခံစားလိုက်ရသဖြင့် နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များပေါ်ထွက်လာ၏။

အာကျီမှာ ထိတ်လန့်သွားသည်။

"အစ်ကိုကြီး- ဘာ ဘာဖြစ်သွားတာလဲဟင်"

"ကျုပ်- ကျုပ်ဗိုက်နာ- နာနေတယ်၊ အဆိပ်မိသွားတာဖြစ်ရမယ်"

ထိုစဉ် မြင်းခွာသံများသည် ဆူညံစွာထွက်ပေါ်လာ၏။

ထောင်ပေါင်းများစွာသော စစ်သည်တော်များရောက်ရှိလာကြလေသည်။

ရှောင်ဖုန်းသည် အခြေအနေမှန်းသိလိုက်သဖြင့်-

"အာကျီ- မင်း- မင်း-ပြေး- လွတ်အောင်ပြေးပေတော့"

အာကျီသည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

မိဖုရားပေးလိုက်သော မေတ္တာဆေးရည်သည် အဆိပ်ဖြစ်

နေသည်ကို ရိုပ်စားမိလိုက်ပေသည်။

"ဟင်- ဒါ- ဒါ- မိဖုရားရဲ့အကြံပဲ"

အာကျိသည် နောင်တကြီးစွာဖြင့် ရှောင်ဖုန်း၏လည်ပင်းအားသိုင်းဖက်ကာ ငိုကြွေးနေလေသည်။

ရှောင်ဖုန်း ရင်ထိတ်သွားသည်။

"မင်း- မင်း ဘာပြောနေတာလဲ"

"မိဖုရားက ကျွန်မကို ဆေးရည်တစ်ပုလင်းပေးလိုက်တယ်၊ ဒီဆေးရည် အစ်ကိုကြီးကိုတိုက်ကျွေးလိုက်ရင် အစ်ကိုကြီးက ကျွန်မကို ချစ်လိမ့်မယ်လို့လိမ်ပြောခဲ့တယ်၊ ကျွန်မကလဲ အစ်ကိုကြီးကို ချစ်လို့ယုံကြည်ပြီး သူပေးလိုက်တဲ့ဆေးရည် အစ်ကိုကြီးကိုတိုက်ကျွေးလိုက်ပါတယ်၊ ကျွန်မမှားတယ်၊ ကျွန်မမိုက်တယ်၊ အစ်ကိုကြီးသေရင် ကျွန်မလဲမနေတော့ဘူး"

အာကျိသည် ငို၍ပြောရင်း-

လက်ထဲမှဓားဖြင့် သူမ၏လည်ပင်းသို့ လှီးဖြတ်ရန် ဟန်ပြင်လိုက်သည်။

"မ- မလုပ်နဲ့- မင်း မင်းမှားမယ်"

ရှောင်ဖုန်းက ဟန့်တားလိုက်သည်။

"မင်းက ငါ့ကို သေစေချင်လို့မှမဟုတ်ဘဲ၊ မင်းမသေရဘူး၊ ငါ- ငါလဲသေမှာမဟုတ်ဘူး"

ထိုစဉ် စစ်သည်တော်များ ထပ်မံရောက်ရှိလာကြသည်။ မြို့ရိုးတစ်ဝိုက်ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်ဖုန်း လှမ်းကြည့်လိုက်ရာ မီးတုတ်များသည် အမှောင်ထုထဲ၌ တွန့်လိမ်ကွေးကောက်နေသော မြွေတစ်ကောင်နှင့် တူလှပေသည်။



"ရှောင်ဖုန်း လက်နက်ချပြီးအဖမ်းခံပါ"

စစ်သည်တော်များ၏အသံများသည် ဟိန်းထွက်နေ၏။

ရှောင်ဖုန်းသည် ဝမ်းဗိုက်တွင်နာကျင်လွန်း၍ မြေပေါ်သို့လဲကျနေ၏။

"အစ်ကိုကြီး ကျွန်မကြောင့်အခုလိုဖြစ်ရတာ၊ ကျွန်မ သေလိုက်မှာပဲ"

ရှောင်ဖုန်းက ဗိုက်နှိပ်ကိုထားရင်း-

"ငါ- ငါမသေနိုင်ပါဘူးကွယ်၊ မင်းလွတ်အောင်သာ ပြေးပေတော့၊ တော်ကြာ အချိန်မရဘဲနေမယ်"

"ဟင့်အင်း- ကျွန်မ အစ်ကိုကြီးကို ကျောပေါ်ထမ်းပြီးပြေးမယ်"

သူမသည် ရှောင်ဖုန်းအားပွေ့ချီပြီး ပခုံးပေါ်သို့ထမ်းလိုက်သည်။

"ဟော့- ရပ်လိုက်"

ထိုစဉ် တပ်မှူးကလေးတစ်ယောက်နှင့် စစ်သည်တော် ၁၀-ယောက်ခန့်တို့သည် မြို့ရိုးပေါ်သို့တက်လာကြပြီး အာကျိအား ဟန့်တားလိုက်သည်။

ရှောင်ဖုန်းက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ လာပါ၊ ကျုပ်အဖမ်းခံဖို့ အသင့်ရှိနေပါတယ်ကွ"

တပ်မှူးကလေးက ဦးညွှတ်၍အလေးပြုလိုက်သည်။

"မှန်ပါတယ်မြို့စားကြီး၊ ကျွန်တော်တို့ဟာ ဘုရင့်အမိန့်အရ လာရတာပါ"

"ဟုတ်ပါတယ်၊ ကျုပ်ကို ဘုရင့်ဆီလိုက်ခဲ့ပါ"

သူသည် လှူးလိမ့်၍ထရန်ကြိုးစားလိုက်သည်။

အာကျိသည် အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့်-

ရှောင်ဖုန်းအား မြေပေါ်သို့ပြန်လည်ချထားပြီး မြို့ရိုးပေါ် မှကျုံးထဲသို့ခုန်ချလိုက်လေသည်။

## ချုပ်ထားလိုက်

တပ်မှူးကလေးနှင့် စစ်သည်တော်များသည် ရှောင်ဖုန်းအား ဖေးမ၍ မြို့ရိုးပေါ်မှဆင်းလာကြသည်။

မြို့ရိုးအောက်၌ စစ်သည်တော်ထောင်ပေါင်းများစွာတို့သည် တိတ်ဆိတ်စွာဖြင့်မတ်တတ်ရပ်၍ ရှောင်ဖုန်းအား အလေး - ပြုကြလေသည်။

သူတို့သည် ဓားကို ဓားအိမ်ထဲသို့ပြန်လည်ထိုးသွင်းထားပြီး လက်နှစ်ဖက်တွဲလောင်းချ၍ အရိုအသေပြုနေခြင်းဖြစ်သည်။

ရှောင်ဖုန်းသည် ထိုစစ်သည်တော်များ၏ မျက်နှာကို တွေ့မြင်လိုက်ရသောအခါ ရင်ထဲ၌ထွေးထွေးနွေးနွေး ခံစားလိုက်ရလေသည်။

"အင်း- ငါကသာ ဒီစစ်သည်တော်များကို ဦးဆောင်ပြီး စစ်သွားတိုက်ရင် ဒီစစ်သည်တော်များထဲက တစ်ဝက်လောက်ဟာ အသက်ရှင်ပြီး ပြန်လာနိုင်မှာမဟုတ်ဘူး၊ ငါ့ကြောင့် ဒီလူတွေရဲ့

အသက်ကိုကယ်ဆယ်နိုင်ခဲ့ရင် ဘုရင်က ငါ့ကိုဘတ်ပစ်လည်း ငါ သေပျော်ပါတယ်လေ"

ဟုတွေးမိလိုက်လေသည်။

သူသည် အောက်သို့ရောက်ရှိလာသောအခါ တပ်မှူးတစ်ယောက်က သူ၏မြင်းကို ရှောင်ဖုန်းအားပေးလိုက်သည်။

ထို့နောက်-

ရှောင်ဖုန်းအား ဖေးမ၍ မြင်းပေါ်သို့တက်လိုက်လေ၏။ စစ်သည်တော်များသည် ရှောင်ဖုန်းအား ဖမ်းဆီးနိုင်ခဲ့သော်လည်း သူတို့၏မျက်နှာများမှာ ဝမ်းသာသည့်အရိပ်အယောင်များ လုံးဝ မရှိကြပါချေ။

ရှောင်ဖုန်းသည် မြင်းကြီးကို တစ်ချက်လှုပ်ခါလိုက်သည်။

မြင်းသည် ခြေလှမ်းမှန်မှန်ဖြင့် စတင်ထွက်ခွာသွားလေသည်။

စစ်သည်တော်များသည် သူ့နောက်မှ တိတ်ဆိတ်စွာဖြင့် လိုက်သွားကြလေတော့သည်။



အာကျိုတစ်ယောက် ကျုံးထဲသို့ခုန်ချသဖြင့် လွတ်မြောက်သွားလိမ့်မယ်ဟု ရှောင်ဖုန်းကယုံကြည်သည်။

သူသည် အာကျိုနှင့်ပထမဆုံးတွေ့ဆုံလိုက်ရသော အချိန်တွင် အာကျိုကလည်း ရေထဲသို့ခုန်ဆင်းပြီး သေချင်ဟန်ဆောင်နေခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့်-

ရှောင်ဖုန်းသည် ဝမ်းသာနေ၏။

သူသည် အာကျိုအကြောင်းများကို တွေးနေစဉ်မှာပင် နန်းတော်သို့ရောက်ရှိလာပြီဖြစ်သည်။

သို့သော်-

ဘုရင်ယာလွတ်သည် သူ့အား အတွေ့မခံတော့ပါ။

အချုပ်ထောင်ထဲသို့ ပို့ရန်အမိန့်ပေးလိုက်လေသည်။

ထို့ကြောင့်-

စစ်သည်တော်များသည် ရှောင်ဖုန်းအား ခြံရံလျက် အကျဉ်းထောင်သို့ ပို့လိုက်ရလေသည်။

ထောင်မှူးသည် ရှောင်ဖုန်းရောက်ရှိလာသည်ကို တွေ့ရသောအခါ သူသည် ထိန်းသိမ်းရန်အခက်ကြုံနေ၏။

ရိုးရိုးအချုပ်ခန်းသည် ရှောင်ဖုန်းအား ချုပ်လှောင်ထားနိုင်စွမ်းမရှိဟုလည်း စဉ်းစားမိသည်။

ထို့ကြောင့်-

သူသည် ကြီးမားသောသံလှောင်အိမ်တစ်လုံး ပြုလုပ်လိုက်ပြီး ရှောင်ဖုန်းအား သိုလှောင်ထားလိုက်လေသည်။

ထို့နောက် ပို၍လုံခြုံစေရန် လုံတံကိုင်သော စစ်သည်တော် ၁၀-ဦးအား ခြံရံ၍ စောင့်ကြပ်ထားလိုက်လေသည်။

ရှောင်ဖုန်း၏ဝေဒနာများသည်-

နောက်တစ်နေ့ ညနေအချိန်ရောက်ရှိလာသောအခါ တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

ထိုစဉ်-

လူနှစ်ယောက်သည် သူ့ထံသို့ရောက်ရှိလာပြီး လှောင်အိမ်အပြင်ဘက်၌ထိုင်ကာ-

"မြို့စားကြီး ကျွန်တော်တို့ကိုသိသလားဗျာ"

ရှောင်ဖုန်းက သူတို့အား အကဲခတ်ကြည့်လိုက်သည်။

ထိုလူများအား သူမြင်ဖူးခဲ့သည်ဟုထင်ရလေသည်။

"ခင်ဗျားတို့ကိုတော့ မြင်ဖူးတယ်ဗျ၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာတော့ မပြောတတ်ဘူး"

ထိုလူများက ရယ်မောလိုက်သည်။

"ကျွန်တော်တို့က ဘုရင်လွှတ်လိုက်တဲ့လူတွေပါ"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကဲ ပြောပါ၊ ခင်ဗျားတို့ကို ဘာကိစ္စလွှတ်လိုက်တာလဲ"

"ဘုရင်က ပြောလိုက်ပါတယ်၊ မြို့စားကြီးကသာ သူပေးတဲ့တာဝန်ကို လက်ခံမယ်ဆိုရင် မြို့စားကြီးကို မူလရာထူးပေးမယ့်အပြင် ဆုလာဘ်တွေကိုလဲ ထပ်ပေးမယ်လို့ပြောပါတယ်"



ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် လက်မခံနိုင်ဘူးလို့ ပြန်ပြောလိုက်ပါ"

ထိုလူများက ခေါင်းခါယမ်းလိုက်သည်။

"မြို့စားကြီးခင်ဗျား စဉ်းစားပြီးမှ ပြောရင်ကောင်းမယ်ထင်တယ်ဗျာ"

ရှောင်ဖုန်းသည် သူတို့အား မကြည့်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

နောက်တစ်နေ့ လူလေးယောက်ထပ်မံရောက်ရှိလာသည်။ သူတို့သည် ဘုရင်ယာလွှတ်၏စေလွှတ်မှုကြောင့် လာရောက်နားချခြင်းဖြစ်သည်။

ရှောင်ဖုန်းက ထပ်မံငြင်းပယ်လိုက်သည်။

ဤသို့ဖြင့်-

နေ့စဉ်နေ့တိုင်း ဘုရင်ယာလွှတ်က လူများစေလွှတ်ပြီး နားချပြန်လေသည်။

ရှောင်ဖုန်းသည် ငြီးငွေ့လာသဖြင့် ထိုလူများအား လုံးဝစကားမပြောတော့ဘဲ မျက်လုံးမှိတ်ကာအိပ်ချလိုက်လေသည်။

သူသည် မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

ရုတ်တရက်-

အသံတစ်သံကြားလိုက်သဖြင့် သူသည် မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။

လူလေးယောက် သူ့အနီးသို့ရောက်ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

သူသည် ဒေါသချောင်းချောင်းထွက်သွားလေသည်။

"ဟေ့- မင်းတို့ဘုရင်ကို ပြန်ပြောလိုက်၊ ဘယ်လိုပဲလာပြောပြော ကျုပ်လက်မခံဘူးကွ"

သူသည် ယင်းသို့ပြောလိုက်ပြီး မျက်လုံးများကို ပြန်လည်မှိတ်ထားလိုက်ရာ-

"မြို့စားကြီးက တော်တော့်ကိုဒေါသကြီးတာကိုး"

ယင်းအသံသည် သူမှတ်မိသော အသံတစ်သံဖြစ်နေ၍ မျက်လုံးဖွင့်ကာ သေချာကြည့်လိုက်သည်။

ထိုလူသည် သူ့အားမျက်လုံးမှိတ်ပြနေသည်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

သူသည် မျက်မှောင်ကုပ်၍ သေချာကြည့်လိုက်သောအခါ-

ထိုလူမှာ-

အာကျိုကရုပ်ဖျက်ထားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

"ဟင်- မင်းကိုး"

သူသည် လွှတ်ခနဲအသံထွက်သွားသည်။

အာကျိုသည် သူ့အား မျက်လုံးမှိတ်ပြရင်း စာရွက်တစ်ရွက် ထုတ်၍ပေးလိုက်သည်။



"ဒီမှာ မြို့စားကြီး ဘုရင့်စကားကို ခင်ဗျားနားထောင်ရင် ကောင်းမယ်၊ ဟောဒီစာကို ကြည့်လိုက်စမ်း၊ ခင်ဗျားအတွက် အကျိုးရှိလိမ့်မယ်"

ရှောင်ဖုန်းသည် ထိုစာရွက်အားလှမ်းယူ၍ ကြည့်လိုက်သောအခါ စာရွက်ပေါ်တွင်-

"စစ်ကူရောက်ပြီ၊ ကနေ့ညလာမယ်"

ဟုရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုန်းသည်-

အာကျိုနှင့်အတူပါလာသော လူသုံးယောက်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုလူသုံးယောက်သည် နှုတ်ခမ်းမွေးကားကားဖြင့် မည်သူမည်ဝါဖြစ်သည်ကို အကဲခတ်၍မရပါချေ။

ထိုစဉ်မှာပင်-

"ဟောဗျာ- မြွေတွေအများကြီးပါလား"

ရှောင်ဖုန်းသည် အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ အနီးမှာစောင့်ကြပ်နေသော စစ်သည်တော်များ၏ အော်သံဖြစ်သည်ကို သိလိုက်ရလေသည်။

ထိုစဉ်မှာပင်-

မြွေများသည် ပြတင်းပေါက်မှလည်းကောင်း-

တံခါးပေါက် မှလည်းကောင်း-

ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမြွေများသည် အကောင်တစ်ရာမက ရှိနေ၏။

သူတို့သည် ခေါင်းတမော့မော့၊ လျှာတပြင်ပြင်ဖြင့် ဝင်ရောက်လာနေခြင်းဖြစ်သည်။

အချပ်ထောင်တစ်ခုလုံးသည် ရှတ်ရှတ်သဲသဲဖြစ်သွားလေသည်။

ချောင်ဖုန်းသည် ထိုမြွေများနှိုတက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့်-

ယင်းမြွေများသည် တစ်စုံတစ်ယောက်ကခေါ်ဆောင်လာခြင်းဖြစ်သည်ကို သိလိုက်ရလေသည်။

အစောင့်အကြပ်များသည် ဓားဖြင့်လည်းကောင်း-

တုတ်ဖြင့်လည်းကောင်း-

ဝင်ရောက်လာသောမြွေများကို ကမန်းကတန်းရိုက်သတ်နေကြသည်။

ထိုစဉ်မှာပင် ဆူညံသောအသံများသည် တစ်မုဟုတ်ချင်းထွက်ပေါ်လာလေတော့သည်။

"မီးချို့- ဝီး- ဝီး"

ထောင်မှူးသည် မီးလောင်သောအသံများကို ကြားလိုက်ရသဖြင့် မျက်မှောင်ကုပ်သွားလေသည်။

"ဟာ- မီးလောင်တယ်ဆိုပါလား၊ ဘယ်လိုလုပ်ကြမလဲ"

အစောင့်များသည် ထိတ်ထိတ်ပျာပျာဖြစ်သွားကြကုန်လေသည်။

"ခုကွပဲ၊ မြွေတွေကတစ်မျိုး၊ မီးလောင်တာကတစ်မျိုး၊ ထောင်မှူးကြီး ကျွန်တော်တို့ဘာလုပ်ရမှာလဲဗျ"



ထိုစဉ်မှာပင်-

တစ်ကိုယ်လုံးရွှေရောင်အဆင်းရှိသော မြွေတစ်ကောင်သည် ထောင်မှူးထံသို့ ခုန်၍တိုက်ခိုက်လာလေသည်။

တစ်ချိန်တည်းမှာပင်-

တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် ပစ်လွှင့်လိုက်ရာ အခန်းထဲမှထွန်းညှိထားသောမီးများ ငြိမ်းသွားလေသည်။

အာကျိုနှင့်အတူပါလာသော-

လူသုံးယောက်ထဲတွင်-

ကြုံးလင်ပါ ပါလာသဖြင့် သူမ၏မြွေဖြင့် ထောင်မှူးအား တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

## ဝိဇျို့ ငိး- ငိး

အခန်းတစ်ခုလုံး မှောင်မည်းနေ၏။

စစ်သည်တော်များ၏ ဗူးရှသောအော်ဟစ်သံများသည် အဆက်မပြတ်ထွက်ပေါ်နေ၏။

အာကျိုသည် ရှပ်ဖျက်ထားသောအကျီများ ချွတ်လိုက်ပြီး သူမ၏ဓားဖြင့် ရှောင်ဖုန်းလက်ပေါ်မှသံကြိုးအား ခုတ်ချလိုက်လေသည်။

ထိုစဉ် ရှောင်ဖုန်းထိုင်နေသောမြေပြင်သည် ရုတ်တရက် အောက်သို့ပြိုကျသွားသည်။

လူတစ်ယောက်၏လက်သည် သူ့ခြေထောက်ကို အောက်သို့ဆွဲချလိုက်ခြင်းဖြစ်သည်။

ရှောင်ဖုန်းသည်-

အောက်သို့ရောက်ရှိသွားသောအခါ တာလီပြည်မှ 'ပန်းဝါ' ပါထင်းစုနှင့် တန့်ဥတို့ရောက်ရှိနေသည်ကို မြင်တွေ့လိုက်ရလေ၏။



ပန်းဝါနှင့်ပါထင်းစုတို့သည် မြေအောက်လိုဏ်ဂူတူးပြီး ရှောင်ဖုန်းအား လာရောက်ကယ်တင်ခြင်း ဖြစ်သည်။

ရှောင်ဖုန်းသည် ရယ်မောလိုက်ပြီး-

တန့်ဥခန္ဓာကိုယ်အား သိုင်းဖက်လိုက်သည်။

"ဟား- ဟား- ဟား- ငါ့ညီနဲ့ ခုလို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ"

သူသည် တန့်ဥအား သိုင်းဖက်လိုက်တော့မှ မိမိခွန်အားသည် ပကတိကောင်းမွန်လာသည်ကို သတိပြုမိလိုက်လေသည်။

သူတို့သည် မြေအောက်လိုဏ်ဂူမှ ထွက်ပြေးလာကြသည်။

မကြာမီ-

သူတို့သည် မြေပေါ်သို့ပြန်လည်ရောက်ရှိလာလေသည်။

အပေါ်သို့ရောက်သောအခါ မုဝမ်းချင်နှင့် ကယ်ပါဂိုဏ်းသားတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုကယ်ပါဂိုဏ်းသားသည် ဂုန်လျှော်အိတ်တစ်လုံး အဆင့်ရှိသော ဂိုဏ်းသားတစ်ယောက်ဖြစ်သည်။

မြေကြီးကိုစေခိုင်းနိုင်သော အတတ်ပညာရှင် တစ်ယောက်ဖြစ်လေသည်။

ရှောင်ဖုန်းသည် အချုပ်ထောင်ထဲရောက်ရှိလာသော မြွေများမှာ ထိုကယ်ပါဂိုဏ်းသားက စေလွှတ်လိုက်ခြင်းဖြစ်သည်ဟု ယူဆမိလိုက်လေသည်။

သူသည် ထိုကယ်ပါဂိုဏ်းသား၏ပခုံးအား သိုင်းဖက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ"

ကယ်ပါဂိုဏ်းသားသည် ရှောင်ဖုန်းအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျဆင်းလာလေသည်၊

"ဂိုဏ်းချုပ်ကြီး- "

ကယ်ပါဂိုဏ်းသား၏အသံသည် တုန်ခါနေသည်။

ရင်ထဲ၌ ခံစားမှုအပြည့်ဖြင့်ခေါ်လိုက်ခြင်းဖြစ်သည်။

ရှောင်ဖုန်းသည်-

ယခုကဲ့သို့ ကယ်ပါဂိုဏ်းသားက မိမိအပေါ် သံယောဇဉ်ရှိနေသည်ကိုတွေ့လိုက်ရသောအခါ ရင်ထဲတွင်လှိုက်လှိုက်လှဲလှဲခံစားလိုက်ရလေသည်။

သူသည် မုဝမ်းချင်တို့အား ကျေးဇူးတင်စကားပြောလိုက်လေသည်။

ပန်းဝါက-

"တာလီမြည်သူတွေက မြို့တော်ရဲ့အရှေ့ဘက်က တိုက်နိုက်နေပြီဗျ၊ ကျုပ်တို့ အမြန်ဆုံးသွားကြရင်ကောင်းမယ်"

ရှောင်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ- သွားကြမယ်"

သူတို့ကိုးယောက်သည် မြို့တံခါးရှိရာသို့ ပြေးလွှားသွားကြလေသည်။

ရှောင်ဖုန်းသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ သူတို့ထွက်လာသောနေရာမှာ အိမ်အိုပျက်ကြီးတစ်လုံးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။



အာကျိက ခေတန်ဘာသာဖြင့်-

"မီးဗျို့- မီး- မီး"

ဟုအော်လိုက်ရာ-

ပန်းဝါနှင့်ပါထင်းစုတို့သည် သူမ၏စကားအတိုင်း တု၍ အော်ဟစ်ကြလေသည်။

ပါထင်းစုမှာမူ ကိုယ်ဖော့ပညာကိုအသုံးပြုပြီး အဆောက်အဦးများကို မီးလိုက်ရှို့နေသည်။

တစ်ခဏအကြာတွင် အဆောက်အဦးများသည် မီးများ ဟုန်းဟုန်းတောက်လောင်ကုန်လေတော့သည်။

ရှောင်ဖုန်းတို့သည် ခေတန်လူမျိုးတို့၏ အဝတ်အစားများကို လဲဝတ်ထားကြသည်။

သူတို့သည် ရှုပ်ထွေးနေသောလူအုပ်ကြားထဲသို့ ပြေးဝင်သွားကြသည်။

သူတို့သည် လမ်း ၃-၄လမ်းမျှကျော်ဖြတ်လာသောအခါ ဆူညံသောအသံများကို ကြားလိုက်ရလေသည်။

"ဟေ့ ရန်သူတွေ မြို့ထဲကိုဝင်ရောက်လာပြီကွ၊ ဘုရင်မင်းမြတ်လဲ အဖမ်းခံရတယ်လို့ကြားလိုက်ရတယ်"

ရှောင်ဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထိတ်သွားသည်။

ခြေလှမ်းပင် တုံ့ခနဲရပ်တန့်သွားသည်။

"ဒုက္ခပဲ ဘုရင်အဖမ်းခံရတယ်ဆိုပါလား၊ ကျုပ်သူ့ကို သွားကယ်မှဖြစ်မယ်"

အာကျိုက ရယ်မောလိုက်သည်။

"စိတ်ချပါအစ်ကိုကြီး၊ ဒါတွေဟာ သူတို့စိတ်ဓာတ်ကျအောင် ထင်းစန်းတောင်ကလူတွေ ကောလာဟာလသတင်းလွှင့်နေတာပါ"

ရှောင်ဖုန်းက ရယ်မောလိုက်သည်။

"ဒါဖြင့် ဖူးကျို့တို့ ရောက်လာပြီပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ရှင်- သူသာမကဘူး၊ သူ့မိန်းမပါ ပါလာတယ်ရှင့်"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို- ဖူးကျို့က မိန်းမရပြီဟုတ်လား"

"ဟုတ်တယ်လေ- အစ်ကိုကြီး မသိဘူးလား"

"မသိပါဘူးဗျာ- သူ့မိန်းမက ဘယ်သူတဲ့တုန်း"

အာကျိုက ရယ်မောလိုက်သည်။

"သူ့မိန်းမက စီဟာနိုင်ငံရဲ့ရွှေမင်းသမီးလေ"

ရှောင်ဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ တန့်ဥအား လှည့်ကြည့်လိုက်သည်။

တန့်ဥက ပြုံးလိုက်သည်။

"ကျွန်တော် ဘယ်လိုမှသဘောမထားပါဘူးဗျာ၊ ဒီကိစ္စကို ကျွန်တော် နောက်မှရှင်းပြပါ့မယ်"



သူတို့သည် ပြောရင်း မြို့တံခါးအနီးသို့ ရောက်ရှိလာကြလေသည်။

ထိုနေရာတွင်-

ကြီးမားသောစင်မြင့်တစ်ခု တည်ဆောက်ထားသည်ကို တွေ့လိုက်ရသည်။

သို့သော် ထိုစင်မြင့်သည် မီးများတောက်လောင်နေသဖြင့် ပြိုကျနေသည်။

စင်မြင့်၏ရှေ့တွင် အလံတိုင်တစ်ခုရှိသည်။

အလံတိုင်ထိပ်တွင်လွှင့်ထူထားသောအလံများသည် မီးစွဲလောင်နေ၏။

ပါထင်းစုက ရယ်မောလိုက်သည်။

"အရှင်မင်းမြတ်- ဒီစင်မြင့်ကြီးကို မီးရှို့လိုက်တဲ့အတွက် ယာလွတ်ဘုရင်ဟာ စစ်ချီဖို့ရာ နောက်ထပ်ရက်ရွှေ့ရလိမ့်မယ်ထင်ပါတယ်"

ရှောင်ဖုန်းသည် ပါထင်းစုက တန့်ဥအား 'ဘုရင်မင်းမြတ်' ဟု ခေါ်လိုက်သည်ကိုကြားရသဖြင့် အံ့ဩသွားသည်။

"ငါ့ညီ- မင်း- မင်းက ဘုရင်ဖြစ်နေပြီဟုတ်လား"

တန့်ဥက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်- ဖေဖေကဆုံးသွားပြီ၊ ဦးလေးက ဘုန်းကြီးဝတ်သွားတော့ ကျွန်တော်ပဲ ဘုရင်နေရာဆက်ဆံလိုက်ရတယ်ဗျာ"

ရှောင်ဖုန်း ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

အတန်ကြာမှ-

သူသည် ခြေလှမ်းရပ်လိုက်ပြီး တန့်ဥအား ဦးညွှတ်လိုက်သည်။

"ခင်ဗျားက ဘုရင်တစ်ယောက်လုံးဖြစ်ပြီး အခုလို ကျုပ်အတွက်နဲ့ အသက်စွန့်ပြီး လာကယ်တာဟာ တစ်ခုခုဖြစ်ရင်တော့ တာလီပြည်ရဲ့ပြည်သူပြည်သားတွေကို ကျုပ်က ဘယ်လိုလုပ် ဖြေရှင်းပြရမှာလဲ"

တန့်ဥက ရယ်မောလိုက်သည်။

"အစ်ကိုကြီးကလဲဗျာ၊ တာလီပြည်ဟာ အလွန်ချောင်ကျတဲ့ ပြည်ငယ်ကလေးတစ်ပြည်ပါ၊ အခုလို ဘုရင်လို့ အခေါ်ခံရတာကို ကျွန်တော်တော့ မနေတတ်မထိုင်တတ်ဖြစ်နေတယ်ဗျာ"

ပန်းဝါက ပြုံးလိုက်သည်။

"ဒီလိုပါ- အခုမြို့စားကြီးအဖမ်းခံရတဲ့ကိစ္စကလဲ ဘုရင်ယာလွတ်ကို စစ်မတိုက်ဖို့ ကန့်ကွက်တဲ့အတွက် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့သိပါ တယ်၊ ဒါကြောင့် ကျွန်တော်တို့က မြို့စားကြီးကို အလွန်ကျေးဇူးတင်ပါတယ်"

ရှောင်ဖုန်းက မျက်မှောင်ကုပ်သွားသည်။

'ဒါနဲ့ပတ်သက်ပြီး တာလီပြည်နဲ့ဘယ်လိုများ သက်ဆိုင်နေလို့လဲ"

ပါထင်းစုက ကြားဖြတ်ပြောလိုက်သည်။

"ဆိုင်တာပေါ့မြို့စားကြီး၊ ဘုရင်က စုံနိုင်ငံကိုတိုက်ခိုက်ပြီးရင် ဒုတိယခြေလှမ်းဟာ ကျွန်တော်တို့တာလီပြည်ကိုပဲပေါ့၊ ကျုပ်တို့တာလီပြည်ဟာ စစ်အင်အားအလွန်နည်းပါတယ်၊ သူတို့ကိုခုခံဖို့



ဘယ်နည်းနဲ့မှမလွယ်ပါဘူး၊ ဒါကြောင့် မြို့စားကြီးကို ကျေးဇူးတင်ပါတယ်လို့ပြောတာပါ"

ရှောင်ဖုန်းက လက်ကာပြလိုက်သည်။

"ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူးခင်ဗျာ၊ အမှန်ပြောရရင် နိုင်ငံတစ်နိုင်ငံ စစ်တိုက်တဲ့အခါမှာ နှစ်ဖက်စလုံး ထိခိုက်ဆုံးရှုံးမှာကိုစိုးရိမ်လို့ ကန့်ကွက်မိတာပါ"

သူတို့သည် ယင်းသို့စကားပြောနေစဉ်-

မြို့၏တောင်ပိုင်းမှ မီးလုံးများသည် ကောင်းကင်ပေါ်သို့ ထိုးတက်လာသည်ကို တွေ့လိုက်ရလေသည်။

မီးဘေးဒုက္ခသည်များသည် ကလေးငယ်များကိုဆွဲကာပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဟိုဘက်မှာ မီးတွေလောင်နေပါလားဗျာ"

ကယ်ပါဂိုဏ်းသားတစ်ဦးက ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား- ကယ်ပါဂိုဏ်းရဲ့ဂိုဏ်းစုမှူးဝူးက ကယ်ပါဂိုဏ်းသားတွေကိုဦးဆောင်ပြီး တောင်ပိုင်းတံခါးကနေ တိုက်ခိုက်နေပါတယ်ဂိုဏ်းချုပ်ကြီး"

ရှောင်ဖုန်းမှာ နားမလည်နိုင်တော့ချေ။

"ဘယ်လို- ဂိုဏ်းစုမှူး ဝူးက ကယ်ပါဂိုဏ်းသားတွေကိုစုပြီး ရောက်လာကြတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"သူတို့က ဘာဖြစ်လို့လာပြီးတိုက်ခိုက်တာလဲ"

"ဂိုဏ်းချုပ်ကြီးအဖမ်းခံရတယ်ဆိုတဲ့သတင်းကြားလို့ လာကယ်ကြတာပါ"

ရှောင်ဖုန်း၏မျက်ခုံးမွေးအစုံသည် အပေါ်သို့မြင့်တက်သွားလေသည်။

အတန်ကြာမှ-

"သူက ဘာဖြစ်လို့ ကျုပ်ကိုလာကယ်ရမှာလဲ"

ကယ်ပါဂိုဏ်းသားက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အာကျို ဒီမြို့တော်ကနေ ထွက်ပြေးလာပြီး၊ လမ်းမှာ ဂိုဏ်းစုမှူးဝူးနဲ့တွေ့ဆုံခဲ့ပါတယ်၊ ဂိုဏ်းချုပ်ကြီးက စုံနိုင်ငံအတွက် ဘုရင်ယာလွှတ်ကိုစစ်မတိုက်ဖို့ဟန့်တားလို့ အဖမ်းခံရတဲ့အကြောင်း ပြောပြလိုက်ပါတယ်"

ရှောင်ဖုန်းသည် အာကျိုအား တစ်ချက်ကြည့်လိုက်ပြီး-

"သူက အာကျိုပြောတာကို ယုံတယ်ဟုတ်လား"

"ပထမတော့ သူလဲ မယုံ့တယုံဖြစ်နေပါတယ်၊ ဂိုဏ်းချုပ်ကြီးဟာ ခေတန်လူမျိုးဖြစ်လို့ စုံနိုင်ငံဘက်က ရပ်တည်မှာ မဟုတ်ဘူးလို့ ပြောပါတယ်"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တာပေါ့၊ သူထင်လဲ ထင်စရာပဲပေါ့"

ကယ်ပါဂိုဏ်းသားက ပြုံးလိုက်သည်။

"ဒါပေမယ့် ဂိုဏ်းစုမှူးဝူးက သေချာစုံစမ်းတဲ့အခါမှာ အာကျိုပြောတဲ့စကားဟာ မှန်ကန်တာသိရလို့ သူက ကယ်ပါဂိုဏ်းရဲ့ဝါးစိမ်းအမိန့်ကို ထုတ်ပြီး ဂိုဏ်းချုပ်ရဲ့လုပ်ဆောင်ချက်များကို



ဂိုဏ်းအသီးသီးကို သတင်းပို့လိုက်ပါတယ်၊ ဒါကြောင့် ကယ်ပါဂိုဏ်းသာမကဘဲ ရှောင်လင်ကျောင်းကပါ လူတွေစုပြီး အခုလို ဂိုဏ်းချုပ်ကြီးကိုလာပြီးကယ်ကြတာ ဖြစ်ပါတယ်"

ရှောင်ဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

"အင်း- ကယ်ပါဂိုဏ်းဟာ ငါ့ကိုမမေ့ပါလား"

ထိုစဉ်မှာပင်-

မြို့ရိုးတံခါးပွင့်သွားသည်။

တန့်ဉနှင့်ပန်းဝါတို့သည် ရှောင်ဖုန်းအားခြံရံလျက် မြို့တံခါးမှ ထိုးဖောက်ထွက်သွားကြလေသည်။

တံခါးအပြင်ဘက်သို့ ရောက်ရှိသွားသောအခါ များပြားလှသောမီးတုတ်များသည် ထိန်ထိန်လင်းနေ၏။

များပြားလှသော ကယ်ပါဂိုဏ်းသားများတို့သည် မြင်းများကို အသင့်ပြင်၍စောင့်နေကြသည်။

သူတို့သည် ရှောင်ဖုန်းထိုးဖောက်ထွက်လာသည်ကို တွေ့ရှိလိုက်ရသောအခါ-

"ရှောင်ဖုန်းဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ဟု တစ်ခဲနက်ကြွေးကြော်လိုက်ကြလေသည်။

ကြွေးကြော်သံများသည် ဝန်းကျင်တစ်ခုလုံးအား ဟိန်းထွက်သွားစေလေတော့သည်။

ရှောင်ဖုန်းသည် ရင်ထဲ၌တလှပ်လှပ်ဖြစ်လာ၏။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များပြည့်လျှံလာ၏။

ဤလူစုများသည် မိမိနှင့်နှစ်ပေါင်းကြာမြင့်စွာ လက်ပွန်းတတီးနေထိုင်လာခဲ့ကြသော သွေးသောက်များဖြစ်ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ခွဲခွာခဲ့ကြရသည်။

ယခု မိမိ ဒုက္ခနှင့်ရင်ဆိုင်နေရသောအချိန်၌ အသက်စွန့်၍လာရောက်ကယ်တင်သည်ကို တွေ့မြင်လိုက်ရသောအခါ သူသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ မည်ကဲ့သို့ပြန်ပြောရမှန်းမသိဘဲ ရပ်လျက်နေ၏။

မီးတုတ်များသည် ဝဲယာသို့ခွဲသွားကြ၏။ အလယ်လမ်းမှ လူတစ်စုသည် ရှေ့သို့တက်လာသည်။

ရှေ့ဆုံးမှမြင်းပေါ်တွင် ကယ်ပါဂိုဏ်းသားတစ်ယောက်သည် လက်နှစ်ဖက်ခေါင်းပေါ်သို့ မြှောက်ထားသည်။

သူ၏လက်ထဲတွင် ကယ်ပါဂိုဏ်းချုပ်အဆောင်အယောင်ဖြစ်သော ခွေးရိုက်တုတ်ကို ကိုင်ဆောင်ထားသည်။

ထိုလူကား ဂိုဏ်းစုမှူး 'ဝူး'ပင် ဖြစ်ပေသတည်း။

## ဂိုဏ်းချုပ်နေရာမလိုပါ

ဂိုဏ်းစုမှူးဝူးသည် ရှောင်ဖုန်းရှေ့သို့ ရောက်ရှိလာသည်နှင့် မြင်း ပေါ်မှဆင်းပြီး မြေပေါ်၌ဒူးထောက်လိုက်လေသည်။

"ဂိုဏ်းသားတစ်ဖွဲ့လုံးရဲ့ကိုယ်စား ကျုပ်တို့က ဒီဂိုဏ်းချုပ်အဆောင်အယောင်များ ဂိုဏ်းချုပ်ကြီးကို ပြန်အပ်ပါတယ်၊ ကျုပ်တို့ အထင်မှားအမြင်မှားဖြစ်ခဲ့တဲ့အတွက် အခုလို ဂိုဏ်းချုပ်ကြီးဟာ ဒုက္ခအမျိုးမျိုးနဲ့ရင်ဆိုင်ခဲ့ရပါတယ်၊ ကျုပ်တို့ရဲ့အပြစ်တွေကို ခွင့်လွှတ်ပါ၊ ကျုပ်တို့တတွေဟာ မိဘမဲ့ဘဝတူတွေပါ၊ ဒါကြောင့်ဘဝတူချင်း စာနာထောက်ထားပြီး ဂိုဏ်းချုပ်နေရာကို ပြန်ပြီးလက်ခံပါလို့ တောင်းပန်ပါတယ်"

ရှောင်ဖုန်းသည်-

မိမိနှင့်ဆိုးအတူကောင်းအတူ နေထိုင်ခဲ့ကြသော ရဲဘော်ရဲဘက်များအားတွေ့မြင်လိုက်ရသောအခါ သူ၏ ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းနည်းကြေကွဲမှုများကို လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

သူသည် ဂိုဏ်းစုမှူးဝူးအား ဖေးမ၍ထူလိုက်လေသည်။

"ဂိုဏ်းစုမှူး- ကျုပ်ဟာ ခင်ဗျားတို့ထင်တဲ့အတိုင်း ခေတန်လူမျိုးဖြစ်ပါတယ်၊ အခုလို ကျုပ်ကို ဂိုဏ်းချုပ်နေရာပြန်ပေးတာ ကျေးဇူးတင်လို့မဆုံးပါဘူး။ ဒါပေမယ့် ဂိုဏ်းချုပ်နေရာကိုတော့ မယူပါရစေနဲ့ခင်ဗျာ"

ဂိုဏ်းစုမှူးဝူးက ခေါင်းခါယမ်းလိုက်သည်။

"အို- ဂိုဏ်းချုပ်ကြီး ဘာလူမျိုးပဲဖြစ်ဖြစ် ကျုပ်တို့အားလုံးက လက်ခံပါတယ်"

ထိုစဉ်မှာပင် စစ်ချီသောဗုံသံများ ဆူညံစွာထွက်ပေါ်လာလေသည်။ တန့်ဉမှာ ရင်ထိတ်သွားသည်။

"ဂိုဏ်းစုမှူးဝူး မြန်မြန်သွားကြမယ်၊ ခေတန်စစ်သည်တွေ ရောက်လာပြီဗျ"

ရှောင်ဖုန်းသည် ခေတန်စစ်သည်တော်များ၏ အကြောင်းကို သိထားသည်။

ယခု ကယ်ပါဂိုဏ်းနှင့် ရှောင်လင်ကျောင်းကလူများ ဝင်ရောက်နိုင်ခြင်းမှာ အလစ်ဝင်ရောက်တိုက်ခိုက်အနိုင်ရလိုက်ခြင်းကြောင့်ဖြစ်သည်။

အကယ်၍-

ရင်ဆိုင်တိုက်ခိုက်ကြမည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ ခေတန်စစ်သည်တော်များအား နိုင်မည်မဟုတ်ဟု နားလည်ထားလေ သည်။

ထို့ပြင်-



ရင်ဆိုင်တိုက်ခိုက်ပါက တစ်ဘက်နှင့်တစ်ဘက် အသက်ပေါင်းများစွာ ဆုံးရှုံးထိခိုက်နိုင်မည်မဟုတ်ပါလော။

သူသည် ယင်းသို့ဆင်ခြင်သုံးသပ်မိလိုက်သည်နှင့်-

"ဂိုဏ်းစုမှူး- ဂိုဏ်းချုပ်ကိစ္စကို နောက်မှပဲ ဆွေးနွေးကြတာပေါ့၊ အခုဂိုဏ်းသားတွေကို အနောက်ဘက်ကို အမြန်ဆုံးဆုတ်ခွာသွားဖို့ အမိန့်ပေးပါ"

ဂိုဏ်းစုမှူးဝူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

သူသည် ချက်ချင်းပင်အမိန့်ချလိုက်လေသည်။

ကယ်ပါဂိုဏ်းသားအားလုံးတို့သည် နောက်သို့ဆုတ်ခွာသွားကြပြီး အနောက်ဘက်သို့ဦးတည်ထွက်ခွာသွားကြလေသည်။

သူတို့၏နောက်တွင် ထင်းစန်းတောင် လက်အောက်ခံများဖြစ်ကြသော အုပ်စုတစ်ရာခန့်မှလူစုများသည် တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာသွားကြလေသည်။

တာလိပြည်မှ သိုင်းသမားများကိုလည်း ကျူတန်းစင်တို့က ဦးဆောင်၍ဆုတ်ခွာသွားကြသည်။

သူတို့သည် ဆယ်မိုင်ခန့်အကွာသို့ ဆုတ်ခွာသွားကြပြီ ဖြစ်သော်လည်း ရှောင်လင်ကျောင်းမှလူစုများရောက်ရှိလာခြင်း မရှိသေးသည်ကို တွေ့ရလေသည်။

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ရှောင်လင်ကျောင်းက လူစုတွေမရောက်ကြသေးပါလား"

ဟု တန့်ဉအားမေးမြန်းနေစဉ်-

မြို့ထဲမှ ဆူညံစွာတိုက်ခိုက်နေကြသောအသံများကို ကြားရလေသည်။

တန့်ဥ မျက်မှောင်ကုပ်သွားသည်။

"ရှောင်လင်ကျောင်းကလူတွေ အဝိုင်းခံရပြီနဲ့တူတယ်"

ပါထင်းစုက ခေါင်းညိတ်လိုက်၏။

"မှန်ပါ- အခြေအနေအရ ရှောင်လင်ကျောင်းကလူစုတွေ အပိတ်ခံရပြီနဲ့တူတယ်"

တန့်ဥသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဒါဖြင့်- ကျန်တဲ့လူတွေ ဒီမှာပဲစောင့်ကြည့်နေကြပါ၊ ကျုပ်တို့ ဖြန့်ပြီးသွားကယ်မယ်"

သူသည် ပြောပြီးသည်နှင့်တာလီပြည်မှ သိုင်းသမားများအားခေါ်ဆောင်၍ မြို့ထဲသို့ ထပ်မံချီတက်သွားကြပြန်လေသည်။

နန်းကင်းမြို့ထဲမှ ဆူညံသောအသံများသည် ပို၍ကျယ်လောင်လာလေသည်။

တာလီပြည်မှသိုင်းသမားများသည် မြို့ထဲသို့ စစ်ကူသွားသည်မှာ အတန်ကြာသော်လည်း ပြန်ရောက်လာခြင်းမရှိသေးပေ။ ရှောင်ဖုန်း စိုးရိမ်ပူပန်လာသည်။

ထိုစဉ်-

ကယ်ပါဂိုဏ်းမှ ခြေမြန်တော်တစ်ယောက်ရောက်ရှိလာသည်။ ခေတန်စစ်သည်တော်များက ရှောင်လင်ကျောင်းကလူများအား သံမဏိစစ်သည်တော်နှစ်ထောင်ခန့်နှင့် ဝိုင်းရံထားပြီး-

တာလီပြည်မှသိုင်းသမားများမှာလည်း မြို့နှုတ်ခါးဝတွင်



ပိတ်ဆို့ခြင်းခံရသဖြင့် မြို့ထဲသို့မရောက်နိုင်ကြောင်း သတင်းပို့လေသည်။

ဖူးကျို့က သူ၏လူစုများအား လက်တစ်ချက်ဝှေ့ယမ်း၍ အမိန့်ပေးလိုက်သည်။

"ကဲ- ရဲဘော်တို့၊ တို့သွားပြီးကူညီမယ်"

ယင်းသို့ပြောပြီး သူ၏လူစု ၁၀၈-စုအား ဦးဆောင်၍ လိုက်သွားပြန်လေသည်။

နန်းကင်းမြို့တော်ထဲ၌ မီးတောက်မီးလျှံများသည် ကောင်းကင်တစ်ခုလုံးသို့ပင် နီရဲစွာထင်ဟပ်နေသည်။

ရှောင်ဖုန်းသည် နေမထိထိုင်မထိဖြစ်နေ၏။

ခါတိုင်းဆိုလျှင်-

သူသည် ယင်းလိုတိုက်ပွဲမျိုးနှင့် ရင်ဆိုင်ရသောအခါ ရှေ့ဆုံးမှဝင်ရောက်တိုက်ခိုက်မြဲဖြစ်သည်။

ယခု သူသည် ဝင်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ အခြေအနေစောင့်ကြည့်ရသည်ကို စိတ်မရှည်နိုင်ဘဲဖြစ်နေခဲ့လေသည်။

နောက်ဆုံး-

သူသည် ဆက်၍မစောင့်နိုင်တော့ပါ။

အာကျိုဘက်သို့လှည့်လိုက်သည်။

"မင်းတို့စောင့်နေကြ၊ ကျုပ်သွားကြည့်လိုက်ဦးမယ်"

အာကို၊ ကြုံးလင်နှင့်မုဝမ်းချင်တို့က ဟန့်တားလိုက်၏။

"မသွားပါနဲ့၊ ခေတန်စစ်သည်တော်တွေ ရှင့်ကိုတွေ့ရင် လွှတ်ပေးမှာမဟုတ်ဘူး"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး၊ ကျုပ်အတွက် အားလုံးကအသက်စွန့်ပြီး တိုက်ခိုက်နေကြတာ၊ ကျုပ်က ဒီမှာလက်ပိုက်ကြည့်နေလို့ ဘယ်တရားပါ့မလဲ"

သူသည်ပြောရင်း မြင်းကိုမောင်းနှင်ကာ မြို့ထဲသို့ဦးတည်သွားလေသည်။

မုဝမ်းချင်တို့သာမက ကယ်ပါဂိုဏ်းသားများလည်း သူ့နောက်မှ လိုက်သွားကြလေသည်။

သူတို့သည် မြို့ရိုးတံခါးအနီးသို့ရောက်ရှိလာသောအခါ ကယ်ပါ ဂိုဏ်းသားတစ်ယောက်က လာရောက်သတင်းပို့သွားလေသည်။

"ဂိုဏ်းချုပ်ကြီး တာလိပြည်ဘုရင်တန့်ဥနဲ့ ထင်းစန်းတောင် ဂိုဏ်းချုပ်ကြီးဖူးကျို့တို့ မြို့ထဲကို ထိုးဖောက်ဝင်ရောက်သွားပါပြီ"

ရှောင်ဖုန်းသည် ထိုသတင်းကြားသိရသောအခါ မြင်းကို အမှိန်ပြင်းစွာမောင်းနှင်ပြီး မြို့ရိုးတံခါးရှိရာသို့ ချီတက်သွားလေတော့သည်။



မြို့ရိုးတံခါးဝအနီးတွင် အလောင်းများထပ်နေသည်။

ထိုအလောင်းများသည် ခေတန်စစ်သည်တော်များနှင့် ကယ်ပါဂိုဏ်းသားများ ဖြစ်ပါသည်။

အချို့အလောင်းများသည် တာလိပြည်မှ သိုင်းသမားများနှင့် ဖူးကျို့လက်အောက်ရှိ ၁၀၈- အုပ်စုမှလူများလည်း ပါဝင်နေသည်။

မြို့စောင့်တပ်သားများသည် စစ်ကူမဝင်နိုင်အောင် မြို့ရိုးတံခါးအားပိတ်ရန် ကြိုးစားနေကြသည်။

၁၀၈-အုပ်စုမှလူများမှာမူ မြို့ရိုးတံခါးပိတ်မသွားစေရန် ဝင်ရောက်တိုက်ခိုက်နေသည်။

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

သူသည် မြင်းပေါ်မှဆင်းပြီး မြို့ရိုးအနီးသို့ ပြေးလွှားသွားသည်။ ထို့နောက် ကိုယ်ဖော့ပညာရပ်များအသုံးပြုကာ မြို့ရိုးပေါ်သို့ ခုန်တက်သွားလေသည်။

## ရှမ်းစုရဲ့ ကြမ္မာ

ယခု ရှောင်ဖုန်းသည် မြို့တွင်းမှဖြစ်ပွားနေသော တိုက်ပွဲများအား မြို့ရိုးပေါ်မှဆီး၍ တွေ့မြင်ရလေပြီ။

မြို့ထဲရှိမြေကွက်လပ်ပေါ်တွင် ခေတန်စစ်သည်တော်များသည် ရှောင်လင်ကျောင်းမှလူများနှင့် တန့်ဥတို့လူစုအား အပိုင်းပိုင်းဖြတ်တောက်၍ ဝိုင်းရံထားကြသည်ကို တွေ့ရလေသည်။

သိုင်းသမားများသည် သိုင်းပညာမည်မျှအစွမ်းထက်ကြသော်လည်း-

အချိန်ကြာသွားလျှင်-

တစ်ယောက်နှင့်အများမို့ နောက်ဆုံး ရှုံးနိမ့်သွားရမည်သာဖြစ်သည်ကို ရှောင်ဖုန်းကသိထားလေသည်။

ရှောင်ဖုန်းသည် မြို့ရိုးပေါ်တွင်ရပ်လျက်ဝေခွဲဆုံးဖြတ်ရန် အခက်ကြုံနေသည်။

ယင်းတိုက်ခိုက်နေကြသောလူစုများသည်-

တစ်ဘက်က မိမိ၏လူမျိုးများဖြစ်ပြီး-

ကျန်တစ်ဘက်ကမူ မိမိအား လာရောက်ကယ်တင်ကြ



သောလူများဖြစ်သည်။

သူသည် ခေတန်လူမျိုးဘက်ကနေ ဝင်ရောက်တိုက်ခိုက်လျှင် မိမိ၏ကျေးဇူးရှင်များအား သစ္စာဖောက်ရာရောက်လိမ့်မည်။

အကယ်၍-

သိုင်းသမားများဘက်ကပါဝင်ပြီး ခေတန်စစ်သည်တော်များကိုတိုက်ခိုက်ပြန်လျှင်လည်း-

မိမိမှာ ကိုယ့်လူမျိုးအပေါ် သစ္စာဖောက်ရာကျမည် မဟုတ်ပါလော။

ထို့ကြောင့်-

သူသည် မည်သို့ဆုံးဖြတ်ရမည်ကို ဝေခွဲမရဘဲဖြစ်နေသည်။ ရှောင်ဖုန်းသည် ယင်းသို့တွေဝေနေစဉ်-

ရုတ်တရက်-

စူးရှသောအော်ဟစ်သံတစ်သံကို ကြားလိုက်ရသည်။

သူသည် အသံလာရာဆီသို့လှမ်းကြည့်လိုက်သည်။

ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီး 'ရှမ်းဦး' သည် ခေတန်စစ်သည်တော်များ၏ လက်ချက်ကြောင့် ပြင်းထန်စွာဒဏ်ရာရသွား၍ အော်ဟစ်နေခြင်းဖြစ်သည်ကို တွေ့ရသည်။

ထိုစဉ်မှာပင်-

'ရှမ်းစု' သည် 'ရှမ်းဦး' ဒဏ်ရာရသွားသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်ကာ 'ရှမ်းဦး' အား တိုက်ခိုက်နေသော ခေတန်စစ်သည်တော်အား သူ၏သံမဏိတောင်ဝှေးဖြင့် ရိုက်ချလိုက်ရာ-

"အား"

ထိုခေတန်စစ်သည်တော်သည် ဦးခေါင်းအရိုက်ခံရသဖြင့် သွေးများချင်းချင်းနီပြီး မြေပေါ်သို့လဲကျသွားသည်။

ရှမ်းစုသည် ရှမ်းဦးအား ဖေးမလိုက်သည်။

ထိုစဉ်-

ခေတန်စစ်သည်တော်တစ်ဦးသည် လှံဖြင့် ရှမ်းစု၏ နောက်ကျောသို့ တအားထိုးလိုက်ရာ-

"အား"

ရှမ်းစုသည် ယင်းသို့တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့ မှောက်လျက်လဲကာ သေဆုံးသွားလေသည်။

ရှောင်ဖုန်းသည် လက်ပိုက်၍ကြည့်မနေနိုင်တော့ပါ။

"ဟေ့- ရှောင်ဖုန်း ဒီမှာကွ ကျုပ်ကိုသတ်ချင်လာသတ်ပါ၊ မဆိုင်တဲ့လူတွေကို ဒုက္ခမပေးပါနဲ့"

သူသည် ယင်းသို့အော်ဟစ်ရင်း မြို့ရိုးပေါ်မှခုန်ချလိုက် လေသည်။

ခေတန်စစ်သည်လေးယောက်အား ခြေထောက်ဖြင့် ကန် ထည့်လိုက်လေသည်။

ထို့နောက် သူ၏လက်နှစ်ဖက်ဖြင့် ရှမ်းဦးကို ဆွဲထူလိုက် လေသည်။

"တပည့်တော်အတွက်နဲ့ခုလိုဖြစ်ရတာ တပည့်တော် ယူ ကျုံးမရဖြစ်ရပါတယ်ဘုရား"

ရှမ်းဦးက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်တို့က ဒါယကာကြီးကို အထင်လွဲအမြင်လွဲဖြစ်ခဲ့တာ



ကျုပ်တို့ရဲ့မဟာအမှားပါပဲကွာ"

ရှမ်းဦးသည် ယင်းသို့ပြောပြီးနောက် ခေါင်းငိုက်စိုက်ကျပြီး ဖျံလွန်တော်မူသွားလေသည်။

ရှောင်ဖုန်းသည် ရှမ်းဦး၏အလောင်းကိုချထားလိုက်ပြီး သူ၏မျက်လုံးအစုံသည် နီရဲလာလေသည်။

ရှမ်းဦး၏တောင်ဝှေးကို ကောက်ယူလိုက်ပြီး-

"ယား"

ဟုကျယ်လောင်စွာတစ်ချက်အော်ဟစ်လိုက်ပြီး ဝိုင်းရံခံ နေရသော သိုင်းသမားများရှိရာသို့ ထိုးဖောက်ဝင်ရောက်သွားလေ တော့သည်။

ခေတန်စစ်သည်တော်များသည် ရှောင်ဖုန်းအား တွေ့မြင် လိုက်ရသည်နှင့်-

ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် နောက်သို့ဆုတ်ခွာသွားကြ လေသည်။

ရှောင်ဖုန်းသည် ထိုသိုင်းသမားများအား စုစည်း၍ အခြား ဝိုင်းရံထားခြင်းခံရသော လူစုများကို ဝင်ရောက်ကယ်တင်ကြလေ သည်။

ယင်းသို့ဖြင့်-

သူတို့သည် ဝိုင်းရံထားခြင်းခံရသော ရှောင်လင်ကျောင်း မှ လူစုများနှင့် တာလိပြည်မှသိုင်းသမားများကိုစုစည်းပြီး မြို့ရိုး တံခါးရှိရာသို့ ဒိုတက်ထိုးဖောက်တိုက်ခိုက်ကြလေသည်။

သူတို့သည် ယင်းသို့စုစည်းလိုက်သောအခါ လူပေါင်းတစ်

ထောင်နီးပါးခန့် စုစည်းမိလျက်သားဖြစ်သွားသည်။

ခေတန်စစ်သည်တော်များသည် မည်သို့မျှဟန့်တား၍မရနိုင်တော့ပါ။

ထို့ကြောင့်-

ရှောင်ဖုန်းတို့ဦးဆောင်သောလူစုများသည် မြို့ရိုးတံခါးရှိရာသို့ ဦးတည်လာနိုင်ခဲ့ကြသည်။

ရှောင်ဖုန်းသည် ဝမ်းသာသွားသည်။

"ရဲဘော်တို့- မြို့ပြင်ကိုရောက်အောင် အမြန်ဆုံးထွက်ကြပါ'

ဟု အော်၍သတိပေးလိုက်လေသည်။

ထိုစဉ်မှာပင်-

စစ်ချီခရာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဒုက္ခပဲ၊ သူတို့ စစ်ကူရောက်လာပြီ၊ မြို့ရိုးကိုပိတ်ထားလိုက်ရင်တော့ ငါတို့ထွက်ဖို့မလွယ်တော့ဘူး"

သူ၏စကားမဆုံးသေးပါ။

ခေတန်စစ်သည်တော်များသည် မြို့ရိုးတံခါးတွင်းသို့ ဝင်ရောက်ပိတ်ဆို့ထားသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုန်းသည် မြင်းပေါ်မှဆင်းလိုက်သည်။

"ကဲ- ရဲဘော်တို့၊ တို့လူတွေ လူစုမကွဲစေနဲ့၊ ရန်သူက တို့ရဲ့အရှေ့အနောက်ကိုညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လာလိမ့်မယ်"



တန့်ဥနှင့်ဖူးကျို့တို့ကလည်း-

"ဟုတ်တယ်- အခြေအနေကတော့ တော်တော်ဆိုးဝါးနေတယ်၊ လူစုမကွဲရင် နည်းနည်းခံသာလိမ့်မယ်၊ ဒါကြောင့် လူစုမကွဲဖို့ကြိုးစားကြပါ"

ဟု ထောက်ခံပြောဆိုလိုက်လေသည်။

ရှောင်ဖုန်းသည် တွေဝေနေ၏။

ထိုခေတန်စစ်သည်တော်များသည် အနည်းဆုံး လူပေါင်းတစ်သောင်းခန့်ရှိလိမ့်မည်ဟု ယူဆမိသည်။

သူတို့လူစုသည် မည်သည့်နည်းနှင့်မျှ ရန်သူအား ထိုးဖောက်နိုင်စွမ်းရှိလိမ့်မည်မဟုတ်ဟုလည်း ယုံကြည်သည်။

"အင်း- ငါ့တစ်ယောက်အတွက်နဲ့ လူအများကြီးသေရဦးမှာပါလား၊ ဘာပဲဖြစ်ဖြစ် ငါအဖမ်းခံမယ်"

သူသည် ယင်းသို့ဆုံးဖြတ်ပြီးနောက် ပြောဆိုရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်-

မြို့ရိုးတံခါး၌ပိတ်ဆို့ထားကြသော ခေတန်စစ်သည်တော်များသည် ရုတ်ရုတ်သဲသဲဖြစ်သွားကြလေသည်။

သူတို့သည် ဆူညံစွာဟစ်အော်ကာ လူစုခွဲ၍ဆုတ်ခွာသွားနေကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုန်း အံ့အားသင့်နေ၏။

ထိုစဉ်မှာပင်-

အော်ဟစ်သံများနှင့်အတူ မြင်းခွာသံများ ဆူညံစွာထွက်

ပေါ်လာနေသည်ကို ကြားလိုက်ရလေသည်။

တစ်ဆက်တည်းမှာပင် လူတစ်စုသည် ခေတန်စစ်သည်တော်များအား ပြင်းပြင်းထန်ထန်ဝင်ရောက်တိုက်ခိုက်လာနေသည်ကို တွေ့လိုက်ရ လေသည်။

ရှောင်ဖုန်းသည် ထိုလူစုအား တွေ့မြင်လိုက်ရသည်နှင့် ဝမ်းသာအယ်လဲဖြစ်သွားလေသည်။

အကြောင်းမှာ-

ထိုလူစုသည် သူ၏မိတ်ဆွေဖြစ်ကြသော 'လူကျင်း' လူမျိုးများဖြစ်ကြသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ရှောင်ဖုန်းသည် သူ၏လူစုဘက်သို့လှည့်လိုက်ပြီး-

"ကဲ- ရဲဘော်တို့၊ ကျုပ်တို့စစ်ကူရောက်လာပြီ၊ အချိန်ရှိတုန်း ထိုးဖောက်ထွက်ကြပါစို့"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ရှေ့ဆုံးမှလျှင်မြန်စွာ ပြေးလွှားသွားလေသည်။

ကယ်ပါကိုဏ်းသားနှင့် ရှောင်လင်ကျောင်းမှ လူစုများသည် ငြာသံပေး ပြေးလွှားထိုးဖောက်သွားကြရာ-

ခေတန်စစ်သည်တော်များသည် အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့်-

သူတို့သည် ဝဲယာလူစုခွဲ၍ ဆုတ်ခွာသွားကြလေတော့၏။

ပါထင်းစုသည် အနည်းငယ်စဉ်းစားလိုက်ပြီး-

"မြို့စားကြီး- အခုလိုအခွင့်အရေးရတုန်း သူတို့ကို တစ်ခါထဲ အပြတ်တိုက်လိုက်ရင် မကောင်းဘူးလား"



ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဒီကနေ့ယန်မင်းခံတပ်ရောက်ဖို့ အတော်ကိုဝေးသေးတယ်၊ သူတို့က စစ်ကူထပ်ပြီးရောက်လာရင် ကျုပ်တို့ဆုတ်ခွာသွားဖို့ဟာ လွယ်မှာမဟုတ်ဘူး"

တန့်ဉက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခုလောက်ဆို ဘုရင်ယာလွတ်ဟာ ကောင်းကောင်းသင်ခန်းစာရသွားပါပြီ၊ ကဲ- မြန်မြန်သွားကြရအောင်"

သူတို့သည်-

ယင်းသို့ပြောပြီးနောက် မြို့ရိုးတံခါးမှထိုးဖောက်ထွက်သွားကြလေသည်။

မြို့ရိုးအပြင်ဘက်သို့ရောက်ရှိလာသောအခါ-

လူတစ်ယောက်သည် မြင်းကိုမောင်းနှင်ကာ သူတို့ထံသို့ ဦးတည်လာနေလေသည်။

ထိုမြင်းပေါ်မှလူသည် လက်တစ်ဖက်မှလေးကို မြှောက်ထားလိုက်ပြီး-

"အစ်ကိုကြီးရှောင်ဖုန်း- ခင်ဗျားတို့ ဒီမှာ အပိတ်ခံရတဲ့ သတင်းကိုကြားရလို့ ကျုပ် လူစုပြီးရောက်လာတယ်ဗျ"

ထိုလူမှာ လူကျင်းလူမျိုးခေါင်းဆောင် 'အာကုသ' ဖြစ်၏။

ရှောင်ဖုန်းသည် လက်မြှောက်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်- ငါ့ညီ"

အာကုသသည် မြို့ရိုးပေါ်မှ သူတို့အားမြားဖြင့် ပစ်နေကြသော ခေတန်စစ်သည်တော်များအား ညွှန်ပြလိုက်သည်။

"အစ်ကိုကြီး- သူတို့ကိုအပြတ်ဆော်ရမလား"

ရှောင်ဖုန်းက လက်ကာပြလိုက်သည်။

"တော်လောက်ပါပြီဗျာ- ကဲ တို့လဲမတွေ့ရတာ တော်တော်ကြာပြီ၊ အေးဆေးတဲ့နေရာရောက်မှ စကားစမြည်ပြောကြတာပေါ့"

အာကုသက ခေါင်းညိတ်ပြလိုက်သည်။

သူသည် သူတို့၏တပ်စုအား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်လေသည်။

ခေတန်စစ်သည်တော်များနှင့် တိုက်ခိုက်နေကြသော 'လူကျင်း' လူမျိုးများသည် တိုက်ခိုက်နေကြရာမှ ရပ်တန့်လိုက်ကြပြီး အာကုသထံသို့ စုရုံးရောက်ရှိလာကြလေသည်။

ထို့နောက်-

ရှောင်ဖုန်းနှင့်အတူ အနောက်ဘက်စူးစူးသို့ ဦးတည်ထွက်ခွာသွားကြလေတော့သည်။

## ကယ်တင်ဖို့လူတွေ

ရှောင်ဖုန်းနှင့်အာကုသတို့သည် မြင်းချင်းယှဉ်၍ ထွက်လာကြရာ တောင်ကုန်းတစ်ခုအနီးသို့ရောက်ရှိလာကြသောအခါ-

အာကုသက မြင်းပေါ်မှဆင်းပြီး သူ့မြင်းပေါ်မှအရက်အိတ်ကိုဖြုတ်ယူလိုက်သည်။

"အစ်ကိုကြီး- အရက်သောက်လိုက်ပါဦး"

ရှောင်ဖုန်းသည် အရက်အိတ်ကိုယူပြီး ဗူးဆို့ကိုဖွင့်ကာ မော့ချလိုက်လေသည်။

အာကုသကလည်း မော့ချလိုက်သည်။ သူသည် ရှောင်ဖုန်းအား ပြုံးပြလိုက်ပြီး-

"အစ်ကိုကြီး- အခုဘယ်သွားမလို့လဲ၊ ကျုပ်တို့နဲ့လိုက်ခဲ့ပါလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုကြီး မလိုက်နိုင်သေးဘူး။ ဒီလူတွေဟာ ကျုပ်ကို

ကယ်တင်ဖို့ရောက်လာကြတဲ့ လူတွေပဲ၊ သူတို့ကို 'ယန်မင်း' ခံတပ်အထိလိုက်ပို့ပြီးမှ အစ်ကိုလာခဲ့ပါ့မယ်"

အာကုသ ဝမ်းသာသွားသည်။

"အစ်ကိုကြီး တကယ်လာရမယ်နော်၊ ကျုပ်စောင့်နေမယ်"

"စိတ်ချပါ၊ ကျုပ်အသက်ရှင်နေရင်တော့ အရောက်လာခဲ့ပါ့မယ်"

အာကုသသည် ရှောင်ဖုန်း၏စကားမှာ မင်္ဂလာမရှိဟု ယူဆပြီး မျက်မှောင်ကုပ်သွားသည်။

သူသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး-

သူ၏လူစုအားခေါ်ဆောင်၍ မြောက်ပိုင်းသို့ ဦးတည်ထွက်ခွာသွားကြလေတော့သည်။

သိုင်းသမားများတို့သည် ကြမ်းတမ်း၍ တိုက်ရေးခိုက်ရေးအလွန်ကျွမ်းကျင်သော 'လူကျင်း'တို့လူစု ထွက်ခွာသွားကြသည်ကိုကြည့်၍ စိတ်သက်သာရာရသွားကြသည်။

ပါထင်းစုက သက်ပြင်းချလိုက်သည်။

"အင်း- လူကျင်းတို့နဲ့ ကျုပ်တို့နဲ့ရန်သူမဖြစ်တာ အလွန်ကံကောင်းတယ်၊ နို့မဟုတ်ရင် လွယ်မှာမဟုတ်ဘူး"

ထိုစဉ် လူစုများသည် အားလုံးစုရုံးရောက်ရှိလာကြပြီဖြစ်သည်။



သူတို့သည် ရှေ့သို့မည်သို့ဆက်လုပ်ရမည်ကို တစ်ယောက်တစ်ခွန်းဆွေးနွေးတိုင်ပင်ပြောဆိုနေကြသည်။

ရှောင်ဖုန်းက-

အားလုံးသောခေါင်းဆောင်များအား ဦးညွတ်အလေးပြုလိုက်သည်။

"အခုလို ကျုပ်အတွက် အသက်စွန့်ပြီးလာရောက်ကူညီကြတာကို ကျေးဇူးတင်လှပါတယ်ဗျာ"

ရှောင်လင်ကျောင်းမှ ဆရာတော်'ရှမ်းစု'က လက်အုပ်ချီလိုက်သည်။

"အခုကိစ္စက ဒါယကာကြီးတစ်ယောက်ရဲ့ကိစ္စ မဟုတ်တော့ဘူး၊ နိုင်ငံတစ်နိုင်ငံကနေ တစ်နိုင်ငံကိုစစ်မက်ဖြစ်ဖို့ကိစ္စကြွယ့်၊ ဒီစစ်မီးကို ဒါယကာကြီးက အတတ်နိုင်ဆုံး ဟန့်တားထားခဲ့လို့ အခုလို ကျုပ်တို့က လာကူညီရတာပါ၊ ကျုပ်တို့လဲ တာဝန်ရှိပါတယ်"

တန့်ဉ၏အမတ်တစ်ဦးဖြစ်သူ ပန်းဝါက အသံမြှင့်လိုက်ပြီး-

"မိတ်ဆွေတို့အားလုံး ခဏလောက်ငြိမ်ငြိမ်နေကြပါ၊ ကျုပ်စကားတစ်ခွန်းလောက် ပြောချင်ပါတယ်"

တစ်ယောက်တစ်ခွန်းပြောနေသောအသံများသည် ငြိမ်သက်သွားကြသည်။

"အခု အခြေအနေအရ ဘုရင်ယာလွတ်ဟာ စိတ်ကျေမှာမဟုတ်ဘူး၊ စစ်ချီပြီးလိုက်လာလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ အားလုံးက ဘယ်လိုသဘောရှိကြပါသလဲ"

သိုင်းသမားများတို့သည် ဆူညံစွာပြောဆိုလာကြသည်။

"သူတို့လိုက်လာရင် ပြန်တိုက်ရမှာပေါ့၊ သူတို့ကို ကြောက်ရမှာလား"

ပန်းဝါက လက်ကာပြလိုက်သည်။

"ခေါင်းအေးအေးထားပြီး စဉ်းစားကြစမ်းပါ၊ သူတို့က ကျုပ်တို့ထက် အဆပေါင်းများစွာ သာနေတယ်ဆိုတာ သတိပြုဖို့လိုတယ်"

"ဒီလိုဆို ခင်ဗျားဘယ်လိုလုပ်ချင်သလဲ"

လူအုပ်ထဲမှလူတစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

"ကျုပ်သဘောပြောရမယ်ဆိုရင် ကျုပ်တို့လူစုက အနောက်ဘက်ဆုတ်ခွာသွားဖို့ပါပဲ၊ ဒါဟာ တို့ခံတပ်နဲ့လဲနီးမယ်၊ ရန်သူ လိုက်လာရင် တစ်ခါထဲ အားလုံးရောက်လာနိုင်မှာမဟုတ်တဲ့အတွက် ကျုပ်တို့အတွက် တစ်ပန်းသာနေလို့ပါ"

"ဟုတ်တယ်- မိတ်ဆွေပြောတာမှန်တယ်"

ဖူးကျို့က ထောက်ခံလိုက်သည်။

နောက်ဆုံး အားလုံးကသဘောတူလိုက်ကြလေတော့၏။



ဖူးကျို့သည်-

သူ၏လူစုအား ရှေ့ဦးစွာ 'ယန်မင်း' ခံတပ်သို့ ဆုတ်ခွာသွားစေသည်။

တန့်ဥသည် သူ၏သိုင်းသမားများအား ဒုတိယလိုက်၍ ဆုတ်ခွာသွားစေ၏။

ဆရာတော်'ရှမ်းစု'က ရှောင်လင်ကျောင်းနှင့် သိုင်းသမားများအားဦးဆောင်၍ တတိယမြောက်ဆုတ်ခွာသွားပြီးနောက်-

ရှောင်ဖုန်းသည် ကယ်ပါဂိုဏ်းမှလူစုအား ဦးဆောင်၍ နောက်ဆုံးမှ ဆုတ်ခွာခဲ့ကြလေသည်။

ထိုလူစု (၄)စုတို့သည် တစ်စုနှင့်တစ်စု အရေးပေါ်လျှင် အကူအညီပေးနိုင်ရန်အတွက်-

သူတို့သည် မိုင်အနည်းငယ်သာခြား၍ဆုတ်ခွာခဲ့ကြခြင်းဖြစ်သည်။

ယင်းနည်းဖြင့် သူတို့သည် 'ယန်မင်း'ခံတပ်ဘက်သို့ ဆုတ်ခွာခဲ့ကြလေတော့သည်။

ရှောင်ဖုန်းတို့လူများသည် တဖြည်းဖြည်းဆုတ်ခွာခဲ့ကြရာ နောက်တစ်နေ့ နံနက်အချိန်သို့ပင် ရောက်ခဲ့လေပြီ။

သူတို့သည် အနည်းငယ်ရပ်နားပြီးနောက် ဆက်လက်၍ ဆုတ်ခွာခဲ့ကြပြန်လေ၏။

ခေတန်စစ်သည်တော်များလိုက်လာသည်ကို မတွေ့ရတော့မှ အားလုံးသောလူများသည် စိတ်ချမ်းသာရာ ရသွားကြကုန်လေသည်။

သာတောင့်သာယာရှိသော နေ့တစ်နေ့ဖြစ်သည်။

နံနက်၏နေရောင်ခြည်သည် ထွေးထွေးနွေးနွေး ရှိလှပေသည်။

ရှောင်ဖုန်းသည် အာကျိုနှင့်မြင်းချင်းယှဉ်၍ ဆုတ်ခွာနေရာ ရှောင်ဖုန်းက အာကျိုမှာ တစ်ချိန်လုံးစကားမပြောသည်ကို တွေ့ရသဖြင့်-

"အာကျို-"

ဟု အသံတိုးတိုးဖြင့်ခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

"ဟို- ဟို- မင်းကို မျက်လုံးပေးလိုက်တဲ့လူ အခု ဘယ်မှာရှိသလဲဟင်"

အာကျိုက သူ့အားပြန်ကြည့်လိုက်သည်။

"အစ်ကိုက ဘာဖြစ်လို့မေးတာလဲ"

"ဩော်- သူက မင်းအပေါ်ကျေးဇူးရှိတယ်မဟုတ်လား"

အာကျို မျက်မှောင်ကုပ်သွားသည်။

"တော်စမ်းပါအစ်ကိုရယ်၊ သူက ထင်းစန်းတောင်မှာ ကျွန်



မစ်ခဲ့ပါတယ်၊ မျက်လုံးမှမမြင်ဘဲ၊ ဘယ်သွားနိုင်မှာလဲ"

ရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလူက မင်းအပေါ်တော်တော်မေတ္တာရှိတယ်ကွယ်၊ မင်းစိတ်ကူးမလွဲပါနဲ့"

အာကျို ဒေါသထွက်လာသည်။

"အစ်ကို- သူနဲ့ပတ်သက်ပြီးဘာမှမပြောပါနဲ့၊ ကျွန်မ သူ့အကြောင်းဘာမှမကြားချင်ဘူး"

ရှောင်ဖုန်းမှာ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

နောက်တစ်နေ့-

သူတို့သည် ဆက်၍ထွက်ခွာသွားကြရာ-

သူတို့လူစု ကျော်ဖြတ်သွားသောလမ်းများတွင်-

သစ်ပင်များ၊ ဆူးပင်များဖြင့် ထူထပ်စွာ ပိတ်ဆို့ထားသည်ကို တွေ့ရလေသည်။

သူတို့သည် ခေတန်စစ်သည်တော်များ၏ သတင်းကိုနားစွင့်နေစဉ်မှာပင်-

အဝေးမှ မီးခိုးလုံးများသည် ကောင်းကင်ပေါ်သို့ အဆက်မပြတ် ထောင်တက်လာသည်ကို တွေ့ရလေသည်။

ယင်းမီးခိုးလုံးများမှာ-

ခေတန်စစ်သည်တော်များက နောက်မှ လိုက်လာနေသည့်

အချက်ပြအမှတ်အသားပင် ဖြစ်လေသည်။

သိုင်းသမားတို့သည် ထိုမီးခိုးလုံးများအား တွေ့မြင်လိုက်ရသည်နှင့်ရင်ထိတ်သွားကြလေသည်။

သူတို့သည် ခြေလှမ်းကျဲကျဲဖြင့် ယန်မင်းခံတပ်ဆက်သို့သာ ဦးတည်သွားကြလေတော့သည်။

ယန်မင်းခံတပ်သို့ရောက်မှ စိတ်ချရမည်မဟုတ်ပါလော။

## အေးအေးနေလို့မဖြစ်ပါ

နောက်တစ်နေ့ . . .

သူတို့သည် ဆက်၍ခရီးထွက်လာရာ-

ယန်မင်းခံတပ်အား ခပ်လှမ်းလှမ်းမှမြင်တွေ့လိုက်ရပြီဖြစ်သည်။

ယန်မင်းခံတပ်အား မြင်တွေ့လိုက်ရသည်နှင့်-

ရှောင်ဖုန်းတို့လူစုသည် အားတက်သွားကြလေ၏။

သူတို့သည်-

ယန်မင်းခံတပ်ဆီကိုသာ ဦးတည်၍ လျင်မြန်စွာ လျှောက်လှမ်းကြလေတော့သည်။

သူတို့သည်-

မှုန်းတည့်ချိန်သို့ရောက်ရှိလာသောအခါ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာကြလေသည်။

အားလုံး မောပန်းလာကြပြီဖြစ်ရာ-

ထိုနေရာ၌ပင် အနားယူကြလေသည်။

သူတို့သည် စားသောက်ဖွယ်ရာရိက္ခာခြောက်များကို စား သောက်ပြီးနောက်-

ရှောင်ဖုန်းက အနည်းငယ်စဉ်းစားလိုက်ပြီး-

"ကျုပ်တို့ ဒီည ဒီမှာခဏနားကြမလား၊ ဒါမှမဟုတ် ဆက် ပြီး ချီတက်ကြမလား"

တန့်ဥ မျက်မှောင်ကုပ်သွားသည်။

"ကျုပ်တို့လူတွေဟာ အတော်ပင်ပန်းနေပါတယ်၊ ဒါကြောင့် ဒီတစ်ညတော့ ဒီမှာပဲအနားယူကြရင်ကောင်းမယ်ထင်တယ်"

ဖူးကျို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ယန်မင်းခံတပ်က သိပ်မဝေးတော့ပါဘူး၊ ရန်သူတွေရောက်လာရင်လည်း ဒီနိုင်မှာမဟုတ်တော့ပါဘူး"

သူတို့သည် ယင်းသို့ပြောဆိုနေစဉ်မှာပင် အဝေးမှမီးရောင် များကို တွေ့ရှိလိုက်ရလေသည်။

ဖူးကျို့ မျက်မှောင်ကုပ်သွားသည်။

"ကြည့်စမ်း၊ ဟိုမှာ မီးရောင်လင်းနေပါလား"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"အင်း- ခေတန်စစ်သည်တော်တွေက ကျုပ်တို့နောက် လိုက်လာရင်း တွေ့သမျှအဆောက်အဦးကို မီးတင်ရှို့ပြီနဲ့တူတယ်"

တန့်ဥသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း- အာဏာရှိတဲ့လူက နယ်ချဲ့ချင်တာနဲ့ မဆီမဆိုင် တဲ့လူတွေ ဒုက္ခရောက်ကြရဦးမှာပဲ၊ ကျုပ်ဖြင့် တကယ်ကို စိတ်မ ကောင်းပါဘူးဗျာ"



ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ငါ့ညီ၊ ဒါကိုမြင်လို့လည်း ကျုပ်က မြို့စားရာထူး ကို စွန့်လွှတ်လိုက်တာပေါ့"

အာကျိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ သူတို့နယ်ချဲ့ချင်တာနဲ့ ပြည်သူပြည်သား တွေ ဒုက္ခရောက်ကြရတော့မယ်"

သူတို့သည်-

ယင်းသို့ပြောနေစဉ်မှာပင်-

အဝေးမှ ဖုန်တထောင်းထောင်းထလာနေသည်ကို တွေ့ လိုက်ရလေသည်။

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

"ဟာ- ဒုက္ခပဲ၊ ရန်သူတွေ နောက်က လိုက်လာနေကြပြီ၊ တို့ဒီမှာ အေးအေးဆေးဆေးနေလို့ မဖြစ်တော့ဘူးဟေ့"

သူသည်-

ယင်းသို့ပြောပြီး အားလုံးသောလူများအား ယန်မင်းခံတပ် သို့ ဆက်၍ချီတက်ရန်အမိန့်ပေးလိုက်လေသည်။

ရှောင်ဖုန်းတို့လူစုသည်-

ယန်မင်းခံတပ်ရှိရာသို့ အလုအယက် ပြေးလွှားသွားနေကြသည်။

သူတို့နောက်တွင်-

ထောင်သောင်းမကသော-

ခေတန်စစ်သည်တော်များက လိုက်လာနေကြ၏။

မြင်းခွာသံများသည် ပထဝီမြေကြီးတစ်ခုလုံးတုန်ခါသွားစေလေသည်။

ရှောင်ဖုန်းတို့လူစုသည်-

တက်လာနေကြသော ခေတန်မြင်းသည်တော်များကိုတွေ့မြင်လိုက်ကြရသဖြင့် ရင်ထိတ်သွားကြလေသည်။

သူတို့သည် ယန်မင်းခံတပ်သို့ အားကုန်ပြေးလွှားကြသည်။ ယန်မင်းခံတပ်သို့ရောက်လျှင် ခုခံနိုင်မည်မဟုတ်ပါလော။

မိုးသောက်အရှက်အချိန်သို့ ရောက်ရှိလာသောအခါ-

ရှောင်ဖုန်းတို့လူစုသည် ယန်မင်းခံတပ်အနီးသို့ ရောက်ရှိခဲ့ကြလေတော့သည်။

အားလုံးသောလူများသည် စိတ်သက်သာရာရသွား၏။ မြင်းများ မောဟိုက်နေကြသဖြင့် သူတို့သည် မြင်းပေါ်မှဆင်းပြီး ခြေလျင်လျှောက်ကြလေသည်။



သူတို့နောက်တွင်. . .

မြင်းခွာသံများသည် မိုးခြိမ်းသံပမာထွက်ပေါ်နေ၏။

ရှောင်ဖုန်းသည် မြင်းပေါ်မှဆင်းပြီး တောင်ကုန်းအောက်သို့ဆင်းသွားလေသည်။

သူသည်-

ကျောက်တုံးကြီးတစ်တုံးအား အမှတ်မထင်တွေ့မြင်လိုက်ရသည်။

ထိုကျောက်တုံးကြီးအား မြင်တွေ့လိုက်ရသောအခါ သူသည် ရင်ထဲ၌ပြင်းထန်သော ခံစားချက်တစ်ခု ခံစားလိုက်ရလေသည်။

ဤကျောက်တုံး၏အနီးတစ်ဝိုက်တွင်-

ရှောင်လင်ကျောင်းထိုင် ဆရာတော်ရှမ်းစုနှင့် ကယ်ပါဂိုဏ်းချုပ်ကြီးဝမ်းတို့လူများက-

မိမိ၏ဖခင်နှင့်မိခင်တို့အား ချောင်ခိုတိုက်ခိုက်ခဲ့သောနေရာဖြစ်နေသည်ကို သတိရလာလေသည်။

သူသည်-

ကျောက်တုံးပေါ်သို့လှမ်းကြည့်လိုက်ရာ ကျောက်တုံးပေါ်၌ ပုဆိန်ဖြင့်ထွင်းထားသောအရာများ ရှုပ်ပွနေသည်ကို တွေ့လိုက်ရသည်။

သူသည်-

နောက်သို့ တဖြည်းဖြည်းလှည့်ကြည့်လိုက်သည်။

သစ်ပင်တစ်ပင်အား တွေ့လိုက်ရသည်။

ယင်းသစ်ပင်အား မြင်တွေ့လိုက်သည်နှင့်-

တစ်ချိန်တုန်းက အာကြူးပုန်းကွယ်ခဲ့သောနေရာ ဖြစ်သည်ကို သတိရလာလေသည်။

အာကြူး၏အသံကို-

သူ၏နားမှ ကြားယောင်လာမိလေသည်။

"ကျွန်မ ဒီနေရာမှာ ရှင့်ကိုစောင့်နေတာ ငါးညနဲ့ ငါးရက် ရှိသွားပြီရှင့်၊ အခုတော့ ရှင်ရောက်လာပြီနော်"

ရှောင်ဖုန်း၏မျက်ဝန်းအစုံတွင် မျက်ရည်များပြည့်လျှံကျလာသည်။

သူသည် ပတ်ဝန်းကျင်တစ်ခုလုံးအား မေ့လျော့သွားပြီလျှင် ထိုသစ်ပင်အနီးသို့လျှောက်သွားသည်။

သစ်ပင်အား လက်နှစ်ဖက်ဖြင့် အသာအယာပွတ်နေ၏။

သူ၏ရင်ထဲ၌ဖော်မပြနိုင်သော ခံစားမှုများသည် လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်လာလေသည်။

ရှောင်ဖုန်းသည် မည်မျှကြာအောင်ငေးနေမိမှန်းမသိ။

စူးရှသောအော်သံတစ်သံကြားလိုက်ရမှ သတိပြန်လည်ရရှိလာသည်။

အာကျိုက သူ့ထံသို့ပြေးလာနေရင်း-

"အစ်ကိုကြီး- မြန်မြန်၊ ရန်သူတွေနီးလာပြီ"



ဟု ထိတ်လန့်စွာအော်ဟစ်ပြောဆိုနေလေသည်။

ရှောင်ဖုန်းသည်-

နောက်သို့လှည့်ကြည့်လိုက်ရာ-

များပြားလှသော ခေတန်စစ်သည်တော်များသည် သူတို့နှင့် တောင်တစ်ကွေ့ခန့်အကွာသို့ ရောက်ရှိလာနေသည်ကို တွေ့မြင်သတိပြုမိလိုက်လေသည်။

"ကဲ- ယန်မင်းခံတပ်ထဲကိုဝင်ကြပါစို့"

ရှောင်ဖုန်းသည် ခေါင်းညိတ်၍ပြောလိုက်ပြီး မြင်းပေါ်သို့ခုန်တက်ကာ ယန်မင်းခံတပ်သို့ မောင်းနှင်သွားလေသည်။

## ယန်မင်းခံတပ်

ရှောင်ဖုန်းသည်-

ယန်မင်းခံတပ်ရှေ့သို့ ရောက်ရှိလာသောအခါ ယန်မင်းခံတပ်ရှေ့တွင် အားလုံးသောလူများရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ယန်မင်းခံတပ်၏တံခါးသည်ပိတ်လျက်ရှိရာ လူအားလုံးတို့မှာ ခံတပ်အတွင်းသို့ မဝင်နိုင်ဘဲစုရုံးနေကြ၏။

ရှောင်ဖုန်းသည်-

ခံတပ်ရှေ့သို့ မြင်းကိုခပ်သွက်သွက် မောင်းနှင်သွားသည်။

တန်ဥက ရှောင်ဖုန်းရောက်ရှိလာသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွား၏။

"အစ်ကိုကြီး သူတို့က တံခါးဖွင့်မပေးဘူးဗျ"

ရှောင်ဖုန်း မျက်မှောင်ကုပ်သွားသည်။

ခံတပ်ပေါ်သို့မော့ ကြည့်လိုက်ရာ စစ်ဗိုလ်တစ်ဦးသည် ခံတပ်ပေါ်၌ မတ်တတ်ရပ်နေသည်ကိုတွေ့လိုက်ရသည်။



သူသည် လက်နှစ်ဖက်ဆုပ်၍အလေးပြုလိုက်သည်။

"တပ်မှူးခင်ဗျား- ကျုပ်တို့တတွေဟာ ပြည်မကသိုင်းသမားတွေပါ၊ အခု နောက်မှာ ခေတန်စစ်သည်တော်တွေ လိုက်လာနေကြပါတယ်၊ ကျုပ်တို့ကို ခံတပ်ထဲဝင်ခွင့်ပြုပါ"

တပ်မှူးက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ခံတပ်ရဲ့လက်ထောက်တာဝန်ခံပါ၊ ကျုပ်အထက်ကအမိန့်ရှိပါတယ်၊ ခင်ဗျားတို့အားလုံး လက်နက်ချပြီးမှ ဝင်ခွင့်ပြုနိုင်ပါမယ်"

အားလုံးသောလူများ မကျေမနပ်ဖြစ်သွားကြလေသည်။

"ကျုပ်တို့က ခေတန်စစ်သည်တော်ကို အသက်စွန့်ပြီးတိုက်ခိုက်နေတဲ့သူရဲကောင်းတွေပါ၊ ဘာဖြစ်လို့လက်နက်ချရမှာလဲ"

"ကျုပ်တို့ လက်နက်ချလိုက်ရင် သံ့ပန်းဖြစ်သွားမှာပေါ့၊ ကျုပ်တို့မှာ ဘာအပြစ်တွေရှိနေလို့လဲ"

"ဒါလောက်တောင် ခေါင်းမာတဲ့တပ်ဗိုလ်ကို ကျုပ်တို့ တိုက်မှဖြစ်တော့မယ်"

ယင်းသို့ဖြင့် တစ်ယောက်တစ်ခွန်းပြောဆိုနေကြသဖြင့် ဆူဆူညံညံဖြစ်သွားလေသည်။

ရှမ်းစုက ဟန့်တားလိုက်ရလေသည်။

"အားလုံးငြိမ်ငြိမ်နေကြပါ၊ ကျုပ်က သူတို့သဘောပေါက်လာအောင် ဆွေးနွေးပါ့မယ်"

ရှမ်းစုသည် ယင်းသို့ပြောပြီး ယန်မင်းခံတပ်ရှေ့သို့ ချဉ်းကပ်သွားသည်။

ခံတပ်ပေါ်မှ တပ်မှူးကဟန့်တားလိုက်သည်။

"ဆရာတော်ဘုရား၊ အဲဒီနေရာကနေ ရပ်တန့်လိုက်ပါ၊ အနားကိုတိုးမလာပါနဲ့"

ရှမ်းစုက ခြေလှမ်းရပ်တန့်လိုက်ပြီး လက်အုပ်ချီလိုက်သည်။

"တပ်မှူး- ကျုပ်တို့တတွေဟာ မျိုးချစ်ပုဂ္ဂိုလ်တွေပါ"

သူသည် ရှောင်ဖုန်းအားညွှန်ပြလိုက်သည်။

"ကယ်ပါဂိုဏ်းချုပ်ကြီးရှောင်ဖုန်းနဲ့တကွ ခေတန်စစ်သည်တော်တွေကိုတိုက်ခိုက်ပြီး ပြန်လာကြပါတယ်၊ နောက်မှာလဲ ခေတန်စစ်သည်တော်တွေလိုက်လာနေပါပြီ၊ ဒါကြောင့်တံခါးကိုအမြန်ဖွင့်ပြီး ကျုပ်တို့ကို ဝင်ခွင့်ပြုပါ၊ ကျုပ်တို့လူတွေအားလုံး တပ်မှူးနဲ့အတူ ခံတပ်ကနေပြီး ခုခံပေးပါ့မယ်"

တပ်မှူးသည် ရှမ်းစုအား ဦးညွှတ်လိုက်သည်။

"ဆရာတော်ကိုကြည်ညိုလေးစားပါတယ်၊ ဒါပေမယ့်-တပည့်တော်တို့က အမိန့်ကိုနာခံရပါတယ်၊ ဆရာတော်ရဲ့ဆန္ဒကို မလိုက်လျောနိုင်တာ ဝမ်းနည်းပါတယ်"

ရှမ်းစုသည် မည်သို့မှတောင်းပန်မရမှန်းသိလိုက်ရသဖြင့် သက်ပြင်းတစ်ချက်ချကာ လက်လျှော့လိုက်ရလေသည်။

တန့်ဥသည် ရှောင်ဖုန်းအနီးသို့ချဉ်းကပ်လာသည်။

"ကဲ- မထူးဘူး၊ ကျွန်တော်တို့ ဒီမှာပဲနေပြီး ရန်သူကို ခုခံရတော့မှာပဲ"

ရှောင်ဖုန်းသည် ယန်မင်းခံတပ်အား တစ်ချက်လှမ်းကြည့်လိုက်သည်။



ယန်မင်းခံတပ်သည် မြင့်မားသော တောင်နှစ်လုံးကြား၌ တစ်တည်ဆောက်ထားသဖြင့်-

ခုခံတာကွယ်ရန် အလွန်အစွမ်းထက်သောနေရာ တစ်ခု ဖြစ်ပေသည်။

မိမိတို့သည် ခံတပ်အတွင်းမှမသွားဘဲ ထိုမြင့်မားသော တောင်ပေါ်သို့တက်၍ ပတ်သွားပါကလွတ်မြောက်နိုင်သည်ကို သူ သိထားသည်။

သို့သော်-

လူအများစုက ထိုတောင်ပေါ်တက်၍ပြေးနေလျှင် ရန်သူ၏လက်ချက်ကြောင့် အများအပြားသေဆုံးသွားနိုင်သည်ကို သိထားလေသည်။

ယခု သူတို့သည် ယန်မင်းခံတပ်ထဲသို့ မဝင်နိုင်တော့သဖြင့် ဤနေရာ၌နေပြီးလျှင် ရောက်လာမည့်ရန်သူကိုသာ ခုခံသည့်နည်းမှအပ-

အခြားလမ်းမရှိတော့ပါ။

သူသည် ယင်းသို့ဆုံးဖြတ်ပြီးနောက်-

"ကဲ- ငါ့ညီတို့အားလုံး ဒီနေရာကပဲနေပြီး ရန်သူကို ခုခံရမှာပဲ၊ ရန်သူမရောက်ခင် အားလုံးအနားယူကြပါ"

ရှောင်ဖုန်းသည် ယင်းသို့ပြောလိုက်သည်နှင့်-

လူအားလုံးတို့သည် ကိုယ့်လူစုနှင့်ကိုယ် နေရာယူ၍ အမောဖြေကြလေတော့သည်။

ရှောင်ဖုန်းသည်-

ကျောက်တုံးပေါ်သို့တက်ရောက်ပြီး ရန်သူများကို အ ခတ်ကြည့်လိုက်ရာ သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်

အကြောင်းမှာ-

သူနောက်မှလိုက်လာနေကြသော ခေတန်မြင်းသည်တေ များသည် ပျောက်ခြင်းမလှပျောက်နေသည်ကို တွေ့ရှိလိုက်ရသော ကြောင့်ဖြစ်သည်။

သူသည် တန့်ဥနှင့်ဖူးကျို့တို့အား-

"ငါ့ညီတို့ ဒီကိုခဏလာကြစမ်းပါ"

တန့်ဥနှင့်ဖူးကျို့မှာ ရှောင်ဖုန်းခေါ်သံကြားလိုက်ရသဖြ ကျောက်တုံးကြီးပေါ်သို့ ခုန်တက်သွားကြလေသည်။

"အစ်ကိုကြီး ဘာများလဲဗျ"

ရှောင်ဖုန်းသည် အဝေးသို့ညွှန်ပြလိုက်ပြီး-

"ကြည့်စမ်း၊ ရန်သူတွေရဲ့အရိပ်အယောင်တောင် မတွေ့ ရသေးဘူး"

ရှောင်ဖုန်း၏စကားကြောင့် ဖူးကျို့နှင့်တန့်ဥတို့သည် သ မြှ၍ကြည့်မိလိုက်ကြသည်။

ဟုတ်ပါ၏။

ထောင်ပေါင်းများစွာသော ခေတန်မြင်းသည်တော်မျာ သည် မြေပြင်ပေါ်မှပျောက်ကွယ်သွားသည့်အလား အရိပ်အယော မျှပင် မတွေ့ရပါတော့ချေ။

ဖူးကျို့က ဝမ်းသာသွားသည်။

"ဟာ- အစ်ကိုကြီး၊ ကျွန်တော်တို့ ယန်မင်းခံတပ် ရောက်



မှန်းသိလို့ ပြန်ဆုတ်သွားကြပြီနဲ့တူတယ်"

ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံးသည် တည်ကြည်လေးနက် သည်။

သူသည် ခေါင်းကိုဖြည်းညှင်းစွာခါယမ်းလိုက်ပြီး-

"မဖြစ်နိုင်ဘူး၊ သူတို့ အခုလို ပျောက်ကွယ်သွားတာ နည်း ယာယ်တစ်ခုဖြစ်ရမယ်လို့ အစ်ကိုပြောရဲတယ်"

တန့်ဥက ကျောက်တုံးပေါ်သို့ထိုင်ချလိုက်ပြီး-

"ကဲ... အစ်ကိုကြီး၊ ဒါတွေသိပ်တွေးမနေနဲ့၊ ကျုပ်တို့ ကျောက်တုံးပေါ်မှာပဲ ခဏအနားယူကြရအောင်"

ဖူးကျို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီကျောက်တုံးပေါ်မှာထိုင်ပြီး အနားယူရင် သူကိုလဲ မျက်ခြည်မပြတ်ကြည့်နိုင်တာပေါ့ဗျာ"

ရှောင်ဖုန်းက ခေါင်းညိတ်၍ထိုင်ချလိုက်လေသည်။

## ရွှေမင်းသမီးကိုစိတ်မဝင်စားပါ

ယန်မင်းခံတပ်ရှေ့-

မြေကွက်လပ်ပေါ်တွင်-

သိုင်းသမားများသည် မြေပေါ်သို့ထိုင်ချကာ အနားယူနေကြလေသည်။

သူတို့သည် အချို့ကို ကင်းစောင့်တာဝန်ပေးထားပြီး အချို့အား စားသောက်ဖွယ်ရာများစုဆောင်းရန် အနီးပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေစေ၏။

ရှောင်ဖုန်းနှင့်တန့်ဥတို့သည် ကျောက်တုံးပေါ်၌ငြိမ်သက်စွာထိုင်နေကြသည်။

သူတို့၏မျက်လုံးများသည် ရန်သူလာနိုင်မည့်လမ်းဘက်သို့ မျက်ခြည်မပြတ်စောင့်ကြည့်နေ၏။

တန့်ဥက တစ်စုံတစ်ခုသတိရလာပြီးလျှင်-

"ဒီမှာအစ်ကိုဖူးကျို့ ရွှေမင်းသမီးကအတော်လှရဲ့လားဗျ"

ဖူးကျို့က ပြုံးလိုက်သည်။



"လှပါတယ်ကွာ. . . ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ညီကို အစ်ကို ကတောင်းပန်မလို့ပါ"

တန့်ဥက လက်ကာပြလိုက်သည်။

"မလိုပါဘူးဗျာ၊ ကျွန်တော်အစကတည်းက ရွှေမင်းသမီးကို စိတ်ဝင်စားတာမှမဟုတ်ဘဲ"

ဖူးကျို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါနဲ့ရွှေမင်းသမီးရဲ့မိခင်ဟာ ဘာလူမျိုးလဲ ဆိုတာ ငါ့ညီသိသလား"

တန့်ဥ မျက်မှောင်ကုပ်သွားသည်။

"ဘယ်သိပါ့မလဲ"

"ဒီမှာ ငါ့ညီ ရွှေမင်းသမီးရဲ့အမေဟာ တရုတ်လူမျိုးကွ"

"ဗျာ"

တန့်ဥ အံ့ဩသွားသည်။

"ဟုတ်တယ်၊ သူက တရုတ်လူမျိုးဖြစ်ပြီး သိုင်းသမားတစ် ယောက်လဲ ဖြစ်တယ်ကွဲ့"

"ဟောဗျာ"

တန့်ဥ ပိုမိုအံ့ဩသွားသည်။

ဖူးကျို့က ပြုံးပြလိုက်သည်။

"ဟုတ်တယ်၊ ငါ့ညီ ကျုပ်ဆီမှာပန်းချီကားချပ်တစ်ချပ်ရှိ တာကို ငါ့ညီတွေ့ဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့- တွေ့ဖူးပါတယ်"

"ဒီကားချပ်ထဲကရုပ်ပုံဟာ ဝမ်းယို့ယန်နဲ့မတူဘူးလား"

"တူပါတယ် အစ်ကို၊ ပထမတုန်းက ဒီပန်းချီကားချပ်ဟာ ဝမ်းယို့ယန်ရဲ့ပန်းချီကားချပ်လို့တောင် ထင်မှတ်မိခဲ့တယ်"

ဖူးကျို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုလဲ ဒီလိုပဲထင်မှတ်မိခဲ့တယ်၊ မင်းသမီးရဲ့အမေနဲ့တွေ့တော့မှ ဒီပန်းချီကားချပ်နဲ့ပတ်သက်ပြီး အကြောင်းစုံသိခဲ့ရတော့တာပဲ"

တန့်ဉ စိတ်ဝင်စားလာသည်။

"ဟုတ်လား၊ ဒါဖြင့် ကျွန်တော်ကိုပြောပြပါဦးဗျာ"

ဖူးကျို့သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီပန်းချီကားချပ်နဲ့ပတ်သက်ပြီး ပြောပြရမယ်ဆိုရင်၊ ဒီလိုကွဲ့ . . ."

ဖူးကျို့သည် အနည်းငယ်စဉ်းစားလိုက်ပြီး-

"မင်းသမီးရဲ့အမေဟာ သိုင်းလောကမှာ အလွန်ကျော်ကြားခဲ့တဲ့ သိုင်းပါရဂူတစ်ယောက်ပါ၊ သူ့မှာ အမြွှာပူးညီအစ်မနှစ်ယောက်ရှိခဲ့တယ်၊ ဒါနဲ့သိုင်းပါရဂူက သူ့ရဲ့သိုင်းပညာရပ်များကို ညီအစ်မနှစ်ယောက်စလုံး သင်ကြားပေးတယ်၊ ဒါပေမယ့် ဒီအမြွှာပူးညီအစ်မတို့က သိုင်းပညာနဲ့ပတ်သက်ပြီး သဘောတရားရေးရာလောက်ပဲ ထူးချွန်ကြတယ်၊ တကယ့်လက်တွေ့ကျတော့ သူတို့က အားနည်းနေကြတယ်ကွဲ့၊ အဲဒီအမြွှာညီအစ်မ နှစ်ယောက်ဆိုတာ တစ်ယောက်ကဝမ်းယို့ယန်ရဲ့မိခင်၊ တစ်ယောက်က စီဟာနိုင်ငံရောက်ပြီး စီဟာဘုရင်နဲ့အိမ်ထောင်ကျခဲ့တဲ့ မင်းသမီးရဲ့အမေပေါ့"

တန့်ဉ မျက်မှောင်ကုပ်သွားသည်။



"ဒါဖြင့် ဒီပန်းချီကားချပ်ရဲ့ပုံကို ဘယ်သူက ရေးဆွဲထားတာလဲ"

ဖူးကျို့က စကားဆက်လိုက်သည်။

"ဒီလိုဗျ- သိုင်းပါရဂူဆီမှာလာပြီး ပညာရပ်သင်ကြားတဲ့ လူငယ်ထဲက လူငယ်နှစ်ယောက်ဟာ အမြွှာပူးညီအစ်မများ အပေါ် မေတ္တာရှိခဲ့ကြတယ်လေ"

တန့်ဉသည် စိတ်ဝင်စားစွာနားစွင့်နေ၏။

"အဲဒီသူငယ်နှစ်ယောက်က သိုင်းပညာရပ် အလွန်ထူးချွန်တဲ့အပြင် ပန်းချီပန်းပုပညာရပ်များလည်း အလွန်တော်ကြတယ်"

တန့်ဉသည် ပို၍စိတ်ဝင်စားလာသည်။

ဖူးကျို့က စကားဆက်လိုက်သည်။

"ဒါနဲ့ သူတို့ဟာ ပညာစုံလို့ပြန်သွားကြပြီးနောက် တစ်ယောက်က အဲဒီအမြွှာညီအစ်မရဲ့ပုံကိုစိတ်မှန်းပြီးပန်းချီရေးဆွဲကာ အလွမ်းဖြေရတယ်၊ အခြားတစ်ယောက်ကလည်း အားကျမခံ သူ့ရဲ့သိုင်းပညာလေ့ကျင့်တဲ့ရေအောက်ခန်းမှာ ပန်းပုသူဇာတစ်ခု ထွင်းထားခဲ့တယ်လို့ပြောတယ်"

တန့်ဉသည် ထိုစကားကြားလိုက်ရသည်နှင့် တစ်ချိန်တုန်းက လမ်းမှားပြီး ရေအောက်ခန်းရောက်ရှိကာ ပန်းပုသူဇာအားတွေ့ခဲ့ရပုံကို ပြန်လည်သတိရလာလေသည်။

"ဟာ- ဒီပန်းပုသူဇာကို ကျွန်တော်တွေ့ခဲ့တယ်အစ်ကိုကြီး"

ဖူးကျို့က အံ့ဩသွားသည်။

"ဘယ်လို ငါ့ညီကတွေ့ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်တတ်ထားတဲ့ ရေလှိုင်းမှာန်ခွင့်ခြေ သိုင်းဟန်သိုင်းကွက်က အဲဒီရေအောက်ခန်းက မမျှော်လင့်ဘဲ တတ်မြောက်ခဲ့လာတာပေါ့"

သူတို့သည် ယင်းသို့ပြောပြီး ဆိတ်ဆိတ်နေကြလေသည်။ သူတို့သည် အတွေးကိုယ်စီဖြင့်တွေးတောနေကြ၏။

ယင်းပန်းချီကားချပ်ရေးဆွဲသူမှာ ဖူးကျို့၏ဆရာ( ဝါ ) အချုပ်အချယ်မဲ့ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည်ကို တန့်ဥက သဘောပေါက်နားလည်လိုက်လေသည်။

ပန်းပုသူဇာကိုထုလုပ်သော သူသည် မည်သူနည်း။

စီဟာနိုင်ငံ၏ ဘုရင်ပင်ဖြစ်နေသလော၊

သူသည် ယင်းသို့တွေးမိလိုက်သည်နှင့်-

"အစ်ကိုကြီး စီဟာဘုရင်ဟာ တရုတ်လူမျိုးများ ဖြစ်နေမလား"

ဖူးကျို့ အံ့အားသင့်သွားသည်။

"ဟုတ်တယ်၊ ငါ့ညီ ဘယ်လိုလုပ်သိသလဲ"

တန့်ဥက ပြုံးလိုက်သည်။

"ကျွန်တော်က အကျိုးအကြောင်းများကိုဆက်စပ်ပြီး တွေးမိလို့ပါ"

"ဘယ်လိုအကျိုးအကြောင်းဆက်စပ်ပြီး တွေးမိတာလဲ"

တန့်ဥက ပြုံးလိုက်သည်။

"စီဟာနိုင်ငံက တရုတ်နယ်မြေကို ဘယ်တုန်းကမှဝင်ရောက်ကျူး ကျော်လာတာ မရှိခဲ့ဘူး၊ နောက်ပြီး ခေတန်လူမျိုးက တရုတ်ကိုဝင်ပြီး တိုက်ခိုက်တဲ့အခါတိုင်း စီဟာနိုင်ငံက အမြဲလိုလို ခေတန်နယ်မြေကိုနောက်ကနေ ဝင်တိုက်လေ့ရှိတယ်၊ ဒါဟာ တစ်နည်းအားဖြင့် တရုတ်နိုင်ငံကို ကူညီရာရောက်နေတယ်မဟုတ်လား'

သူသည် တန့်ဥအား စေ့စေ့ကြည့်လိုက်သည်။

"ကျွန်တော်သုံးထားတဲ့အတိုင်း ဟုတ်မဟုတ်ဆိုတာ ကွင်းဆက်တစ်ခုပဲလိုတော့တယ်"

"ပြောပါဦး၊ ဘယ်လိုကွင်းဆက်လဲ"

"စီဟာဘုရင်က သိုင်းပညာတတ်သလားဗျာ"

ဖူးကျို့သည် အနည်းငယ်စဉ်းစားလိုက်သည်။

"အစ်ကိုကတော့ တတ်တယ်လို့ထင်တာပဲ၊ ဒါပေမယ့်-မင်းသမီးကိုမေးတော့ သူကပြုံးပြီး အဖြေမပေးဘူးကွဲ့"

တန့်ဥသည် ပေါင်ကိုတစ်ချက်ပုတ်လိုက်သည်။

"ဒါဖြင့်- ကျွန်တော်ထင်တာမလွဲဘူးဆိုရင် သိုင်းပါရဂူဆီမှာလာပြီးသင်ကြားတဲ့လူငယ် နှစ်ယောက်ထဲက ပန်းပုပညာ ကျွမ်းကျင်တဲ့လူဆိုတာ စီဟာဘုရင်ပဲဖြစ်ရမယ်"

ဖူးကျို့သည် အတန်ကြာတွေဝေစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်မယ်၊ ဒါကြောင့် နန်းတော်ထဲမှာ ပန်းပုလက်ရာတွေ တော်တော်များများတွေ့ခဲ့တာကိုး"

တန့်ဥနှင့်ဖူးကျို့တို့သည် စကားကောင်းနေ၍ မိုးစင်စင် လင်းလာတော့မှ စကားပြတ်သွားလေသည်။

သူတို့သည်-

သတိရ၍ ရှောင်ဖုန်းအား လှည့်ကြည့်လိုက်သောအခါ ရှောင်ဖုန်းသည် မလှုပ်မယှက်ရပ်လျက် အဝေးသို့လှမ်းကြည့်နေ သည်ကိုတွေ့လိုက်ရလေသည်။

"အစ်ကိုကြီး ရန်သူ- "

တန့်ဥ၏စကားမဆုံးခင်မှာပင်-

ရုတ်တရက်-

စစ်ချီခရာသံများ ဆူညံစွာထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ဗုံသံများနှင့်မြင်းခွာသံများ ကြွေးကြော်သံများသည် ကမ္ဘာပျက်သည့်ပမာ ပွက်လောရိုက်သွားလေသည်။ ဖူးကျို့နှင့်တန့်ဥတို့သည် ဆတ်ခနဲထရပ်လိုက်သည်။

တစ်ချိန်လုံးပျောက်ကွယ်သွားကြသော ခေတန်စစ်သည် တော်များသည် မြေပြင်ပေါ်သို့ ရုတ်တရက်ထွက်လာသည့်ပမာ-

သူတို့အနီးသို့ရောက်ရှိလာကြသည်ကို အံ့ဩစွာ တွေ့မြင် လိုက်ကြရလေသည်။



ရှောင်ဖုန်းသည် တစ်ချက်ဝေ့ကြည့်လိုက်ရာ-

ခေတန်စစ်သည်တော်များသည်-

အရှေ့ဘက်၊ မြောက်ဘက်နှင့်တောင်ဘက်မှနေ၍ ဝိုင်း ရံချီတက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကယ်ပါဂိုဏ်းသားများ၊ ဖူးကျို့၏ဂိုဏ်းသားများနှင့် တာ လိပြည်မှသိုင်းသမားများတို့သည် ထိတ်လန့်တုန်လှုပ်သွားကြသည်။

သူတို့သည် လက်နက်များကို တင်းကြပ်စွာဆုပ်ကိုင်ထား ပြီးလျှင် ခုခံရန်အသင့်ပြင်ထားကြသည်။

သို့သော် မိမိတို့လူစုထက် အဆပေါင်းများစွာ များပြား လှသော ခေတန်စစ်သည်တော်များနှင့်မည်သို့မှ မယှဉ်နိုင်မှန်း သိထားကြသဖြင့်-

သူတို့၏လက်နက်ဆုပ်ကိုင်ထားသောလက်များပင် တုန်ခါ နေကြလေတော့သည်။

ဗုံသံများသည် အဆက်မပြတ်ထွက်ပေါ်လာသည်။

မြင်းခွာသံများသည် ပထဝီမြေကိုတုန်ခါသွားစေသည်။

အလံများသည် ပလူပျံနေ၏။

ထောင်ပေါင်းများစွာသောစစ်သည်တော်များသည်-

စည်းကမ်းရှိစွာဖြင့် ချီတက်လာနေကြ၏။

စစ်သည်ဖ်တော်များသည်-

မြားတစ်ပစ်အကွာသို့ ရောက်ရှိလာကြသောအခါ တညီတညွတ်တည်း ရပ်တန့်သွားကြသည်။

ရှိသမျှအသံပလံများသည်လည်း ရုတ်တရက် ငြိမ်သက်သွားလေသည်။

သိုင်းသမားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ-

ဤမျှစည်းကမ်းသေဝပ်သော များပြားလှသော ရန်သူများအားကြည့်ရင်း စိတ်ထဲ၌ချောက်ချားကုန်ကြလေသည်။

ရှောင်ဖုန်းသည် ကျောက်တုံးပေါ်မှဆင်းလိုက်ပြီး-

"ကဲ- ရဲဘော်တို့၊ အားလုံးငြိမ်ငြိမ်နေကြပါ။ ကျုပ်က ဘုရင်ယာလွတ်နဲ့သွားပြီး ဆွေးနွေးပါ့မယ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့်မြင်းပေါ်သို့ လွှားခနဲခုန်တက်ပြီး-

ရန်သူရှိရာသို့မောင်းနှင်သွားလေသည်။

တန့်ဥတို့ကဟန့်တားသော်လည်း မမီလိုက်တော့ချေ။

ရှောင်ဖုန်းသည်-

မိမိမှာ လက်နက်မပါကြောင်း လက်နှစ်ဖက်ကို ခေါင်းပေါ်သို့မြှောက်၍ ရှေ့သို့ချဉ်းကပ်သွားသည်။

ထို့နောက် မြင်းကိုရပ်တန့်လိုက်သည်။



"ကျွန်တော်မျိုးရှောင်ဖုန်းက ဘုရင်မင်းမြတ်နဲ့ ဆွေးနွေးချင်ပါတယ်၊ ကျေးဇူးပြုပြီး တွေ့ခွင့်ပေးပါ"

သူသည် အတွင်းအားဖြင့် အသံကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်ရာ သူ၏အသံသည် အဝေးသို့ပင် လွင့်ပျံ့သွားလေသည်။

သူသည် ယင်းသို့နှစ်ကြိမ်တိတိအော်လိုက်ပြီးနောက် ခရာသံများသည် ရုတ်တရက်ထွက်ပေါ်လာလေသည်။

မြင်းသည်တော်များနှင့် စစ်သည်တော်များသည် ရေလှိုင်းပမာ ဝဲယာတစ်ဘက်တစ်ချက်သို့ ခွဲသွားကြသည်။

မကြာမီ-

ယင်းအလယ်ဗဟိုမှ ရွှေဝါရောင်အလံလွင့်ထူထားသော မြင်းသည်တော်တစ်ယောက်က ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာသည်။

၎င်းနောက်တွင် အဝါရောင်အလံဖြင့် မြင်းသည်တော်များ လိုက်ပါလာကြသည်။

လှံတံကိုင်ဆောင်ထားသော စစ်သည်တော်များ၊ ဓားရှည်ကိုင်ဆောင်ထားသော စစ်သည်တော်များ၊ လေးသည်တော်များနှင့် ဒိုင်းများကိုင်ဆောင်ထားသော စစ်သည်တော်များတို့သည် ပြေးထွက်လာကြပြီး ဝဲယာတစ်ဘက်တစ်ချက်သို့ ရောက်ရှိလာကာ ညီညီညာညာ တန်းစီလိုက်ကြလေသည်။

ထို့နောက်-

သံချပ်အင်္ကျီများဝတ်ဆင်ထားသော ကိုယ်ရံတော် ဆယ်ယောက်က ဘုရင်ယာလွတ်အားခြံရံပြီးထွက်လာကြလေ၏။

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

ကြွေးကြော်သံများသည် တောတောင်တစ်ခုလုံးသို့ ပဲ့တင်ထပ်သွားလေသည်။

ထိုကြွေးကြော်သံများနှင့် ခေတန်စစ်သည်တော် အင်အားများကို မြင်တွေ့လိုက်ရသော ယန်မင်းခံတပ်ပေါ်မှ စစ်သည်တော်များသည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ဘုရင်ယာလွတ်သည် သူ၏ဓားကို အပေါ်သို့မြှောက်လိုက်ရာ ကြွေးကြော်သံများသည် ချက်ချင်းပင်ရပ်တန့်သွားကြသည်။

ဝန်းကျင်တခုလုံးတွင်-

တစ်ချက်တစ်ချက်ထွက်ပေါ်လာကြသော မြင်းဟီသံမှအပ မည်သည့်အသံကိုမျှမကြားရပါချေ။

ယာလွတ်သည်-

ဓားကိုချပြီး မြင်းကိုရှောင်ဖုန်းအနီးသို့ မောင်းနှင်သွားလေသည်။

သူသည် ရှောင်ဖုန်းအား ပြုံးပြလိုက်ပြီး-

"ငါ့ညီ- မင်းက ကျုပ်တို့ကို ယန်မင်းခံတပ်တံခါးကိုဖွင့်ပေးမယ့်ဆို၊ အခု ဘယ့်နှယ်ခံတပ်တံခါးပိတ်နေပါလား"

သူ၏အသံမှာ အလွန်ကျယ်လောင်နေသဖြင့် ယန်မင်းခံတပ်ပေါ်မှ စစ်သည်တော်များသည် ကြားသိကုန်ကြ၏။



သူတို့သည် ဒေါသခြောင်းခြောင်းထွက်ကာ ရှောင်ဖုန်းအား ကြိမ်းမောင်းဆဲဆိုကြလေသည်။

ရှောင်ဖုန်းသည် ဘုရင်ယာလွတ်ပြောလိုက်သောစကားမှာ မိမိအပေါ်ခံတပ်မှစစ်သည်တော်များအထင်လွဲစေရန် ဖြစ်သည်ဟု သိလိုက်ရလေသည်။

ထိုစဉ်-

ဘုရင်ယာလွတ်သည် ရှောင်ဖုန်းနှင့်မျက်နှာချင်းဆိုင်သို့ ရောက်ရှိလာပြီဖြစ်ရာ-

ရှောင်ဖုန်းသည် မြင်းပေါ်မှခုန်ဆင်းပြီး ဦးညွတ်လိုက်လေသည်။

"အခုလို ဘုရင်မင်းမြတ်ကိုယ်တိုင်လိုက်ပြီး ကျွန်တော်မျိုးကို မရမကလိုက်လံဖမ်းဆီးတာကို ကျွန်တော်မျိုး စိတ်မကောင်းပါဘူးဘုရား"

သူသည် ယင်းသို့ပြောနေစဉ်မှာပင်-

လူရိပ်နှစ်ခုသည် လျှပ်စီးလက်သည့်အလား လျှင်မြန်စွာဖြင့် ယာလွတ်ထံသို့ပြေးဝင်လာသည်။

ဖူးကျို့နှင့်တန့်ဥတို့ဖြစ်ကြသည်။

အကြောင်းမှာ-

သူတို့သည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် ဘုရင်ယာလွတ်အားဖမ်းဆီးနိုင်ရန် အားထုတ်လိုက်ခြင်းပင်ဖြစ်သည်။

သူတို့သည် ရှောင်ဖုန်းနှင့်ယာလွတ်ဘုရင် စကားပြောနေသည်ကိုအခွင့်ကောင်းယူပြီး-

ယာလွတ်ဘုရင်၏ ဝဲယာတစ်ဘက်တစ်ချက်သို့ ချဉ်းကပ်လာခဲ့ခြင်းဖြစ်သည်။

"ဟေ့- ဒါဘာလုပ်တာလဲ"

ဘုရင်ယာလွတ်က တွေ့မြင်သဖြင့် ဟန့်တားလိုက်ခြင်းဖြစ်သည်။

သူ၏ကိုယ်ရံတော်တပ်ဖွဲ့ ၃၀၀-တို့ကလည်း ချက်ချင်းပင် ဘုရင်ယာလွတ်အား အကာအကွယ်ပြုထားလိုက်ကြသည်။

ဒိုင်းအချပ် ၃၀၀-သည် သံတိုင်သဖွယ် ယာလွတ်ဘုရင်အား ကာကွယ်ထားလိုက်၏။

တစ်ဆက်တည်းမှာပင်-

လှံတံကိုင်သောစစ်သည်တော်များ၊ လက်နက်မျိုးစုံ ကိုင်ဆောင်သောစစ်သည်တော်များ-

တစ်မုဟုတ်ချင်းရောက်ရှိလာကြလေသည်။

သို့သော် ဖူးကျို့သည် ယခင်ဖူးကျို့ မဟုတ်တော့ပါ။

သူသည် နတ်မိဘွားဘွားနှင့်လီချူးဆိတို့၏ နံရံပေါ်မှ သိုင်းပညာရပ်များကိုတတ်မြောက်ထားလိုက်သဖြင့် သူ၏သိုင်းပညာရပ်များသည် ပြိုင်ဘက်ကင်းလောက်အောင်စွမ်းနေသည်။

တန့်ဥ၏အတွင်းအားမှာ သူမတူအောင် ထူးခြားပြီး သူ၏ ရေလှိုင်းမာန်နှင့်ခြေသိုင်းဟန်သိုင်းကွက်ကလည်း အလွန် ဆန်းကြယ်နေသဖြင့် ကိုယ်ရံတော်တပ်များက သူတို့အား ဟန့်တားနိုင်စွမ်း မရှိတော့ပါ။

တန့်ဥသည်-



ယိမ်းယိုင်နွဲ့နှောင်းသောခြေလှမ်းဖြင့် ထိုကိုယ်ရံတော်တပ်ကြားမှ တိုးဝင်သွားလေသည်။

ကိုယ်ရံတော်တပ်များသည် တန့်ဥတို့အား ဟန့်တားတိုက်ခိုက်သော်လည်း-

သူတို့သည် တစ်ယောက်နှင့်တစ်ယောက်နီးကပ်စွာ ရှိနေသဖြင့် သူတို့၏လက်နက်များသည် အချင်းချင်းတိုက်ခိုက်မိလျက်သား ဖြစ်သွားကြသည်။

ဖူးကျို့မှာမူ ဘုရင်ယာလွတ်အား အကာအကွယ်ပြုထားသောကိုယ်ရံတော်တပ်များအား လက်နှစ်ဖက်ဖြင့်ဆွဲ၍ တစ်ယောက်ပြီးတစ်ယောက် အဝေးသို့ လွှင့်ပစ်လိုက်လေသည်။

သံချပ်အကျီဝတ်ဆင်ထားသော လူနှစ်ယောက်သည် လှံတံနှစ်လက်ဖြင် ဖူးကျို့၏ရင်ဝသို့ပစ်လိုက်သည်။

ဖူးကျို့သည် ရုတ်တရက် ခုန်လိုက်ပြီး ထိုလူနှစ်ယောက်၏ ခြင်းပေါ်သို့ ခုန်တက်သွားသည်။

"ဝုန်း- ဝုန်း"

သူ့ခြေထောက်နှစ်ဘက်သည် သံချပ်အကျီဝတ်ဆင်ထားသော ကိုယ်ရံတော်နှစ်ယောက်အား ကန်ချလိုက်လေသည်။

တစ်ဆက်ကည်းမှာပင် သူသည် ဘုရင်ယာလွတ်ထံသို့ ခုန်အုပ်လိုက်လေသည်။

ဘုရင်ယာလွတ် ထိတ်လန့်သွားသည်။

ဓားကိုမြှောက်ပြီး ဖူးကျို့အားခုတ်ချလိုက်လေသည်။

ဖူးကျို့က အသာရှောင်တိမ်းလိုက်ပြီး လက်ဆန့်ထုတ်

လိုက်ရာ ဘုရင်ယာလွတ်၏လက်ကောက်ဝတ်အား ဖမ်းချုပ်လျက်သား ဖြစ်သွားသည်။

ထိုစဉ်မှာပင် တန့်ဥက ဝိုင်းရံထားသော ကိုယ်ရံတော်များကြားမှတိုးဝင်လာပြီး ဘုရင်ယာလွတ်၏ဝဲဘက်လက်မောင်းအား ဖမ်းဆုပ်ထားလိုက်လေသည်။

"ပြေးကြမယ်"

တန့်ဥနှင့်ဖူးကျို့သည် ယင်းသို့ပြိုင်တူပြောလိုက်ပြီး ဘုရင်ယာလွတ်အား မြင်းပေါ်မှ ဆွဲချလိုက်ပြီး နောက်သို့ပြေးလွှားသွားကြလေသည်။

ခေတန်စစ်သည်တော်များတို့သည် သူတို့၏ဘုရင်အားရန်သူများက ဖမ်းဆီးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

အချို့က အူကြောင်ကြောင်ဖြင့်ရပ်ကြည့်နေသည်။ အချို့မှာ ပြေးလွှားလိုက်လာကြသည်။

ဖူးကျို့နှင့်တန့်ဥတို့က ဆီး၍တိုက်ခိုက်သဖြင့် မြေပေါ်သို့လဲကျကျန်ရစ်ခဲ့လေသည်။

ဖူးကျို့နှင့်တန့်ဥတို့သည် ဘုရင်ယာလွတ်အား ဖမ်းဆီးမိနိုင်ခဲ့သဖြင့် ဝမ်းသာသွားကြလေသည်။

ထိုစဉ်မှာပင် ရှောင်ဖုန်းက နောက်မှ ပြေးလွှားလိုက်လာနေသည်ကိုတွေ့ရသဖြင့်-

"အစ်ကိုကြီး ကျွန်တော်တို့ယာလွတ်ဘုရင် ဖမ်းထားလိုက်ပြီဗျ"



ရှောင်ဖုန်းသည် စကားမပြောဘဲ လက်ဝါးနှစ်ဖက်ဖြင့် တန့်ဥနှင့်ဖူးကျို့တို့အား တိုက်ခိုက်လိုက်လေသည်။

"ဟာ-"

တန့်ဥနှင့်ဖူးကျို့တို့ အံ့အားသင့်သွားကြလေသည်။ ရှောင်ဖုန်း၏တိုက်ခိုက်မှုကိုခုခံရင်း ရှောင်တိမ်းလိုက်လေသည်။

သူတို့ကြောင်အမ်းအမ်းဖြစ်နေချိန်မှာပင် ရှောင်ဖုန်းသည် သူတို့၏လက်ထဲဖမ်းမိထားသော ဘုရင်ယာလွတ်အား လုယူသွားလေတော့သည်။

ထိုစဉ် ခေတန်စစ်သည်တော်များနှင့်-

တစ်ဘက်က ပြည်ပမှသိုင်းသမားများတို့သည်-

ဘုရင်ယာလွတ်အား လုယူရန်တက်လာကြသည်။

အချို့ကယ်ပါဂိုဏ်းသားများမှာမူ ရှောင်ဖုန်းနှင့်ဖူးကျို့တို့အား ကူညီပေးရန်ဖြစ်သည်။

သို့သော် ရှောင်ဖုန်းက တန့်ဥနှင့်ဖူးကျို့တို့အား တိုက်ခိုက်ပြီး ဘုရင်ယာလွတ်အား လုယူလိုက်သည်ကိုတွေ့ရှိလိုက်သောအခါ အားလုံး အံ့အားသင့်သွားကြသည်။

"ဟော့- ဘယ်သူမှရှေ့မတိုးလာကြနဲ့"

ရှောင်ဖုန်းက အသံကျယ်လောင်စွာဖြင့် နှစ်ဘက်သောလူများအား ဟန့်တားလိုက်သည်။

"ကျုပ်ဘုရင်နဲ့ဆွေးနွေးစရာရှိတယ်၊ ဘယ်သူမှရှေ့မတိုးဖို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

ခေတန်စစ်သည်တော်များနှင့်တစ်ဘက်က သိုင်းသမား

များတို့သည် ရောက်ရှိသည့်နေရာ၌ပင် ခြေလှမ်းရပ်တန့်သွားကြလေသည်။

ဖူးကျို့နှင့်တန့်ဥတို့ကလည်း နောက်သို့ခြေလှမ်း သုံးလှမ်းခန့်ဆုတ်သွားလေသည်။

သို့သော် သူတို့သည် ဘုရင်ယာလွတ်မပြေးနိုင်ရန် ဘုရင်ယာလွတ်အား ဝဲယာမှနေရာယူ၍ အကဲခတ်စောင့်ကြည့်နေ၏။

## ဘာဆုတောင်းချင်သလဲ

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေ၏။ ခေတန်စစ်သည်တော်များသည် သူတို့ဘုရင်အား ထိခိုက်မိမည်ကိုစိုးရိမ်၍ရှေ့သို့မတိုးရဲကြပါ။

သိုင်းသမားများကလည်း မိမိတို့လူများအား ထိခိုက်မည်ကိုစိုးရိမ်သဖြင့် ရှေ့သို့မတိုးဝံ့ပါ။

သူတို့သည် ဖြစ်ပေါ်လာမည့်အခြေအနေများကို အကဲခတ်စောင့်ကြည့်နေကြသည်။

ဘုရင်ယာလွတ်၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိပါ။ ရှောင်ဖုန်းအကြောင်းကို သူကောင်းစွာသိထားသည်။ မိမိက သူ့အပေါ် ရက်ရက်စက်စက်ပြုမူခဲ့သည် မဟုတ်ပါလော။

ယခု မိမိက သူ၏လက်ထဲသို့ရောက်ရှိနေပြီဖြစ်ရာ မိမိအပေါ် ကလဲ့စားချေလိမ့်မည်ဟုလည်း ယုံကြည်လေသည်။

ရှောင်ဖုန်းသည် ယာလွတ်ဘုရင်အား လက်လွှတ်လိုက်သည်။

ထို့နောက် သူသည်ဦးညွှတ်လိုက်ပြီး-

"ဘုရင်မင်းမြတ်- ကျွန်တော်မျိုးက ဘုရင်ကိုအန္တရာယ် မပြုဘူးဆိုတာ ကတိပေးပါတယ်"

ဘုရင်ယာလွတ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ဖူးကျို့ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

ထို့နောက် ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"သူတို့က ကျွန်တော်မျိုးရဲ့ညီအစ်ကို ဖူးကျို့နှင့်တန့်ဥပါ"

ဘုရင်ယာလွတ်က ခေါင်းညိတ်လိုက်သည်။

"အင်း- မင်းညီအစ်ကိုနှစ်ယောက်က ဘယ်ဆိုးလို့တုန်း"

ရှောင်ဖုန်းက ထပ်မံဦးညွှတ်လိုက်သည်။

"ဘုရင်မင်းမြတ်ကို အခုချက်ချင်းပဲ ပြန်လွှတ်ပေးပါ့မယ်၊ ကျွန်တော်မျိုးတို့ကို ဆုလာဘ်တစ်ခုပေးတော်မူပါ"

ဘုရင်ယာလွတ်က အံ့အားသင့်သွားသည် ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်ခင်းရာ၌ တစ်ဘက်က ဘုရင်ကို ဖမ်းဆီးမိလိုက်လျှင် စစ်၏အောင်နိုင်ခြင်းဖြစ်သည်နှင့်မခြားပါ။

ယခု-

ရှောင်ဖုန်းက မိမိအား ချက်ချင်းလွှတ်ပေးမည်ဟုပြောလာသည့်အတွက် သူကမယုံကြည်နိုင်လောက်အောင်ဖြစ်သွားသည်။

ဘုရင်ယာလွတ်သည် ရှောင်ဖုန်း၏ သဘောထားကို စဉ်းစားဆင်ခြင်နေ၏။ ရှောင်ဖုန်းသည် မိမိအား သူ၏မြို့စားရာထူး ပြန်ပေးရန်တောင်းဆိုနေသည်ဟု ထင်မှတ်မိလိုက်လေသည်။



သူသည် ပြုံးလိုက်ပြီး-

"ကဲ- ပြောစမ်း၊ မင်းက ဘာဆုလာဘ်တွေကို တောင်းချင်လို့လဲ"

ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"ဘုရင်မင်းမြတ်ဟာ ကျွန်တော်မျိုးညီအစ်ကို နှစ်ယောက်ရဲ့သုံ့ပန်းဖြစ်နေပါပြီ၊ ခေတန်ရဲ့စည်းကမ်းချက်အရ ဘုရင်မင်းမြတ်က ဆုလာဘ်တွေပေးပြီး ရွေးယူရပါမယ်"

ဘုရင်ယာလွတ် မျက်မှောင်ကုပ်သွားသည်။

"ပြောစမ်းပါဦး၊ မင်းတို့ဘာတွေလိုချင်လို့လဲ"

ရှောင်ဖုန်းက ထပ်မံဦးညွှတ်လိုက်သည်။

"ကျွန်တော်မျိုးက ညီအစ်ကိုနှစ်ယောက်ကိုယ်စား ပြောပါ့မယ်၊ ဘုရင်မင်းမြတ်က ကတိတစ်ခုပေးပါလို့ တောင်းဆိုချင်ပါတယ်"

ဘုရင်မင်းမြတ်၏ မျက်ခုံးအစုံသည်ပို၍ ကျုံ့ထားလိုက်မိလေသည်။

"ကျုပ်က ဘာကိုကတိပေးရမှာလဲ"

ရှောင်ဖုန်း၏မျက်နှာတစ်ခုလုံးသည် တည်ကြည်လေးနက်လာသည်။

"ဘုရင်မင်းမြတ် သက်တော်ထင်ရှားရှိနေသရွေ့ ကာလပတ်လုံး ခေတန်စစ်သည်တော်များဟာ နယ်ခြားကိုခြေတစ်လှမ်းမှ မကျူးကျော်ရပါဘူးလို့ ကတိပေးပါ"

တန့်ဥသည် ထိုစကားကြားလိုက်ရသောအခါ ဝမ်းသာသွား

လေသည်။ ခေတန်က စုံနိုင်ငံကို မကျူးကျော်လျှင် မိမိတို့တာလီပြည်က အေးချမ်းစွာနေနိုင်မည်မဟုတ်ပါလော။

ထို့ကြောင့် သူက ကပ္ပာကယာထောက်ခံလိုက်သည်။

"ဟုတ်တယ်. . . ဘုရင်မင်းမြတ်က ကတိပေးရင် အခုချက်ချင်း လွှတ်လိုက်ပါမယ်"

သူသည် ပြောရင်း ဖူးကျို့ဘက်သို့လှည့်လိုက်သည်။

"အစ်ကိုလတ်- အစ်ကိုလတ်ကကော ဘာများတောင်းချင်သေးသလဲ"

ဖူးကျို့က ခေါင်းခါယမ်းလိုက်သည်။

"မလိုတော့ပါဘူးဗျာ၊ ကျုပ်ကလဲ ဒီကတိပဲတောင်းခံချင်ပါတယ်"

ဘုရင်ယာလွှတ်မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

"ဘာလဲ- ဒါက ကျုပ်ကိုခြိမ်းခြောက်တာလား"

ရှောင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ခြိမ်းခြောက်တာတော့ မဟုတ်ပါဘူးဗျာ၊ ဘုရင်မင်းမြတ်လက်မခံရင် ကျွန်တော်မျိုးရဲ့အသက်နဲ့ ဘုရင်မင်းမြတ်ရဲ့ အသက်ဟာ ဒီနေရာမှာချုပ်ငြိမ်းသွားနိုင်ပါတယ်ဘုရား"

ဘုရင်ယာလွှတ် ရင်ထိတ်သွားသည်။

ရှောင်ဖုန်းသည် စကားအလွန်တည်ငြိမ် ပြောသည့်အတိုင်းလုပ်တတ်သည့်သူမျိုးဖြစ်သည်ဟု သူနားလည်ထားသည်။

အကယ်၍သာ-

သူ လက်မခံလျှင် သူ၏အသက်သည် ရှောင်ဖုန်းပြော



သကဲ့သို့ ဆုံးရှုံးသွားမည်သာဖြစ်သည်ဟု တွေးမိလိုက်လေသည်။

သူသည် အားရပါးရရယ်မောလိုက်သည်။

"ဟား- ဟား- ဟား"

သူသည် အားရပါးရရယ်မောလိုက်ပြီးမှ-

"ရှောင်ဖုန်း-. လက်စသတ်တော့ မင်းကငြိမ်းချမ်းရေးသမားတစ်ယောက်ကိုး"

ရှောင်ဖုန်းက ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်ဘုရင်မင်းမြတ် ကျွန်တော်မျိုးဟာ စုံနိုင်ငံရဲ့ပြည်သူပြည်သားများ အသက်အိုးအိမ် ဆုံးရှုံးနစ်နာသွားမှာကိုမကြည့်ချင်သလို ကျုပ်တို့ခေတန်စစ်သည်တော်ရဲ့ထောင်ပေါင်းများစွာသောအသက်များ ဆုံးရှုံးသွားမှာကိုလည်း မကြည့်ရက်လို့ပါ"

ဘုရင်ယာလွှတ်က ရယ်မောလိုက်သည်။

"မင်းကြည့်ရတာ မင်းရဲ့ရုပ်ရည်နဲ့ မင်းရဲ့စိတ်ထားက တခြားစီပါလားကွဲ့"

ရှောင်ဖုန်းသည် စကားမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဘုရင်ယာလွှတ်သည် နောက်သို့လှည့်ကြည့်လိုက်သည်။ သူ၏ကိုယ်ရံတော်များသည် အနည်းဆုံးခြေလှမ်းတစ်ရာခန့် အကွာတွင် ရှိနေသေးသောကြောင့် မည်သည့်နည်းနှင့်မှ သူတို့ကမိမိအားကယ်တင်နိုင်မည့်အခြေအနေတွင်မရှိပါ။

သူသည် မတတ်နိုင်တော့သည့်နောက်ဆုံး မြားတစ်စင်းကိုဆွဲထုတ်ပြီး လက်နှစ်ဖက်ဖြင့်ကိုင်၍ ချိုးလိုက်လေသည်။

"ကဲ- ရှောင်ဖုန်း၊ မင်းလိုချင်တဲ့ကတိကို ငါလက်ခံပါတယ်ကွာ"

ဟု ပြောပြီး မြားကိုအောက်သို့ပစ်ချလိုက်လေသည်။

ရှောင်ဖုန်းက ဦးညွှတ်လိုက်လေသည်။

"ဘုရင်မင်းမြတ်ကို အများကြီးကျေးဇူးတင်ပါတယ်"

ဘုရင်ယာလွတ်သည် နောက်သို့လှည့်လိုက်သည်။

သို့သော် ဖူးကျို့နှင့်တန့်ဥတို့သည် လမ်းဖယ်ခြင်းမပြုသေးဘဲ ရပ်နေသည်ကိုတွေ့ရသဖြင့် မိမိကတိကို ယုံကြည်မှုမရှိသေးဟု နားလည်လိုက်လေသည်။

သူသည် ဓားကိုဆွဲထုတ်ပြီး ခေါင်းပေါ်သို့မြှောက်လိုက်သည်။

"ခေတန်စစ်သည်တော်အားလုံး အမိန့်နာခံကြစေ"

ဟုအော်လိုက်ရာ စစ်သည်တော်များထံမှဗုံသံများ သုံးကြိမ်တိုင်တိုင်ထွက်ပေါ်လာလေသည်။

ဗုံသံများထွက်ပေါ်လာပြီးနောက် အားလုံးက ဘုရင်၏အမိန့်ကိုနာခံရန် ဦးညွှတ်ထားလိုက်ကြလေသည်။

ဘုရင်ယာလွတ်က အသံကျယ်လောင်စွာဖြင့်-

"အခုအချိန်ကစပြီး ကျုပ်တို့ခေတန်နိုင်ငံနဲ့စုံနိုင်ငံတို့ဟာ စစ်ပြေငြိမ်းချမ်းသွားပါပြီ၊ ကျုပ်ရဲ့တစ်သက်တာမှာ ကျုပ်တို့၏စစ်သည်တော်များက စုံနိုင်ငံရဲ့ပိုင်နက်ကို တစ်လက်မမှမကျူးကျော်ဘူးလို့ အမိန့်ပေးလိုက်ပါတယ်၊ အားလုံးလိုက်နာကြပါ"

ဘုရင်ယာလွတ်သည် ပြောပြီးသည်နှင့်-



ဓားကိုအောက်သို့ဖြည်းညှင်းစွာချလိုက်ရာ ဗုံသံများသည် ဆက်၍ထွက်ပေါ်လာပြန်သည်။

ရှောင်ဖုန်းက ဘုရင်အားရိုသေကိုင်းရှိုင်းစွာဦးညွှတ်လိုက်လေသည်။

"ကျွန်တော်မျိုး ဘုရင်မင်းမြတ်ကိုလိုက်ပို့ပေးပါမယ်"

တန့်ဥနှင့်ဖူးကျို့တို့သည် လမ်းဖယ်ပြီးနောက် ရှောင်ဖုန်းနောက်သို့လျှောက်လာကြလေသည်။

ဘုရင်ယာလွတ်သည် ဝမ်းသာဝမ်းနည်းဖြစ်သွားလေသည်။ သူသည် သူ၏စစ်သည်တော်များဘက်သို့ ခြေတစ်လှမ်းချင်းလျှောက်သွားသည်။

ဇောချွေးများသည် သူ၏နဖူးပြင်ပေါ်မှစီးဆင်းကျနေ၏။ သူ၏ ခြေထောက်နှစ်ဖက်သည် အင်အားပင်ကုန်ခမ်းနေသည့် အလား လမ်းလျှောက်ရသည်ကိုပင် မနည်းအားယူ၍ ထိန်းလျှောက်နေရ၏။

သူသည် စိတ်ကိုတည်ငြိမ်စွာကြိုးစား၍ ထိန်းချုပ်ထားပြီး မိမိတပ်စုများရှိရာသို့ တစ်လှမ်းချင်းလှမ်းသွားလေတော့သည်။

## ကတိတည်သောခေတန်

ကိုယ်ရံတော်များသည် သူတို့၏ဘုရင်လွတ်မြောက်လာသည်ကို တွေ့ရှိရသဖြင့် မြင်းကိုမောင်းနှင်ကာ လာရောက်ကြိုဆိုကြလေသည်။

ဘုရင်ယာလွတ်သည် မြင်းပေါ်သို့ခုန်တက်ရန်ပင် အားမရှိတော့ပါ။

ကိုယ်ရံတော်များက ဖေးမ၍ မြင်းပေါ်သို့ တင်ပေးလိုက်ရလေသည်။

စစ်သည်တော်များသည် သူတို့၏ဘုရင် ပြန်လည်လွတ်မြောက်လာသည်ကိုတွေ့ရှိရသောအခါ-

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

ဟု တစ်ခဲနက်ကြွေးကြော်လိုက်ကြလေသည်။

ထိုအခါ-

ယန်မင်းခံတပ်ပေါ်မှ စစ်သည်တော်များနှင့် ခံတပ်ရှေ့မှ စုရုံး၍နေကြသောသိုင်းသမားများသည် ဘုရင်ယာလွတ်က စစ်မတိုက်တော့ဘဲ-



ပြန်လည်ဆုတ်ခွာသွားတော့မည်ကို သိလိုက်ကြရသဖြင့် ဝမ်းသာသွားကြပြီးလျှင်-

ဆူညံစွာအော်ဟစ်ကြွေးကြော်လိုက်ကြလေသည်။

ခေတန်လူမျိုးများ၏အကြောင်းကို သူတို့က ကောင်းစွာသိထားကြသည်။

ခေတန်လူမျိုးတို့သည် စစ်တိုက်ရာမှ ရက်စက်ကြမ်းကြုတ်သည်ဖြစ်သော်လည်း-

ကတိအလွန်တည်သောလူမျိုးများဖြစ်သည်ကို နားလည်ထားကြ၏။

ယခု ဘုရင်မင်းမြတ်ကိုယ်တိုင် ကတိပေးထားသည့်အတွက် သူတို့သည် အေးချမ်းစွာ နေထိုင်ကြရတော့မည်ဖြစ်ရာ လှိုက်လှိုက်လှဲလှဲဝမ်းသာကြမည်မှာ မဆန်းပါပေ။

ဘုရင်ယာလွတ်ကမူ-

မိမိအကြပ်ကိုင်ခြင်းကိုခံရသဖြင့် ကတိပေးလိုက်ရသည်ကို မကျေမနပ်ဖြစ်နေ၏။

သို့သော် သူ၏စစ်သည်တော်များ၏မျက်နှာများပေါ်တွင် ပီတိဖြာနေသော အရိပ်အရောင်များပေါ်လွင်နေသည်ကို တွေ့မြင်လိုက်ရသောအခါ သူသည် ဤသို့ဆင်ခြင်မိလေ၏။

မိမိ၏စစ်သည်တော်များသည် မိမိ၏အမိန့်ကြောင့် ယခုကဲ့သို့ စစ်ချီတိုက်ခိုက်ရန်လိုက်လာကြခြင်းဖြစ်သော်လည်း သူတို့သည် တိုက်ပွဲမှာကျဆုံးသွားနေမည်လောဟု စိတ်ထဲမှတွေးနေကြမည်မှာ အမှန်ပင်။

ယခု သူတို့သည် စစ်မတိုက်ရဘဲ အေးချမ်းစွာဖြင့် မိမိ ဌာနေသို့ ပြန်လည်သွားနိုင်ကြမည်ဖြစ်၍ သူတို့သည် မိမိ၏မိဘ ဆွေမျိုး သားမယားနှင့် ပြန်လည်ဆုံတွေ့ရမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဝမ်းသာပီတိဖြစ်နေကြခြင်းဖြစ်လေ၏။

ဘုရင်ယာလွတ်သည် ယင်းသို့ဆင်ခြင်ပြီးနောက် **ခါးမှဓား** ကိုဆွဲထုတ်ပြီး အပေါ်သို့မြှောက်လိုက်သည်။

"မြောက်ပိုင်းမြို့စားကြီးအမိန့်နာခံပါ၊ နောက်ဆုံးမှ တပ်ဖွဲ့ များကို ရှေ့ဆုံးတပ်ဖွဲ့အဖြစ်ပြောင်းလဲပြီး နေပြည်တော်ကို ပြန်ကြ မယ် အမိန့်တော်"

သူသည် ယင်းသို့အမိန့်ပေးလိုက်သည်နှင့် ခရာသံများနှင့် အတူ စစ်သည်တော်များ၏ဝမ်းသာမြူးတူးနေသောအသံများသည် ဆူညံစွာထွက်ပေါ်လာလေ၏။

ရင်းအသံများသည် အနီးမှအဝေးသို့တဖြည်းဖြည်းပျံ့လွင့် သွားလေတော့သည်။

## ပြည်တော်ပြန်

ဘုရင်ယာလွတ်သည်-

နောက်သို့လှည့်ကြည့်လိုက်၏။

ရှောင်ဖုန်းတစ်ယောက် မလှုပ်မယှက်ရပ်နေသည်ကို တွေ့ လိုက်ရလေသည်။

ဘုရင်ယာလွတ်က မဲ့ပြုံးပြုံးလိုက်၏။

"မြို့စားကြီး- ခင်ဗျားက စုံနိုင်ငံအတွက် ဒီလောက် အောင် မြင်မှုတွေရအောင် လုပ်ခဲ့တဲ့အတွက် မင်း ရာထူးကြီးကြီးရမှာတော့ သေချာပါတယ်ဗျာ"

ရှောင်ဖုန်းက အသံကျယ်လောင်စွာဖြင့်-

"ဘုရင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ ခေတန်လူမျိုးပါ၊ အခု လို စစ်ကိုဟန့်တားလိုက်တာဟာလဲ ခေတန်လူမျိုးအတွက်လို့ပြော ရင် မမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် အိမ်နီးချင်းနိုင်ငံတွေအချင်း

ချင်း စစ်မက်အင်္ဂါဖြစ်ပွားနေရင် ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး၊ လူတွေရဲ့အသက်ပေါင်းထောင်သောင်းမက ဆုံးရှုံးနိုင်ပါတယ်၊ ပြည်သူလူထုရဲ့ အိုးအိမ်စည်းစိမ်တွေဟာလဲ အကြီးအကျယ်ဆုံးရှုံးနိုင်ပါတယ်၊ ဒါကြောင့် အိမ်နီးချင်းနိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ နေထိုင်တာဟာ အကောင်းဆုံးလို့ယူဆလို့ အခုလိုဟန့်တားမိတာပါ၊ ဘုရင်မင်းမြတ် ကျွန်တော်မျိုးကို ပေးချင်တဲ့အပြစ်ပေးပါ၊ ကျွန်တော်မျိုး ခံယူရန်အသင့်ပါ"

ထိုစဉ်-

ဘုရင်မင်းမြတ်အနီး၌ ရပ်လျက်နေသော စစ်သူကြီးတစ်ယောက်က-

"ဟေ့- ရှောင်ဖုန်း၊ မင်းဘာပဲပြောပြော မင်းကို ကိုယ့်အမျိုးကိုယ် သစ္စာဖောက်တယ်လို့ကျုပ်ယူဆတယ်၊ ဒါကြောင့်- "

သူသည် စကားကိုရပ်တန့်လိုက်ပြီး ရုတ်တရက်မမျှော်လင့်ဘဲ မြားဖြင့်ပစ်လိုက်လေ၏။

"ဝုစ်..."

မြားတစ်စင်းသည် ရှောင်ဖုန်း၏ရင်ဝသို့တည့်တည့် မတ်စွာစိုက်ဝင်သွားလေသည်။

တန့်ဉနှင့်ဖူးကျို့တို့သည် ထိတ်ထိတ်ပျာပျာဖြင့်ပြေးလာပြီး ဖေးမလိုက်ကြ၏။

သို့သော် နောက်ကျချေပြီ။

ရှောင်ဖုန်း၏မျက်လုံးအစုံသည် မှိတ်ထားလိုက်ပြီး သေဆုံးသွားပြီဖြစ်၏။



ဖူးကျို့က ဆေးဝါးကုသနိုင်ရန် ရှောင်ဖုန်း၏အင်္ကျီများကို ဆုတ်ခွဲလိုက်၏။

သို့သော်-

မြားက နှလုံးထဲသို့စိုက်ဝင်သွားသဖြင့် မည်သို့မျှကုသနိုင်စွမ်းမရှိတော့ပါချေ။

ရှောင်ဖုန်း၏ရင်ဘတ်ပေါ်၌ စုတ်တံဖြင့် ဝံပုလွေခေါင်းတစ်လုံးထိုးထားသည်ကို တွေ့ရှိရလေသည်။

ဖူးကျို့နှင့်တန့်ဉတို့သည် ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးလိုက်ကြလေ၏။

ကယ်ပါဂိုဏ်းမှ ဂိုဏ်းသားတို့သည် စုရုံးလာကြပြီးဦးချ၍ ဂါရဝပြုရင်း ငိုကြွေးကြလေသည်။

ဂိုဏ်းစုမှူးဝူးက ရင်ထုမနာဖြစ်ကာ-

"ဂိုဏ်းချုပ်ကြီး ခင်ဗျားက ခေတန်လူမျိုးဖြစ်ပေမယ့်၊ ကျုပ်တို့ တရုတ်လူမျိုးထက်တောင် သစ္စာရှိနေပါလားဗျာ"

ဘုရင်ယာလွတ်သည် ရှောင်ဖုန်းသေဆုံးသွားသည်ကို တွေ့လိုက်ရသောအခါ-

သူ၏ရင်ထဲတွင် ဟာလာဟင်းလင်းဖြစ်သွားသည်။

ရှောင်ဖုန်းအပေါ်၌ ပို၍ကြည်ညိုလေးစားလာ၏။

ရှောင်ဖုန်း၏လုပ်ဆောင်ချက်များသည် ရာထူးအတွက်မဟုတ်-

ကိုယ်ကျိုးအတွက်မဟုတ်ဘဲ-

တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတူတကွ အေးချမ်းစွာနေထိုင်

စေလိုသော လမ်းစဉ်တစ်ခုကိုဆောင်ရွက်သွားသည်ဟု နားလည်လိုက်လေသည်။

သူသည် ခေါင်း**တစ်ချက်**ခါယမ်းလိုက်ပြီး မချိပြုံးပြုံးလိုက်သည်။ မြင်းကိုနောက်လှည့်လိုက်ပြီး စစ်သည်တော်များကြားမှ ဖြတ်ကျော်သွားလေသည်။

မြင်းခွာသံများသည် ဆူညံစွာထွက်ပေါ်လာပြန်လေ၏။ ထောင်ပေါင်းများစွာ စစ်သည်တော်များသည်ပြည်တော်ပြန်ရန် ချီတက်သွားကြလေသည်။

စစ်သည်တော်များသည် မကြာမကြာ နောက်သို့လှည့်လိုက်ပြီး မြေပေါ်၌လဲလျောင်းနေသော ရှောင်ဖုန်း၏အလောင်းကို ကြည့်ကြလေသည်။

သူတို့၏ရင်ထဲ၌ ဝမ်းသာ ဝမ်းနည်းသော ခံစားမှုများကိုယ်စီဖြင့် မြောက်ဘက်စူးစူးသို့ထွက်ခွာသွားကြလေ၏။

ငှက်ခါးတစ်စုသည် အသံတကြော်ကြော်ဖြင့် စစ်သည်တော်များ၏အပေါ်မှ ပျံသန်းသွားကြသည်။

စစ်သည်တော်များသည် ဝေး၍ဝေး၍သွားလေသည်။

မြင်းခွာသံများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။



ဝန်းကျင်တစ်ခုလုံးသည်-

ကမ္ဘာ၏နောက်ဆုံးနေ့ပမာ ဝမ်းနည်းကြေကွဲမှုက လွှမ်းမိုးထားလေသည်။

ဖူးကျို၊ တန့်ဥနှင့်ကယ်ပါကိုက်းမှလူစုများသည် ရှောင်ဖုန်း၏အလောင်းအနီး၌ မတ်တပ်ရပ်နေကြသည်။

တစ်ချို့က ဟစ်အော်ငိုကြွေးနေပြီး-

အချို့က တိတ်တဆိတ်မျက်ရည်ကျနေ၏။

ရုတ်တရက် စူးရှသော မိန်းကလေးတစ်ယောက်၏ အသံ**တစ်သံကို ကြားလိုက်ရသည်။**

"ဖယ်စမ်း- ဖယ်ပေးကြစမ်းပါ။ **ရှင်တို့မျက်နှာကို** ကျွန်မမကြည့်ချင်ဘူး၊ ကျွန်မခဲအိုကို ဒုက္ခပေးပြီးမှ **ဘာဖြစ်လို့ ဟန်ဆောင်**ပြီး မျက်ရည်ကျနေကြတာလဲ"

**အသံရှင်ကား. . .**

အာကျိုပင်ဖြစ်ပေသည်။

အာကျိုသည် ယင်းသို့ဟစ်အော်ပြောဆိုရင်း ရှောင်ဖုန်း**အနီး**မှရပ်နေသော လူများအားတွန်းဖယ်လိုက်လေသည်။

ဖူးကျို့တို့သည် ဘေးသို့ဖယ်ပေးလိုက်သည်။

အာကျိုသည် ရှောင်ဖုန်း၏အလောင်းအား အတန်ကြာငေး၍စိုက်ကြည့်နေလေသည်။

"အစ်ကိုကြီး- သူတို့က မကောင်းဘူး။ သူတို့ကို ဂရုမစိုက်နဲ့၊ ကျွန်မကသာ အစ်ကိုကြီးကို တကယ်ချစ်တာပါ"

သူမသည် ပြောပြီးသည်နှင့် ဒူးထောက်ပြီး ရှောင်ဖုန်း၏

အလောင်းကိုပွေ့ချီထားလိုက်သည်။

"အစ်ကိုကြီး လိမ်မာတယ်နော်၊ ကျွန်မပွေ့ထားမယ်၊ အခု အစ်ကိုကြီး ငြိမ်ငြိမ်ကလေးနေပြီမဟုတ်လား"

ဖူးကျို့နှင့်တန့်ဥတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ စိတ်မကောင်းဖြစ်နေ၏။

တန့်ဥက အသံချိုသာစွာဖြင့်-

"ညီမလေး- စိတ်ကိုထိန်းချုပ်ထားပါကွယ်၊ သေတဲ့လူက ပြန်မှမ ရှင်နိုင်တော့ပဲဟာ ဝမ်းနည်းမနေပါနဲ့တော့"

အာကျိုသည် တန့်ဥအား တအားတွန်းဖယ်လိုက်သည်။

သူမ၏မျက်နှာတစ်ခုလုံးလည်း တင်းမာခက်ထန်လာလေ၏။

"ဘာလဲ- ရှင်က ကျွန်မခဲအိုကိုလုသွားမလို့လား၊ သူ့ကို ကျွန်မပိုင်တယ်၊ ဘယ်သူမှ သူ့ကိုခေါ်မသွားရဘူး"

တန့်ဥ သက်ပြင်းတစ်ချက်ချလိုက်သည်။

မုဝမ်းချင်ဘက်သို့လှည့်ပြီး မျက်ရိပ်တစ်ချက်ပြလိုက်သည်။ မုဝမ်းချင်က အာကျိုအနီးသို့လျှောက်သွားပြီး-

"ညီမလေး- အစ်ကိုကြီးကွယ်လွန်သွားပြီပဲ၊ သူ့ကိုသင်္ဂြိုဟ်ဖို့ လုပ်ရဦးမယ်မဟုတ်လား"

အာကျို၏အသံသည် စူးရှစွာအော်ဟစ်လိုက်သည်။

"သွားစမ်း- သွားစမ်း၊ ကျွန်မ အနားမကပ်နဲ့"

မုဝမ်းချင်သည် ထိတ်လန့်သွားကာ နောက်သို့ဆုတ်သွား ရလေသည်။



အာကျိုသည် နှုတ်ခမ်းကိုကိုက်ထားလိုက်ပြီး-

"သွားကြစမ်း၊ သွားကြစမ်း- သွားကြစမ်းပါ၊ ရှင်တို့ဟာ တစ်ယောက်မှ လူကောင်းတွေမဟုတ်ဘူး၊ ကျွန်မခဲအိုကို သတ်ပစ်ကြတယ်"

သူမသည် မုဝမ်းချင်နှင့်ဖူးကျို့တို့အား လက်ညှိုးတငေါက် ငေါက်ထိုးရင်း-

"ရှင်တို့ အနားမလာကြနဲ့နော်၊ အနားကိုလာရင်တော့ ရှင် တို့ကို ကျွန်မသတ်ပစ်ရလိမ့်မယ်"

မုဝမ်းချင် မျက်မှောင်ကုပ်သွားသည်။ တန့်ဥအား ခေါင်းခါ ယမ်းပြလိုက်၏။

ထိုစဉ်မှာပင် လူတစ်ယောက်၏အသံသည် ကျယ်လောင် စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

## လွမ်းငွေ့ဝေပြာသိုင်းကမ္ဘာ

"အာကျို- အာကျို မင်းအသံကို ငါကြားရပြီ၊ မင်းဘယ်မှာလဲ၊ မင်းဘယ်မှာလဲ"

ယင်းအသံသည်-

ဝမ်းနည်းကြေကွဲသည့်အသံများ ဖြစ်ပါသည်။

အားလုံးသောလူများသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ-

မျက်မမြင်တစ်ယောက်သည် လက်တစ်ဖက်မှ ဝါးလုံးတစ်လုံးဖြင့် လှမ်းထောက်၍လျှောက်လာသည်။

ကျန်လက်တစ်ဖက်မှ ဝါးလံတစ်လုံးသည် လူတစ်ယောက်၏ပခုံးပေါ်၌ ထောက်ထားပြီး လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုမျက်မမြင်သည်-

တစ်ချိန်တုန်းက ကယ်ပါဂိုဏ်းချုပ်ဖြစ်ခဲ့သူ ဂုမ်စင်းထင် အမည်ခံ ယုသန်းကြီးပင်ဖြစ်ပါတော့သတည်း။



ဖူးကျို့ အံ့အားသင့်သွားသည်။

ယုသန်းကြီးနှင့်အတူလာသောသူမှာ ထင်းစန်းတောင်၌ အစောင့်ချထားခဲ့သော-

'ပူးလောက်တ' ဖြစ်သည်ကို တွေ့ရလေသည်။

ယုသန်းကြီးက ပူးလောက်တအား အာကျိုလိုက်ရှာပေးရန် အတင်းအကြပ်ခေါ်ဆောင်လာခြင်းဖြစ်သည်ကို နားလည်လိုက်ကြလေသည်။

အာကျိုသည်-

ယုသန်းကြီးလိုက်လာသည်ကို တွေ့ရသောအခါ ဒေါသခြောင်းခြောင်းထွက်သွားသည်။

"ရှင်ဘာဖြစ်လို့လိုက်လာရတာလဲ၊ ရှင့်မျက်နှာကို ကျွန်မမကြည့်ချင်ဘူး"

ယုသန်းကြီးသည် အာကျို၏အသံကိုကြားလိုက်ရသဖြင့် ဝမ်းသာပီတိဖြစ်သွားသည်။

"အာကျို မင်းကဒီမှာကိုး၊ မင်းအသံကို ငါကြားရပြီ"

ယုသန်းကြီးသည် ယင်းသို့ပြောပြီး ပူးလောက်တအား ဘေးသို့တွန်းထုတ်လိုက်သည်။

ထို့နောက် အာကျိုထံသို့ပြေးလွှားလာသည်။

ဖူးကျို့နှင့်တန့်ဥတို့သည် အခက်ကြုံနေစဉ် ယုသန်းကြီးလိုက်လာသည်ကိုတွေ့လိုက်ရသဖြင့် သူတို့သည် နောက်သို့ဆုတ်သွားကြလေသည်။

ယုသန်းကြီးသည် အာကျိုရှေ့သို့ရောက်ရှိလာပြီး-

"အာကျိ- မင်းနေကောင်းတယ်နော်၊ ပြောစမ်း၊ မင်းကို ဘယ်သူ စော်ကားသေးလဲဟင်"

ယုသန်းကြီးသည်-

ယင်းသို့ပြောရင်း-

သူ၏အကျည်းတန်သောမျက်နှာပေါ်တွင် ဝမ်းသာဂရုစိုက်သောအရိပ်အရောင်များ ပေါ်လွင်နေသည်။

အာကျိကဆ အေးတိအေးစက်ဖြင့်-

"ကျွန်မကိုစော်ကားတဲ့လူရှိရင် ရှင်ကဘာလုပ်မလို့လဲ"

"ဘယ်သူက မင်းကိုစော်ကားသလဲ၊ ပြောစမ်း"

အာကျိက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာရှိတဲ့လူအားလုံး ကျွန်မကိုစော်ကားတယ်၊ သူတို့အားလုံးကို သတ်လိုက်ပါ"

ယုသန်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ယုသန်းကြီးသည် ဝဲယာသို့တစ်ချက်စောင်းငဲ့လိုက်ပြီး-

"ပြောစမ်း- မင်းတို့က ဘယ်သူတွေလဲ၊ အာကျိကို ဘာဖြစ်လို့ စော်ကားကြရတာလဲ"

ဝူးလောက်တက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်သူကမှ သူ့ကိုမစော်ကားပါဘူးကွာ"

ယုသန်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အာကျိက စော်ကားတယ်ပြောရင်၊ ဒါဟာ စော်ကားတာပဲ"



အာကျိက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ ကျွန်မ အခု ကျွန်မရဲ့ခဲအိုနဲ့အတူတူနေရတော့မယ်၊ နောက်လဲ ဘယ်တော့မှမခွဲတော့ဘူး၊ ရှင်သာ ဒီနေရာက အမြန်ဆုံး ထွက်သွားပါ၊ ရှင့်ကိုကျွန်မ ဘယ်တော့မှမတွေ့ချင်တော့ဘူး"

ယုသန်းကြီး ဝမ်းနည်းပက်လက်ဖြစ်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ အာကျိရယ်၊ ကျုပ်ကို ဘယ်တော့မှမတွေ့ချင်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ အခုလို မျက်လုံးမြင်နိုင်တာဟာ ရှင်ပေးခဲ့တာပါ၊ ကျွန်မခဲအိုက ရှင်ဟာ ကျွန်မအပေါ်မှာကျေးဇူးရှိတဲ့အတွက် ရှင့်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံရမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ကျွန်မ လက်မခံဘူး"

ရုတ်တရက် သူမသည် လက်ဆန့်ထုတ်လိုက်ပြီး လက်ချောင်းနှစ်ချောင်းဖြင့် သူမ၏မျက်လုံးအား ကုတ်၍ဆွဲထုတ်ပြီး ယုသန်းကြီးထံသို့ ပစ်ပေးလိုက်သည်။

"ဟောဒီမှာ ရှင်ပေးခဲ့တဲ့မျက်လုံး၊ ရှင်ပြန်ယူသွားပါတော့၊ ရှင်နဲ့ကျွန်မဟာ ဘာမှမပတ်သက်တော့ပါဘူး"

ယုသန်းကြီးသည် မျက်စိမမြင်နိုင်သော်လည်း ဝန်းကျင်မှာရှိနေသောလူများ၏ ထိတ်လန့်ချောက်ချားသောအသံများကို ကြားရလေသည်။

သူသည် မည်သို့ဖြစ်သည်ကို မသိရပါ။

"အာကျိ- အာကျိ- မင်းဘာလုပ်နေတာလဲ"

အာကျိသည် ရှောင်ဖုန်း၏အလောင်းကိုပွေ့ချီ၍ မတ်တတ်

ရပ်လိုက်သည်။

"အစ်ကိုကြီး ကျွန်မ ဘယ်သူ့ကျေးဇူးကိုမှ ဆပ်စရာမလိုတော့ပါဘူး၊ ကျွန်မဟာ အစ်ကိုကြီးနဲ့အတူနေပါ့မယ်လို့ ဆုံးဖြတ်ထားခဲ့တာ၊ အခုတော့ ကျွန်မဆန္ဒပြည့်ဝသွားပါပြီရှင်"

သူမသည် ယင်းသို့ပြောရင်း ရှေ့သို့ဆက်လက်လျှောက်သွားလေသည်။

အားလုံးသောလူများသည် သူမအား မကြည့်ရက်နိုင်တော့ဘဲ တစ်ဘက်သို့မျက်နှာလွှဲလိုက်ကြလေသည်။

အာကျိသည် ရှောင်ဖုန်း၏အလောင်းကိုပွေ့ကာ ခြေဦးတည့်ရာသို့ တစ်လှမ်းချင်းလျှောက်သွားသည်။

ယုသန်းကြီးသည်-

အာကျိ၏ခြေသံကိုကြားလိုက်ရသဖြင့်-

"အာကျိ- အာကျိ မင်းဘယ်သွားမလို့လဲဟင်"

သူသည် ယင်းသို့ခေါ်ရင်း အာကျိနောက်မှ စမ်းတဝါးဝါးဖြင့်လိုက်သွားသည်။

တန့်ဥတို့လူစုသည် အာကျိ၏ရှောင်ဖုန်းအပေါ် ကြီးမားသော မေတ္တာများထားရှိပုံနှင့်-

ယုသန်းကြီးက အာကျိအပေါ် ကြီးမားသောမေတ္တာများထားရှိပုံကိုတွေ့မြင်လိုက်ရသောအခါ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားရလေတော့သည်။

သူတို့သည် အချစ်၏ကျေးကျွန်များဖြစ်ကြသော အာကျိနှင့်ယုသန်းကြီးတို့ကို မကြည့်ရက်နိုင်တော့ပါ။



မည်သူကမှလည်း သူတို့အားဟန့်တားရန် သတိမရကြပါ။

အားလုံးသောလူများသည် မျက်နှာများကို တစ်ဘက်သို့လွှဲထားလိုက်မိကြလေတော့သည်။

အာကျိ၏ခြေလှမ်းများသည် ချောက်ကမ်းပါးနှုတ်ခမ်းရှိရာသို့ဦးတည်၍ တဖြည်းဖြည်းလျှောက်သွားနေလေသည်။

ယုသန်းကြီးသည် အာကျိ၏ခြေလှမ်းများကို နားစွင့်၍လိုက်သွား လေသည်။

ရုတ်တရက်-

အာကျိ၏စူးရှသောအသံတစ်သံသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ထွက်ပေါ်လာသံကိုကြားလိုက်ရသောအခါ-

တန့်ဥတို့သည်-

ကမန်းကတန်း လှည့်ကြည့်မိလိုက်ကြ၏။

အာကျိကို မတွေ့လိုက်ရတော့ပါ။

"အာကျိ မင်းဘာဖြစ်သွားသလဲဟင်"

ယုသန်းကြီးသည် ယင်းသို့အော်ရင်း ရှေ့သို့ပြေးလွှားလိုက်သွားရာ. . .

"အား"

ယုသန်းကြီး၏ ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေတော့သည်။

တန့်ဥတို့လူစုသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြေးလွှားလာကြသည်။

သူတို့သည် ချောက်ကမ်းပါးနှုတ်ခမ်းသို့ ရောက်ရှိလာကြ

သောအခါ နက်ရှိုင်းလှသော ချောက်ကမ်းပါးအောက်တွင် တောင်နိုးတောင်ငွေ့များ ပိတ်ဆို့နေသဖြင့် မည်သည့်အရာကိုမျှ မမြင်တွေ့နိုင်တော့ပါ။

ဆရာတော်'ရှမ်းစု'သည် နက်ရှိုင်းလှသောချောက်ကမ်းပါး အောက်သို့ငေး၍ကြည့်နေရင်း-

သူ၏မျက်လုံးအစုံသည် အနီးရှိကျောက်တုံးကြီးဆီသို့ ရောက်ရှိသွားပြီး မျက်ရည်များသည် မထိန်းနိုင်တော့ဘဲ စီးဆင်းလာလေတော့သည်။

တစ်ချိန်က-

ယင်းနေရာ၌ ကျောင်းထိုင်ဆရာတော်'ရှမ်းစု' က မျိုးချစ်သိုင်းသမားများကိုဦးဆောင်၍တိုက်ခိုက်ခဲ့ကြသည့်အကြောင်းများကို ပြန်လည်သတိရလာလေတော့သည်။



အတန်ကြာမှ ရှမ်းစုသည် တန့်ဥဘက်သို့လှည့်လိုက်သည်။

"ကဲ- ဒါယကာကြီးလဲ တာလိပြည်မှထွက်ခွာခဲ့တာကြာပြီ၊ ပြည်တော်ကို အမြန်ဆုံးပြန်မှဖြစ်ချေမည်"

တန့်ဥက ဦးညွှတ်လိုက်သည်။

"တင့်ပါဘုရား"

ထိုစဉ် ယန်မင်းခံတပ်တံခါးပွင့်သွားသည်။

ခံတပ်စောင့်ကြပ်သောတပ်မှူးက သူတို့ကို ဝင်ခွင့်ပြုလိုက်သဖြင့်-

ကယ်ပါဂိုဏ်းသားလူစုများ၊ ထင်းဆန်းတောင်မှလူစုများ၊ ရှောင်လင်ကျောင်းမှသိုင်းသမားများနှင့် တန့်ဥတို့လူစုများသည် ကိုယ့်လူစုနှင့်ကိုယ် ယန်မင်းခံတပ်သို့ဝင်ရောက်လာပြီး လမ်းခွဲသွားကြလေသည်။

တန့်ဥသည် မုဝမ်းချင်၊ ကြူးလင်၊ ပန်းဝါ၊ ပါထင်းစုတို့နှင့်အတူ တာလိပြည်သို့ပြန်သွားလေသည်။

တာလိပြည်သို့ရောက်ရှိသွားသောအခါ မှူးမတ်များနှင့်တကွ ပြည်သူပြည်သားများက မြို့ရိုးတံခါးဝအထိလာရောက်ကြိုဆိုကြလေသည်။

## မည်သူက မိဖုရားဖြစ်မည်နည်း

တန့်ဥသည် ပြည်တော်ပြန်ပြီး နောက်တစ်နေ့တွင်-
ညီလာခံ ကျင်းပမြှုလုပ်လိုက်သည်။

သူသည် လာရောက်ခစားနေကြသော မုဝမ်းချင်၊ ကြုံးလင်နှင့်ဝမ်းယို့ယန်တို့အား တွေ့မြင်လိုက်ရသဖြင့်-

တစ်ချိန်က-

မိမိ မေတ္တာဝက်ပါထဲ၌ တဝဲလည်လည်ခံစားခဲ့ရသည့် အကြောင်းများအား ပြန်လည်မြင်ယောင်လာလေသည်။

မုဝမ်းချင်ကို သူက ပထမဆုံးမေတ္တာရှိခဲ့သည်။ အရူးအမူးချစ်ခဲ့သည်။

သို့သော်-

သူမသည် သူနှင့် အဖေတူမောင်နှမဖြစ်ခဲ့သည်။

ဒုတိယတဖန် သူသည် ကြုံးလင်အားမေတ္တာမျှခဲ့ပြန်၏။

သို့သော်-

ကြုံးလင်မှာလည်း သူ၏အမေကွဲ ညီမတစ်ယောက်ဖြစ်



ခဲ့ပြန်သည်ကို သိရပြန်၏။

နောက်ဆုံး-

သူသည် ဝမ်းယို့ယန်အား အသေအလဲချစ်ခဲ့သည်။

ဝမ်းယို့ယန်မှာလည်း မိမိ၏ညီမဖြစ်သည်။

သို့သော်-

ယင်းညီမများအား သူ့အနေဖြင့် လက်ထပ်နိုင်သည်ဟု သူ၏မိခင်က ပြောခဲ့သည်။

မှန်ပါသည်။

အပြင်ဘန်းအားဖြင့်ကြည့်လျှင်-

သူချစ်ခဲ့သောမိန်းကလေးများသည် သူ၏အဖေတူ အမေကွဲညီမများဖြစ်ကြသည်။

သို့သော် အမှန်မှာ သူသည် တန့်ကျင်းမင်၏သားအရင်း မဟုတ်ချေ။

သီဟမင်းသား၏ သားအရင်းဖြစ်သည်။

ထို့ကြောင့် သူသည် ထိုမိန်းကလေးများအနက်-
တစ်ယောက်ယောက်ကို လက်ထပ်နိုင်သည်။

သို့သော် ယင်းအချက်သည် လျှို့ဝှက်ချက်ဖြစ်ခဲ့သည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ မသိသော လျှို့ဝှက်ချက်ဖြစ်နေသဖြင့်-

သူသည် ဝမ်းယို့ယန်အပေါ် အသည်းစွဲချစ်ခဲ့သော်လည်း ဘုရင်၏ဂုဏ်သိက္ခာနှင့် မျိုးရိုးကိုထိန်းသိမ်းရမည်မဟုတ်ပါလော။

ထို့ကြောင့်-

သူ၏ဖခင် တန့်ကျင်းမင်စေ့စပ်ထားခဲ့သော မိန်းကလေးနှင့်ပင် လက်ထပ်ကာ မိဖုရားမြှောက်လိုက်ရလေသည်။

ထို့ည-

တာလီဘုရင်တန့်ဥ၏လက်ထပ်မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲ စည်ကားစွာကျင်းပခဲ့သည်။

တိုင်းသူပြည်သားများသည် မီးပုံးများထွန်းညှိပျော်မြူးကြသည်မှာ ဆိုဖွယ်ရာမရှိပါ။

သို့သော် စိတ်ရွှင်လန်းမှုမရှိဘဲ ဝမ်းနည်းကြေကွဲနေသော သူတစ်ယောက်ရှိသည်။

ထိုလူကား ဝမ်းယို့ယန်ပင်ဖြစ်သည်။

သူမသည် မီးရောင်စုံများထိန်လင်းနေသော နန်းတော်မှ ကျောခိုင်းထွက်ခွါခဲ့လေသည်။

ဝမ်းယို့ယန်သည် ခြေဦးတည့်ရာသို့လျှောက်သွား၏။ သူမ၏စိတ်ထဲ၌ မည်သည့်အရာများကို လွမ်းဆွတ်နေမှန်းမသိ၊ လှိုက်လှိုက်လှဲလှဲခံစားနေရသည်။

သူမသည် သူမနေထိုင်ခဲ့သော ပျံလွှားဆိပ်ကမ်းသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။

ယင်းသို့ဆုံးဖြတ်ပြီးသည့်နောက်-

သူမသည် ပျံလွှားဆိပ်ကမ်းရှိရာသို့ ဦးတည်လာခဲ့လေ၏။



လုနှစ်ရက်မြောက်သောနေ့တွင် ပျံလွှားဆိပ်ကမ်းသို့ ချောမောစွာရောက်ရှိလာလေသည်။

ထိုနေရာသို့ရောက်ရှိလာသောအခါ ၎င်း၏မိခင် သခင်မကြီးဝမ်းနှင့် အာပိတို့အား သတိရလ လေ၏။

ထိုစဉ်-

"သခင်မလေး"

ဟုအော်ခေါ်ရင်း မိန်းကလေးတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းယို့ယန်က အသေအချာကြည့်လိုက်သောအခါ အာပိဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေ၏။

"ဟင်- အာပိ၊ မင်းဘယ်တုန်းက ဒီကိုပြန်ရောက်နေတာလဲဟင်"

အာပိသည် ဝမ်းယို့ယန်ပြန်ရောက်လာသည်ကို ဝမ်းသာပီတိဖြစ်သွားသည်။

သူမသည် ဝမ်းယို့ယန်မေးသည်ကို ကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲပျက်သွားလေသည်။

"ကျွန်မစောစောထဲက ပြန်ရောက်နေပါတယ်"

"ဒါနဲ့ ညည်း တောင်ကြားလမ်းက ဒိုင်းခုနစ်ဖော်နဲ့ ဘာဖြစ်လို့ အတူတူမနေခဲ့တာလဲ"

အာပိသည် ခေါင်းငုံ့ထားလိုက်၏။

"ကျွန်မ မပြန်လို့ မဖြစ်လို့ပါ"

ဝမ်းယို့ယန် မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲဟင်"

"ကျွန်မ ပြန်မလာရင် သခင်လေးကိုပြုစုပေးမယ့်လူ မရှိလို့ပါ"

ဝမ်းယို့ယန်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"သခင်လေးဆိုတာ ဘယ်သူ့ကိုပြောတာလဲဟင်"

အာပိက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သခင်လေး မုယုံဟုပေါ့"

ဝမ်းယို့ယန်၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေ၏။

"မုယုံဟု ဟုတ်လား၊ သူဒီကိုပြန်ရောက်နေတယ်"

"ဟုတ်ပါတယ်သခင်မလေး၊ သူပြန်ရောက်လာတာ တစ်လလောက်ရှိသွားပြီထင်ပါတယ်"

"သူ အခုဘယ်မှာလဲဟင်"

အာပိက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သခင်မလေး သူ့ကိုတွေ့ချင်ရင် ကျွန်မလိုက်ပို့ပေးမယ်လေ"

ဝမ်းယို့ယန်က နားမလည်သောမျက်လုံးအစုံဖြင့် အာပိအား ကြည့်လိုက်သည်။

"မှန်မှန်ပြောစမ်းအာပိ၊ သူဘာတွေဖြစ်နေတာလဲ"

အာပိက ဦးညွတ်လိုက်သည်။

"သူဘာဖြစ်နေတယ်ဆိုတာ သခင်မလေးကိုယ်တိုင်လိုက်ကြည့်ရင် နားလည်လာပါလိမ့်မယ်"



ဝမ်းယို့ယန်သည် အနည်းငယ်စဉ်းစားလိုက်ပြီး-

"ကဲ- ဒါဖြင့် ကျုပ်ကိုလိုက်ပို့စမ်း"

"ဟုတ်ကဲ့"

အာပိသည် ဝမ်းယို့ယန်အား ဦးဆောင်၍လမ်းပြခေါ်ဆောင်သွားလေသည်။

ဤနေရာသည်-

လူသူအရောက်အပေါက်နည်းသော သုသာန်တစပြင် ဖြစ်ပေသည်။

ဝမ်းယို့ယန်သည် အဘယ်ကြောင့် မိမိအား ဤနေရာသို့ခေါ်လာသည်ကို နားမလည်လိုက်ချေ။

အာပိသည် သူမအားလှည့်ကြည့်ပြီး လက်ယပ်ခေါ်လိုက်လေသည်။

ထို့နောက် သူမသည် ကြီးမားသောသစ်ပင်တစ်ပင်အား အကာအကွယ်ယူ၍ ရှေ့သို့ညွှန်ပြလိုက်၏။

ဝမ်းယို့ယန်သည် အာပိညွှန်ပြသောနေရာသို့ လှည့်ကြည့်လိုက်ရာ အုတ်ဂူတစ်ခုပေါ်၌လူတစ်ယောက်ကျောပေး၍ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

သူ၏ဦးခေါင်းပေါ်တွင် ဘုရင်များဆောင်းလေ့ရှိသော ဦးသျှောင်တစ်ခုကို ဆောင်းထားသည်။

ထိုစဉ် ကလေးတစ်စု ရယ်ရယ်မောမောဖြင့် ဝင်ရောက်လာသည်ကိုတွေ့လိုက်ရသည်။

ထိုကလေးများသည် ဆယ့်လေးငါးယောက်ခန့်ရှိသည်။ သူတို့သည် ထိုလူရှေ့၌ဒူးထောက်လိုက်ပြီး-

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

ဟု တညီတညွတ်တည်း ကြွေးကြော်လိုက်ကြလေသည်။

ထိုလူက လေးနက်တည်ကြည်စွာဖြင့် ဦးညွတ်လိုက်သည်။

"ဝန်မင်းတို့- "

ဟု အသံရှည်ဖြင့်ခေါ်လိုက်သည်။

"မှန်ပါ့ဖုရား"

ကလေးများက ပြိုင်တူထူးလိုက်ကြသည်။ ထိုလူက လက်တစ်ချက်ဆန့်လိုက်ပြီး-

"ယန်နိုင်ငံပြည်တစ်ခွင်မှာ အေးချမ်းသာယာစွာရှိကြပါရဲ့လား ဝန်မင်းများ"

"ဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုးကြောင့် အားလုံး အေးချမ်းစွာရှိကြောင်းပါဖုရား"

ဝမ်းယို့ယန်သည် မျက်လုံးပြူးကျယ်သွားသည်။ အကြောင်းမှာ ထိုလူသည် မုယ့်ဟုဖြစ်နေသောကြောင့်တည်း။

သူမသည် ကိုယ့်မျက်လုံးကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ အံ့အားသင့်သွားလေသည်။

မုယ့်ဟု၏အသံ ထွက်ပေါ်လာသည်။

"ဝန်မင်းတို့"



"ဖုရား"

ကလေးများက ပြိုင်တူထူးလိုက်ကြသည်။

မုယ့်ဟုသည် ပြုံးလိုက်ပြီး . . .

"တဲ- ညီလာခံကိုရုပ်သိမ်းလိုက်မယ်၊ မနက်ဖြန်မှလာကြဟေ့"

"မှန်ပါ့ဘုရား"

ကလေးများသည် ယင်းသို့သံပြိုင်အော်ဟစ်ရင်း လက်ဝါးကလေးများကို ကိုယ်စီဖြန့်လိုက်ကြသည်။

မုယ့်ဟုကပြုံးပြီး ငွေစကလေးများကိုယူ၍ ကလေးများကို ဝေပေးလိုက်သည်။

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

ကလေးများသည် ငွေစများရကြသဖြင့် ပြိုင်တူအော်ဟစ်လိုက်ကြလေသည်။

မုယ့်ဟု အုတ်ဂူပေါ်မှထလိုက်သည်။

"အေး. . ကျုပ်အခုလို ယန့်နိုင်ငံကိုပြန်လည်ထူထောင်နိုင်တာဟာ ဝန်မင်းတို့ရဲ့အားထုတ်ကြိုးစားမှု ပါတယ်၊ ဒါကြောင့် ဆုလာဘ်များကို ချီးမြှင့်လိုက်တယ်"

"မှန်ပါဖုရား၊ မနက်ဖြန် ညီလာခံတက်ပါဦးမယ်ဘုရား"

ကလေးများသည် ဆူညံစွာအော်ဟစ်ပြီး ထိုနေရာမှ ပြေးလွှားထွက်ခွါသွားကြလေတော့သည်။

ဝမ်းယို့ယန်သည် မုယ့်ဟုမှာ ဘုရင်ရူးရူးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ-

မျက်ရည်များ တဖြိုင်ဖြိုင်ကျဆင်းလာလေသည်။

အာပိသည် သူမလက်ကိုဆွဲလိုက်သည်။

"သခင်မလေး ပြန်ကြပါစို့"

ဟု အသံတိုးတိုးဖြင့်ခေါ်လိုက်သည်။

ဝမ်းယို့ယန်သည် သက်ပြင်းတစ်ချက်ချကာ အာပိနောက်လိုက်သွားလေသည်။

အေးစိမ့်သောလေများ တစ်ချက်ဝှေ့ယမ်းလာလေသည်။

မြေပေါ်မှသစ်ရွက်များသည် လေနှင့်အတူလွင့်ပျံ့သွား၏။

ဝမ်းယို့ယန်၏အတွေးများသည် ရွက်ကြွေပမာ လေထဲလွင့်ပါးသွားလေတော့သည်။

သူမ၏စိတ်ကမ္ဘာထဲမှာလည်း လွမ်းငွေ့များ ဝေဖြာနေပါတော့သတည်း။

ဇာတ်သိမ်းပိုင်း ပြီး၏။

မိုးကျော်သူ